မြန်မာ့အလင်း

အတွဲ (၅၃) အမှတ် (၁၉၉)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက် — ၂၀၁၄ ခုနှစ်၊ မေ ၂၂ ရက်၊ ကြာသပတေးနေ့။

ဒို့တာဝန်အရေး(၃)ပါး

- ❒ ပြည်ထောင်စု မပြိုကွဲရေး။
- ❒ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

သူ့ငွေးချောင်းရေအားလျှပ်စစ်စီမံကိန်းပြီးပါက ရခိုင်ပြည်နယ်တစ်ခုလုံး ဓာတ်အားအပြည့်အဝပေးနိုင်မည်

သူ့ငွေးချောင်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။

နေပြည်တော် မေ ၂၁

သူ့ငွေးချောင်းရေအားလျှပ်စစ်စီမံကိန်းသည် စက်တပ်ဆင်အင်အား(၁၁၁)မဂ္ဂါဝပ်ရှိပြီး နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် လျှပ်စစ်ဓာတ်အား(၃၈၆)ကီလိုဝပ် နာရီသန်းပေါင်းဖြစ်သည်။ စီမံကိန်းပြီးစီးပါက ရခိုင်ပြည်နယ်တစ်ခုလုံးအား လျှပ်စစ်ဓာတ်အားအပြည့်အဝပေးနိုင်မည့်အပြင် နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားကိုလည်းဖြည့်စွမ်းပေးနိုင်မည့်စီမံကိန်းဖြစ်ပြီး ယခုအချိန်တွင် စီမံကိန်းတစ်ခုလုံး၏(၃၄) ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် တာဝန်ရှိသူများနှင့်အတူ မေ ၂၀ ရက် နံနက် ၁၀ နာရီက သူ့ငွေးချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရေထိန်းစည်တူးဖော်ရာ၌ ကျောက်သားအနေအထားအရ အန္တရာယ်ရှိနိုင်သဖြင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး ဂရုစိုက်ရန်၊ *စာမျက်နှာ ၃ ကော်လံ ၅* ✳

စီမံကိန်းများပြီးစီးပါက စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ဘူးသီးတောင်၊ မောင်တော၊ အမ်း၊ တောင်ကုတ်၊ သံတွဲ၊ မအီ၊ ကျောက်ဖြူ၊ ရမ်းဗြဲမြို့များနှင့် မဒဲကျွန်းသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည်

ရထားစီးခရီးသွားပြည်သူများ လုံခြုံချောမွေ့စွာသွားလာနိုင်ရေး ရထားသံလမ်းအဆက်များ ဂဟေဆက်လုပ်ငန်းများ ဆောင်ရွက်

ဖြူး မေ ၂၁

မြန်မာ့မီးရထားဌာနသည် ရထားများ လုံခြုံချောမွေ့စွာသွားလာနိုင်ရေးအတွက် ရထားလမ်းများကို စဉ်ဆက်မပြတ် ခေတ်မီနည်းပညာများဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်-မန္တလေးရထားလမ်းပိုင်၊ တိုင်းအမှတ်(၆)နယ်မြေအတွင်းရှိ ရထားလမ်းများအား စက်အား၊ လူအားဖြင့် ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်များတွင် သံလမ်းအဆက်များကို ဂဟေဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ယခုပြေးဆွဲနေသော ရထားများ ခုတ်မောင်းနေစဉ်ခုန်ခြင်း၊ လူးခြင်းဖြစ်ရန် အားအနည်းဆုံးနေရာများမှာ သံလမ်းအဆက် နေရာများဖြစ်ပြီး တစ်မိုင်လျှင် တစ်ဖက် ၁၃၆ ဆက်ရှိ၍ သံလမ်းနှင့်နှစ်ဖက်ပေါင်း ၂၇၂ ဆက်ရှိရာ မြန်မာ့မီးရထားမှ သံလမ်းသုံးချောင်းကို ဂဟေဆက်ပြီးသံလမ်းလေးဆက်တွင် အဆက်တစ်ဆက်သာရှိတော့မည်ဖြစ်၍ သံလမ်းတစ်မိုင်လျှင် ၃၄ဆက် နှစ်ဖက်လျှင် ၆၈ ဆက်သာရှိအောင် ဆောင်ရွက်လျက်ရှိသည်။

မီးရထားသံလမ်း ဂဟေဆက်ခြင်းကို Flash butt welding ဖြင့် ဆက်ခြင်းနှင့် Thermit welding နည်းဖြင့် ဂဟေဆက်ခြင်း နည်းလမ်းနှစ်မျိုးဖြင့် ဆောင်ရွက်လျက်ရှိရာ Flash butt နည်းဖြင့် ဂဟေဆက်ခြင်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တောကွဲ့အင်းဘူတာနှင့် ဖြူးမြို့နယ် ကညွတ်ကွင်းဘူတာတွင် ၄ ဒသမ ၀၈ မိုင်နှင့် ကညွတ်ကွင်း၊ ညောင်ပင်သာဘူတာကြား ၅ ဒသမ ၅၇ မိုင် စုစုပေါင်း ၉ ဒသမ ၆၅ မိုင်ရှိ သံလမ်းများကို ဂဟေဆက်ပြီးဖြစ်သည်။

ယခုအခါ မီးရထားများ ခုတ်မောင်းစဉ် သံလမ်းခုန်ခြင်း၊ ဆောင့်ခြင်း၊ လူးခြင်းဖြစ်သည့်နေရာများကို ရွေးချယ်၍ Thermit welding နည်းဖြင့် ဂဟေဆက်ခြင်းလုပ်ငန်းကို ၂၈-၃-၂၀၁၄ ရက်နေ့မှစ၍ ပထမဦးစားပေး အဆက် ၉၀၀ ဂဟေဆက်ခြင်း *စာမျက်နှာ ၉ ကော်လံ ၇* ✳

CHINT
CHINT ELECTRIC
www.chint.net

ELECTRIC UNIVERSE CO.,LTD.
မှ
CHINT ELECTRIC Show Room ကို
အမှတ်(95/A)ဝေဇယန္တာလမ်း၊ ပါရမီလမ်းနှင့် သစ္စာလမ်းကြား၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အသစ်ထပ်မံ
ဖွင့်လှစ်လိုက်ပါသည်။
ဆက်သွယ်ရန်ဖုန်း - 01- 577755, 569416

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

နောင်တ တရား

ပြီးခဲ့သည့်သင်္ကြန်ရက်များအတွင်း ယာဉ်မတော်တဆမှုများကြောင့် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပါသည်။ မော်တော်ယာဉ်တစ်စီးနှင့်တစ်စီး၊ မော်တော်ယာဉ်နှင့်ဆိုင်ကယ်၊ မော်တော်ယာဉ်နှင့်လူ စသည်ဖြင့် ယာဉ်မတော်တဆမှုများဖြစ်ပွားခဲ့ပါသည်။ ဤသို့မော်တော်ယာဉ်မတော်တဆမှုများကြောင့် ထိခိုက်ဒဏ်ရာရသူများစွာရှိသကဲ့သို့ သေကျေမှုများလည်းဖြစ်ပွားခဲ့ပါသည်။

ထိုသို့ ယာဉ်မတော်တဆဖြစ်ရခြင်း၏ အဓိကအကြောင်းအရင်းသည်ကား မူးယစ်သောက်စား၍ ယာဉ်မောင်းခြင်းနှင့် ယာဉ်စည်းကမ်းလိုက်နာမှုအားနည်းခြင်းတို့ကြောင့် ဖြစ်ရသည်ဆိုလျှင် မည်သူမျှ ငြင်းနိုင်မည်မဟုတ်ပါ။ သင်္ကြန်မတိုင်မီကပင် သက်ဆိုင်ရာက သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ထားသော်လည်း သတိမူလိုက်နာမှုအားနည်းခြင်းမှာ ဝမ်းနည်းဖွယ်ရာပင်ဖြစ်ပါသည်။ ဆိုးကျိုးတစ်စုံတစ်ရာဖြစ်မည်ကိုသိလျက်နှင့် ဖွတ်တိုးလုပ်ခြင်းမှာ လွန်စွာမိုက်မဲလှပါသည်။ သတိပြုနောင်တရစရာများပင် ဖြစ်ပါသည်။

နောင်တဟူသည် နောင်မှရတတ်သည်ဆိုခြင်းမှာလည်း မကောင်းပါ။ နောင်တမဖြစ်ရလေအောင် ဆင်ခြင်တုံတရားများဖြင့်လုပ်ကိုင်ဆောင်ရွက်သင့်ပေသည်။ လောက၌အသိတရားရှိလျက်မိုက်မဲခြင်းနှင့် အသိတရားမရှိ၍ မိုက်မဲမိခြင်းကား မတူပါ။ အသိတရားရှိ၍ မိုက်မဲမိခြင်းမှာ ပို၍ဆိုးရွားလှပါသည်။ သင်္ကြန်ကာလအတွင်း သက်ဆိုင်ရာအသိပေးနှိုးဆော်မှုများရှိသော်လည်း အသိတရားဖြင့်ဆင်ခြင်နိုင်မှု အားနည်းမှုများကြောင့် အဖြစ်ဆိုးနှင့် ကြုံရခြင်းများက မီးမောင်းထိုးပြနေသည်။ ပိုးဖလံမျိုး မီးကိုတိုးသကဲ့သို့ ဖြစ်ရပေလိမ့်မည်။

မျက်မှောက်ခေတ်တွင် အချို့ပုဂ္ဂိုလ်များသည် မိမိလုပ်သောအလုပ်မှာ မကောင်းမှန်းသိလျက်နှင့် ရှေ့တိုးလုပ်တတ်ကြသည်။ မကောင်းသောအလုပ်၊ အများလက်မခံသောအလုပ်၊ ဥပဒေကခွင့်မပြုသောအလုပ်တို့အပေါ် ရှေ့တိုးမလုပ်သင့်ကြောင်း သိပင်သိငြားသော်လည်း သတိလက်လွတ်နေတတ်ကြပေသည်။ မှားယွင်းသောအလုပ်ကို ဆက်တိုက်ပြုလုပ်တတ်ကြသည်။

ဤသို့မှားယွင်းသောအလုပ်တို့ကို ဆက်တိုက်ပြုလုပ်ခြင်းမှ နောင်တမရစေလိုပါ။ လမ်းမှားတွေ့လျှင် လမ်းမှန်ကိုလျှောက်နိုင်ရမည်ဖြစ်ပါသည်။ လမ်းမှန်လျှောက်ခြင်းဖြင့်လမ်းကောင်းတွေ့နိုင်ပါမည်။ အခက်အခဲများ၊ ပြဿနာများနှင့် ဒုက္ခများမှကင်းဝေးနိုင်ပါသည်။ နောင်တတစ်ဖန်ပူပန်ခြင်းမှ ကင်းဝေးသက်သာစေနိုင်ပါသည်။

သို့ပါ၍ သင်္ကြန်ကာလအတွင်းဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုများသည် ကျွန်ုပ်တို့အားလုံးအတွက် သင်ခန်းစာရယူဖွယ်ရာပင်ဖြစ်ပါသည်။ သတိပေးနှိုးဆော်မှုများ၊ တိုက်တွန်းချက်များ၊ စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြမည်ဆိုလျှင် အန္တရာယ်ကင်းဘေးရှင်းကြမည် ဖြစ်ပါသည်။ နောင်တတစ်ဖန်ပူပန်ခြင်းမှ ကင်းဝေးကြမည်ဖြစ်ပါသည်။ သောကများကင်းဝေးနိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

မဟာဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်မီးပို့လွှတ်ဖြန့်ဖြူးတော့မည်

မိုးညှင်း ဧပြီ ၂၁

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီး ကျေးလက်ဒေသများသို့ မဟာဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးနိုင်ရန် ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ တည်ဆောက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းရုံးမှ သိရသည်။

"ဟိုပင်မြို့မှာ 66/33KV 10 MVA ဓာတ်အားခွဲရုံတည်ဆောက်နေတာ ၂၀ ရာခိုင်နှုန်းပြီးနေပြီ၊ 33KV ဓာတ်အားလိုင်း ၄၈ မိုင်ကတော့ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်တယ်"ဟု မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးလှကျော်က ပြောသည်။

မိုးညှင်းမြို့နယ် ဟိုပင်ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ တည်ဆောက်ပြီးစီးပါက အင်းတော်ကြီးရွှေမဉ္ဇူ ရေလယ်ဘုရား အပါအဝင် အင်းအရှေ့ဘက်ခြမ်းကျေးရွာ ခုနစ်ရွာနှင့် အင်းအနောက်ဘက်ခြမ်းကျေးရွာ ၁၁ ရွာသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်မီးပို့လွှတ်ဖြန့်ဖြူးပေးမည် ဖြစ်ကြောင်းနှင့်

ခွင့်ပြုရန်ပုံငွေအပေါ် မူတည်၍ 33/0.4 KV ထရန်စဖော်မာများကိုပါ ဖြည့်ဆည်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးအတွက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ် ဦးအုန်းဇော်၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထောင်းဇိုခိုင်၊ မဟာဓာတ်အား(လိုင်းမှူး)ဦးထူးလှိုင်ထွန်းတို့က ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

ဖြန့်ဖြူးပေး

ယခုလက်ရှိ အခြေအနေအရ နိုင်ငံပိုင်ဓာတ်အားစနစ်မှ နိုင်ငံအတွင်းရှိ အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းကိုသာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်သေးပြီး ကျေးရွာပေါင်း ၄၂၀၀၀ ခန့် ကျန်ရှိနေသေးကြောင်း။ နိုင်ငံပိုင် ဓာတ်အားစနစ်ကို အချိန်တိုအတွင်း လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်ရန် အခက်အခဲရှိသဖြင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပါဝင်လာစေရေးအတွက် ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ ထုတ်ပြန်ပြောကြားချက်အရ သိရသည်။

ကျော်စိုးလေး

တောင်ငူမြို့၌ သက်ကြီးပူဇော်ပွဲကျင်းပ

တောင်ငူ ဧပြီ ၂၁

တောင်ငူမြို့(၁၈)ရပ်ကွက် ပရဟိတလူငယ်များအသင်းက ကြီးမှူး၍ ဒုတိယအကြိမ် လူမျိုးမရွေး ဘာသာမရွေးသက်ကြီးပူဇော်ပွဲအခမ်းအနားကို ဧပြီ ၂၀ ရက် ညနေ ၆ နာရီက (၁၈)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးဘေး၌ ကျင်းပရာ ရပ်ကွက်နေပြည်သူများ၊ အလှူရှင်များနှင့် အသင်းသားများ၊ ကန်တော့ခံအဘိုးအဘွား ၂၂ ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကျင်းပရသည့်အကြောင်းကို အသင်းသားတစ်ဦးက ရှင်းလင်းပြောကြားပြီး အဘိုးအဘွား ၂၂ ဦးအား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့သည်။ ယင်းနောက် ကန်တော့ခံအဘိုးတစ်ဦးက ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

သူရ(တောင်ငူ)

အပူပိုင်းဒေသ စိမ်းစိုဖို့ သစ်တော သစ်ပင်တွေ ထိန်းသိမ်းစို့

မိုးညှင်းခရိုင်အတွင်း GSM မိုဘိုင်းစခန်းအသစ်များ ထပ်မံတိုးချဲ့တပ်ဆင်ရန် ဆောင်ရွက်လျက်ရှိ

မိုးညှင်း ဧပြီ ၂၁

ကချင်ပြည်နယ် မိုးညှင်းခရိုင်အတွင်း မိုဘိုင်းဆက်သွယ်မှု အသုံးပြုသူများ ပိုမိုအဆင်ပြေကောင်းမွန်စေရန် GSM မိုဘိုင်းစခန်းသစ်များ ထပ်မံတိုးချဲ့ တပ်ဆင်ခြင်း လုပ်ငန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ် မန်နေဂျာ ဦးအောင်ဖြိုးမြတ်က ပြောသည်။

GSM/UMTS တိုးချဲ့စီမံကိန်းအရ ကချင်ပြည်နယ်၌ ထပ်မံတည်ဆောက်မည့် မိုဘိုင်းစခန်း ၂၀ အနက် မိုးညှင်းခရိုင်တွင် GSM စခန်း ၁၁ ခု ပါဝင်ပြီး ၎င်းတို့မှာ မိုးကောင်း၊ ပင်းဘော၊ ဆားမှော်၊ ဖားကန့်၊ ဆယ်ဇင်း၊ ဘီလူး၊ နန်းမား၊ အင်းတော်ကြီး (လယ်ပုံလေး)၊ မော်ဟဲ၊ မိုးညှင်းနှင့် ဟိုပင်တို့ဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိ မိုးညှင်းခရိုင်အတွင်း GSM စခန်း ၁၅ ခုနှင့် CDMA-450 MHz စခန်း ရှစ် ခု တပ်ဆင်ထားရှိပြီး MEC-800 အပါအဝင် ရောင်းချပြီးသော ဖုန်းလိုင်းအင်အားမှာ ၅၅၀၆၀ ရှိကြောင်း ကချင်ပြည်နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ထုတ်ပြန်ချက်အရ သိရသည်။

"လစဉ် တန်ဖိုးနည်းဆင်းကတ်တွေ အများကြီးရောင်းချပေးနေပြီး ဖားကန့်မှာ မိုဘိုင်းဆက်သွယ်မှု ခက်တယ်၊ မော်ဟန်ဒေသမှာ ပြောဆိုလို့မရဘူး၊ အင်းတော်ကြီးမှာ ပြည်တွင်း၊ ပြည်ပဆွေ့သည် အဝင်အထွက်ရှိတယ်၊ အဲဒီဒေသတွေမှာ မိုဘိုင်းဆက်သွယ်မှု ကောင်းမွန်အောင် ဆောင်ရွက်ပေးဖို့လိုမယ်"ဟု မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးက ပြောကြားသည်။

မိုးညှင်းခရိုင်အတွင်း GSM မိုဘိုင်းစခန်းများ တိုးချဲ့တပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်းကို Kinetic Myanmar Technology Co.Ltd က ယခုနှစ် မေလအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယခုအခါ စက်ပစ္စည်းများ သယ်ယူပို့ဆောင်တပ်ဆင်နေပြီဖြစ်ကြောင်း သိရသည်။

"မိုဘိုင်းစခန်းအသစ်တွေ တိုးချဲ့တပ်ဆင်ပြီးရင် လိုင်းကျပ်တာ၊ လိုင်းပြတ်တောက်တာတွေ လျော့နည်းသွားမယ်၊ အရင်ကထက် မိုဘိုင်းဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံမှု ပိုပြီးကောင်းသွားမယ်"ဟု မိုးညှင်းမြို့နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (အော်တို၊ မိုဘိုင်းတာဝန်ခံ) ဦးခင်ဇော်က ပြောသည်။ **ကေဆိုင်းနော်(ဖားကန့်)**

ဆားလင်းကြီး ဧပြီ ၂၁

ဆားလင်းကြီးမြို့နယ် ဘုတ်စုကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများတွင် ကျန်းမာရေးအတွက် သွားရေးလာရေးအခက်အခဲများကို ကူညီဖြေရှင်းနိုင်စေရန် ရည်ရွယ်၍ ဘုတ်စုကျေးရွာလူမှုကူညီရေးအသင်းအတွက် အသင်းပိုင်ကားတစ်စီး ဝယ်ယူနိုင်စေရန် ဆရာတော်အရှင်ပဏ္ဍိတ (အမရပူရ) M.A (Buddhist Studies) (သီရိလင်္ကာ) မဟာစည်နယ်လှည့်ဓမ္မကထိကမှ ဆားလင်းကြီးမြို့ မြို့နယ်ခန်းမအတွင်း၌ တရားပွဲချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါတရားပွဲမှ ရရှိလာသော ဓမ္မပူဇာ အလှူငွေများကို တရားဟောဆရာတော် အရှင်ပဏ္ဍိတက ဘုတ်စုကျေးရွာလူမှုကူညီရေးအသင်းသို့ အသင်းပိုင်ကားဝယ်ယူနိုင်ရန် ပေးအပ်လှူဒါန်းသွားမည် ဖြစ်ကြောင်း ဘုတ်စုကျေးရွာအုပ်ချုပ်ရေးမှူး ဦးဘိုကြည်ထံမှ သိရှိရသည်။

ပြည်တွင်းသတင်း

လူမှုကူညီရေးအသင်း မော်တော်ယာဉ်ဝယ်ယူရေး တရားအလှူကျင်းပ

အသင်းပိုင်ကား ဝယ်ယူရေးအတွက် ဧပြီ ၁၉ ရက် ညက အလှူခံရရှိငွေကျပ်မှာ ၁၅၈၀၀၀ နှင့် ဧပြီ ၂၀ ရက် ညက အလှူခံရရှိငွေကျပ် ၁၅၀၆၀၀ ဖြစ် ပြီး စုစုပေါင်း အလှူခံရရှိ ငွေကျပ် ၃၀၈၆၀၀ တိတိကို မတည်ငွေထား၍ ဘုတ်စုကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ရွာများတွင် ဆက်လက် အလှူခံသွားမည်ဖြစ်ကြောင်း သိရှိရသည်။ စေတနာရှင် မိဘပြည်သူများအနေဖြင့် ဘုတ်စုကျေးရွာ လူမှုကူညီရေးအသင်းအတွက် ဆက်သွယ်လှူဒါန်းလိုပါက ဘုတ်စု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဘိုကြည် ဖုန်း ၀၉-၄၇၂၀၄၃၅၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သိရှိရသည်။

ဦးငယ်(ဆားလင်းကြီး)

စာတတ်မြောက်ရေးလှုပ်ရှားမှုများ တိုင်းဒေသကြီးဝန်ကြီးချုပ်အားပေး

မန္တလေး ဧပြီ ၂၁

မန္တလေးတိုင်းဒေသကြီးအတွင်းဆောင်ရွက်နေသော ၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုများကို ဧပြီ ၁၉ ရက် မွန်းလွဲ ၁၂ နာရီခွဲက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသော ဦးအောင်မောင်း၊ ဦးမြင့်သန်း၊ ဒေါက်တာဝင်းလှိုင်၊ တိုင်းဒေသကြီး ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများသည် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် တောမရွာစာသင်ဝိုင်းနှင့် မြို့ဝန်ကုန်းရွာ စာသင်ဝိုင်းတို့တွင် အခြေခံစာတတ်မြောက်ရေးအတွက် သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။ ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စဉ့်ကိုင်မြို့နယ် တောမရွာရှိ ဦးကျော်ကျော်ဝေ၏နေအိမ်စာသင်ဝိုင်းသို့ရောက်ရှိကြပြီး အခြေခံစာတတ်မြောက်ရေးအတွက် သင်ကြားနေမှုများကို ကြည့်ရှုအားပေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် စဉ့်ကိုင်မြို့နယ် မြို့ဝန်ကုန်းရွာတွင် ဦးလှဘော်၏ နေအိမ်ရှိ စာသင်ဝိုင်းသို့ရောက်ရှိကြပြီး အခြေခံစာတတ်မြောက်ရေးအတွက် သင်ကြားနေမှုများကို ကြည့်ရှုအားပေးကာ ဆရာမများနှင့် စာသင်သားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ စဉ့်ကိုင်မြို့နယ်အတွင်း အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် စာသင်ဝိုင်း ၂၀၀ ဖွင့်လှစ်ထားပြီး သင်တန်းနည်းပြများအဖြစ် တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများဖြင့် ပို့ချလျက်ရှိကာ ဒေသခံ လုပ်အားပေးအခြေခံဆရာ ဆရာမများကို ကြီးကြပ်သူအဖြစ် တာဝန်ပေးအပ်ခဲ့သည်။ စာသင်ဝိုင်းတစ်ဝိုင်းလျှင် သင်ယူသူ ၁၀ ဦးသတ်မှတ်၍ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ကျေးရွာနေပြည်သူများ အသိအမြင်ဗဟုသုတကြွယ်ဝရေး နေ့စဉ်ထုတ်သတင်းစာများဖတ်ရှုနိုင်ရန် အလှူငွေများပေးအပ်

မန္တလေး ဧပြီ ၂၁

နေ့စဉ်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ရှောက်ပင်ရိုးကျေးရွာအုပ်စု အတွင်းရှိ ကျည်တောက်ပေါက်၊ ကံတောင်၊ ကျောက်ချောင်း၊ ပိတောက်ချပ်၊ ငါးပြားပေးနှင့် လက်ပန်လှကျေးရွာအုပ်စုမှ ဒေသခံများ တစ်နှစ်ပတ်လည် ဖတ်ရှုနိုင်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၂၀ ရက် နံနက် ၁၀ နာရီက ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(မန္တလေး) ရုံးခန်း၌ကျင်းပသည်။

ဆက်လက်လှူဒါန်း

စဉ့်ကူးမြို့နယ်အတွင်းရှိ လက်ပန်လှကျေးရွာသို့ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ ၁၅ စောင်စီ၊ ကျည်တောက်ပေါက်၊ ကံတောင်၊ ကျောက်ချောင်း၊ ပိတောက်ချပ်၊ ငါးပြားပေးရွာတို့သို့ မြန်မာ့အလင်းနှင့် ကြေးမုံ ၁၀ စောင်စီ စုစုပေါင်း မြန်မာ့အလင်း ၆၅ စောင်နှင့် ကြေးမုံ ၆၅ စောင်တို့ကို မေ ၁ ရက်မှစ၍ နေ့စဉ်တစ်နှစ်တိတိ ပေးလှူသွားမည်ဖြစ်ပြီး လှူဒါန်းရရှိသော နေ့စဉ်သတင်းစာများကို ကျေးရွာစာကြည့်တိုက်များ၊ အခြေခံပညာကျောင်းများ၊ ဆရာ ဆရာမများ၊ ဘုန်းတော်ကြီးကျောင်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများသို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်သည်။ ဆက်လက်၍လည်း ပျော်ဘွယ်၊ ကောလင်း၊ ဝန်းသိုမြို့နယ်များရှိ ကျေးရွာများသို့လည်း ဆက်လက်လှူဒါန်းသွားမည် ဖြစ်သည်။

ဂုဏ်ပြုစကားပြောကြား

ဒေသခံပြည်သူများ အသိပညာ ဗဟုသုတတိုးပွားစေရန် အလို့ငှာ နေ့စဉ်သတင်းစာများ ဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်ချက်ဖြင့် လှူဒါန်းခြင်းဖြစ်ကြောင်း အလှူရှင် မုဒိတာဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် နစ်နာသူများအား အခမဲ့ကူညီရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ၊ ထက်ရည်လင်း၊ သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဗိုလ်ကြီးဌေးကို (အငြိမ်းစား)ကရှင်းလင်းပြောကြားပြီး အလှူငွေကျပ် ၂၄ သိန်းကို ပေးအပ်လှူဒါန်းရာ **(အပေါ်ပုံ)** မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကံတောင်ကျေးရွာ တာဝန်ခံ ဦးစိုးနိုင်နှင့် ကျည်တောက်ပေါက်ကျေးရွာ စာကြည့်တိုက်မှူး ဒေါ်ခိုင်ဇင်ဝင်းတို့က လက်ခံ၍ အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ထို့နောက် ငါးပြားပေးကျေးရွာ လူငယ်တာဝန်ခံ ဦးလှမြင့်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်တင်တင်နုက ဝမ်းမြောက်ဂုဏ်ပြုစကား ပြောကြားသည်။

တင်မောင်(မန္တလေး)

❋ ရှေ့ဖုံးမှ

ရေသွယ်ဥမင်လိုဏ်များ တူးဖော်ရာတွင်းလည်း ဥမင်လိုဏ်မပြိုကျစေရေးနှင့် အလုပ်သမားများ ထိခိုက်အန္တရာယ်မရှိစေရေး ဂရုစိုက်ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်ယန္တရားကြီးများဖြင့် ရေထိန်းစည်တူးဖော်နေမှု၊ အမှတ်(၁) ရေသွယ်ဥမင်လိုဏ် တူးဖော်နေမှုနှင့် ပင်မတမံအုတ်မြစ်လုပ်ငန်းများတွင် စိမ့်ရေတားနံရံဆောင်ရွက်နေမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် တောင်ကုတ်ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် ပြည်ထောင်စုဝန်ကြီးက တောင်ကုတ်မြို့နယ်နှင့်သံတွဲမြို့များသို့ လာမည့် ဇွန်လအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် ဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်လျက်ရှိသောစီမံကိန်းများကို ယခုနှစ် ဒီဇင်ဘာလမတိုင်မီ ပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ကုတ်ပင်မဓာတ်အားခွဲရုံ Control Building နှင့် Switch Yard အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သံတွဲဓာတ်အားခွဲရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော နိုင်ငံတော်ဓာတ်အားစနစ်နှင့် ဆက်သွယ်ဆောင်ရွက်မည့် စီမံကိန်းများပြီးစီးပါက စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ဘူးသီးတောင်၊ မောင်တော၊ အမ်း၊ တောင်ကုတ်၊ သံတွဲ၊ မအီ၊ ကျောက်ဖြူ၊ ရမ်းဗြဲမြို့များနှင့် မဒဲကျွန်းသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပြီး အိန္ဒိယနိုင်ငံချေးငွေ၊ တရုတ်နိုင်ငံမှ လှူဒါန်းငွေ၊ နိုင်ငံပိုင်နိုင်ငံခြားငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀၂ ဒသမ ၄ သန်းနှင့် ပြည်တွင်းငွေကျပ် သန်းပေါင်း ၈၈၅၀၈ သန်း နိုင်ငံတော်မှ သုံးစွဲဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာပေမြင့်မှ လူမျိုးတင့်မည်

မိုးဦး၊ လေဦးကာလ သတိပေးချက်

နေပြည်တော် ဧပြီ ၂၁

(က) မြန်မာနိုင်ငံအရပ်ရပ်တွင် အနောက်တောင်မုတ်သုံရာသီ မကျရောက်မီ မိုးဦး၊ လေဦးကာလအတွင်း နေ့အပူချိန်များ မြင့်တက်လာရာမှ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်ပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများ တိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပါသည်။

(ခ) သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မုတ်သုံရာသီမကျရောက်မီ မိုးဦး၊ လေဦးကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များအား အထူးဂရုပြုနေထိုင်သွားကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

နိုင်ငံတကာသတင်း

ယီမင်ဒေသ၌ အယ်လ်ခိုင်ဒါများအား ပစ်မှတ်ထားသော စစ်ဆင်ရေးဆင်နွှဲ

ယီမင် ဧပြီ ၂၁

အာရေဗျကျွန်းဆွယ်ဒေသတွင်း အယ်လ်ခိုင်ဒါစစ်သွေးကြွများအား ပစ်မှတ်ထားသော စစ်ဆင်ရေးတစ်ရပ်ကို Abyan၊ ရှဗ်ဝါနှင့် ယီမင်ဒေသတို့တွင် ဆင်နွှဲလျက်ရှိကြောင်း စစ်ဆင်ရေးတွင်ပါဝင်သူ ယီမင်ဒေသ အဆင့်မြင့်အစိုးရအရာရှိတစ်ဦးက ယနေ့ပြောကြားလိုက်သည်။

၎င်းအရာရှိ ပြောကြားချက်အရ ယခုကဲ့သို့ အာရေဗျကျွန်းဆွယ်ရှိ အယ်လ်ခိုင်ဒါများအား ပစ်မှတ်ထားစစ်ဆင်မှုသည် မကြုံစဖူး အုံလိုက်ကျင်းလိုက် ဆင်နွှဲနေခြင်းဖြစ်ပြီး ၎င်းစစ်ဆင်ရေးက အနည်းဆုံးစစ်သွေးကြွ ၃၀ တို့အား ချေမှုန်းနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ ၎င်းစစ်ဆင်ရေးထဲတွင် ယီမင်ကွန်မန်ဒိုများလည်း ပါဝင်လျက်ရှိပြီး အယ်လ်ခိုင်ဒါအဖွဲ့၏ ထိပ်သီးများအား ပစ်မှတ်ထားဆင်နွှဲလျက်ရှိသည်ဟု ၎င်းအရာရှိက ထပ်မံပြောကြားခဲ့သည်။

အစောပိုင်းကလည်း ယီမင်ဒေသရှိ အယ်လ်ခိုင်ဒါများအား ပစ်မှတ်ထားသော သံသယဖြစ်ဖွယ် ဒရုန်းလေယာဉ်တိုက်ခိုက်မှု နှစ်ရက်အတွင်း ဒုတိယအကြိမ်မြောက် တိုက်ခိုက်မှုရှိခဲ့ပြီး အနည်းဆုံးဦးရေ တစ်ဒါဇင် သေဆုံးသွားခဲ့ရသည်ဟု ဆိုသည်။

ပြီးခဲ့သည့် တနင်္ဂနွေနေ့က စီးနင်းတိုက်ခိုက်မှုသည် အမေရိကန်၊ ယီမင်ပူးတွဲစစ်ဆင်ရေးတစ်ရပ်ဖြစ်သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားထားပြီး ၎င်းတိုက်ခိုက်မှုတွင် ဒရုန်းလေယာဉ်များ အသုံးပြု/မပြုကိုမူ အတည်မပြုထားပေ။ သို့သော် အမေရိကန်နိုင်ငံသည် ယီမင်ဒေသတွင် ဒရုန်းလေယာဉ်များဖြင့် တိုက်ခိုက်မှုပြုလုပ်သည့်နိုင်ငံဟု သိထားကြပြီး ယခုအကြိမ် တိုက်ခိုက်မှုနှင့် ပတ်သက်၍မူ အမေရိကန်ဘက်မှ တစ်စုံတစ်ရာပြောကြားထားခြင်း မပြုထားချေ။ **(ဆင်ဟွာ)**

နစ်မြုပ်သင်္ဘောမှ ဝန်ထမ်းများ၏လုပ်ရပ်သည် လူသတ်မှုလုပ်ရပ်တစ်ခုဖြစ်သည်ဟု တောင်ကိုရီးယားသမ္မတပြောကြား

ဆိုးလ် ဧပြီ ၂၁

လူရာပေါင်းများစွာတို့အား ဝမ်းနည်းပူဆွေးစေခဲ့သော ပြီးခဲ့သည့် သီတင်းပတ်က ကိုရီးယားကူးတို့သင်္ဘောနစ်မြုပ်မှုဖြစ်စဉ်မှ သင်္ဘောကပ္ပတိန်နှင့်အဖွဲ့သားများ၏လုပ်ရပ်သည် လူသတ်မှုဆန်သောလုပ်ရပ်တစ်ခုဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတပက်ဂွန်ဟေးက ယနေ့ ပြောကြားလိုက်သည်။ အာဏာပိုင်များက သင်္ဘောမှ အရာရှိလေးဦးအား ဖမ်းဆီးထားပြီးလည်း ဖြစ်သည်။

ပြီးခဲ့သည့် ဧပြီ ၁၆ ရက်က ဖြစ်ပေါ်ခဲ့သော အဆိုပါကူးတို့သင်္ဘောနစ်မြုပ်မှုတွင် သေဆုံးသူ ၆၄ ဦးရှိပြီဟု အတည်ပြုနိုင်ခဲ့ပြီး အခြား ၂၃၈ ဦးမှာ ပျောက်ဆုံးနေဆဲပင်ဖြစ်သည်။ ကူးတို့သင်္ဘောပေါ်ပါ ခရီးသည် အများစုမှာ အထက်တန်းကျောင်းသားအရွယ် ကလေးငယ်များဖြစ်သည်ဟု သိရသည်။

မျက်မြင်သက်သေများပြောကြားချက်အရမူ သင်္ဘောနစ်မြုပ်ပြီး ခရီးသည်များ ဒုက္ခရောက်နေစဉ် သင်္ဘောကပ္ပတိန်အပါအဝင် ရေယာဉ်အမှုထမ်းများစွာတို့သည် သင်္ဘောကိုစွန့်ခွာထွက်ပြေးခဲ့သည်ဟု သိရသည်။ ထို့ကြောင့် သင်္ဘောကပ္ပတိန် လီဂျုန်ဆူး (၆၉နှစ်)အပါအဝင် အခြားအဖွဲ့ဝင်များကို တာဝန်မဲ့မှုဖြင့် ဖမ်းဆီးထားပြီးဖြစ်သည်။

၎င်းသင်္ဘော ဝန်ထမ်းများ၏ ရေယာဉ်ပေါ်မှထွက်ပြေးမှုသည် လူသတ်မှု လုပ်ရပ်တစ်ခုပင်ဖြစ်သည်ဟု သမ္မတပက်ဂွန်ဟေးက ပြောကြားလိုက်ခြင်းဖြစ်သည်။ **(ရိုက်တာ)**

ဖိလစ်ပိုင်မြောက်ပိုင်း သေနတ်ပစ်ခတ်မှု မြို့တော်ဝန်နှင့်အခြားနှစ်ဦးသေဆုံး

မနီလာ ဧပြီ ၂၁

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းရှိ မြို့တော်ခန်းမတစ်ခု၌ ယနေ့နံနက်ပိုင်းက ရဲယူနီဖောင်းဝတ် လက်နက်ကိုင် ၁၅ ဦးတို့၏ ပစ်ခတ်မှုကြောင့် မြို့တော်ဝန်နှင့် ၎င်း၏သက်တော်စောင့်နှစ်ဦးတို့ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း တပ်မတော်အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၇ နာရီခွဲခန့်က ဘာဂါရမ်ပြည်နယ် ဂွန်ဇာဂါမြို့တော်ခန်းမ၌ အလံတင်ပွဲကျင်းပနေစဉ် ဗင်ကားနှစ်စီးဖြင့် လက်နက်ကိုင်များ ရောက်ရှိလာပြီး ပစ်ခတ်ခဲ့ရာမှ မြို့တော်ဝန်နှင့် ၎င်း၏သက်တော်စောင့်နှစ်ဦးတို့ သေဆုံးခဲ့ရခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့များနှင့် စစ်သားများက သံသယရှိသူများအား လိုက်လံဖမ်းဆီးလျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

တရုတ်နိုင်ငံအနောက်တောင်ပိုင်းမိုင်းတွင်း၌ ဓာတ်ငွေ့လိုင်းပေါက်ကွဲမှုဖြစ်

ကူမင်း ဧပြီ ၂၁

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်၌ တနင်္လာနေ့အစောပိုင်းက ကျောက်မီးသွေးမိုင်းတွင်း၌ ဓာတ်ငွေ့လိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၁၃ ဦးသေဆုံးခဲ့ကြောင်း ဒေသအစိုးရက အတည်ပြုပြောကြားခဲ့သည်။

မတော်တဆမှုမှာ Qujing မြို့ Fuyuan ကောင်တီအတွင်း Hong-tutian မိုင်းတွင်း၌ နံနက် ၁၂ နာရီခွဲခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၎င်းမိုင်းတွင်း၌ မိုင်းတွင်းလုပ်သား ၅၆ ဦး အလုပ်လုပ်နေစဉ် မတော်တဆမှုဖြစ်ပွားခဲ့ရာ ၄၂ ဦးမှာ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိဘဲ လွတ်မြောက်ခဲ့သော်လည်း ၁၄ ဦးမှာ ပိတ်မိနေခဲ့သည်ဟုဆိုသည်။ ကယ်ဆယ်ရေးအဖွဲ့များသည် လူ ၁၃ ဦး၏ အလောင်းများကို နံနက် ၈ နာရီတွင် တွေ့ရှိခဲ့ပြီး ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေမှုများ ပြုလုပ်နေဆဲဖြစ်သည်။

၎င်းမိုင်းတွင်းသည် ပုဂ္ဂလိကပိုင်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းလိုင်စင်ရရှိထားပြီးဖြစ်သည်ဟု ကောင်တီအစိုးရက ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

လေယာဉ်ဘီးအုံအတွင်း လေယာဉ်ခိုးစီးသူ လူငယ်တစ်ဦး သေကံမရောက်သက်မပျောက်

ဟာဝိုင်ယီ ဧပြီ ၂၁

အသက် ၁၆ နှစ်အရွယ် ယောကျ်ားလေးတစ်ဦးသည် ကယ်လီဖိုးနီးယားမှ ဟာဝိုင်ယီသို့ ပျံသန်းသော လေကြောင်းခရီးစဉ်၌ ဘီးအုံအတွင်း ခိုးပြီးလိုက်ပါခဲ့သော်လည်း အသက်ရှင်ခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါလေယာဉ်သည် တနင်္ဂနွေနေ့ နံနက်ပိုင်းက ဆင်းသက်ခဲ့ပြီးနောက် လေယာဉ်ဝန်ထမ်းက ယင်းယောကျ်ားလေးကို သတိပေးပြောကြားလိုက်ကြောင်း ဟာဝိုင်ယီလေကြောင်းလိုင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

၎င်းအား FBI ကစုံစမ်းစစ်ဆေးပြီး ဆေးစစ်ဆေးမှုပြုလုပ်ခဲ့ရာ ပုံမှန်အနေအထား၌ရှိနေကြောင်း ၎င်းက ပြောသည်။

အဆိုပါယောကျ်ားလေးသည် နေအိမ်မှ ထွက်ပြေးပြီး ဆန်ဖရန်ဆစ္စကို လေဆိပ်ခြံစည်းရိုးကို ကျော်တက်ကာ လေယာဉ်ပေါ်သို့ ရောက်ရှိသွားခဲ့ကြောင်း သတင်းများက ဖော်ပြသည်။

မိမိတို့အနေဖြင့် မူလက ၎င်းကလေးအတွက် အတော်ပင်စိတ်ပူပန်နေကြောင်း ဟာဝိုင်ယီလေကြောင်းလိုင်း ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောသည်။ ကလေး၏ကံကြမ္မာသည် အသက်ရှင်လျက်ရှိနေသည်မှာ ကံကောင်းကြောင်း FBI ပြောရေးဆိုခွင့်ရှိသူ တွန်ဆီမွန်က အေပီသတင်းအေဂျင်စီသို့ ပြောသည်။ **(ဘီဘီစီ)**

သေကံမရောက်ခဲ့သည့် လူငယ်အား လူနာတင်ယာဉ်ပေါ်သို့ တင်ဆောင်သွားစဉ်

လိဒ်မြို့စက်မှုဇုန်အတွင်း မီးလောင်မှုအကြီးအကျယ်ဖြစ်ပွား

လိဒ် ဧပြီ ၂၁

အင်္ဂလန်နိုင်ငံ လိဒ်စက်မှုဇုန်အတွင်းကြီးမားသော မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးခိုးလုံးများ မြို့ပေါ်တွင် ဖုံးလွှမ်းလျက်ရှိကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြခဲ့သည်။

Armley ဧရိယာအတွင်း ကုန်ထုတ်ပစ္စည်းနှင့် အသုံးပြုပြီးသော ပစ္စည်းများ ပြန်လည်ထုတ်လုပ်သည့် လုပ်ငန်း လုပ်ကိုင်သည့်နေရာ၌ ၁ နာရီ မိနစ် ၅၀ ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးသတ်ယာဉ် ၁၅ စီးဖြင့် အပြင်းအထန်ငြိမ်းသတ်ခဲ့ရသည်။

မြို့လယ်ကောင်ရှိ ပြည်သူများကို မီးလောင်မှုမှ ထွက်ပေါ်လာသော ဓာတုပစ္စည်းများ အန္တရာယ်ကြောင့် ပြတင်းပေါက်နှင့်တံခါးများကို ပိတ်ထားရန် သတိပေးချက်ထုတ်ပြန်ခဲ့သည်။ အနီးပတ်ဝန်းကျင်ရှိ လမ်းများကို ပိတ်ထားခဲ့ပြီး နိုက်ကလပ်တစ်ခုအပါအဝင် အနီးအနားအဆောက်အအုံများမှ လူများကို ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ကြသည်။

လိဒ်နှင့် လီဗာပူးအနီးရှိ အဆောက်အအုံသည် များစွာသောဓာတုပစ္စည်းများ သိုလှောင်ရုံအဖြစ် အသုံးပြုခဲ့ကြကြောင်း ရှေ့ရှိုင်းယားအနောက်ပိုင်း မီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့က ပြောသည်။ **(ဘီဘီစီ)**

နွေကာလအပူချိန်ပြင်းချိန် ရေသန့်နှင့်အချိုရည်ဈေးကွက်ကြီးထွားလာ

ရန်ကုန် ဧပြီ ၂၁

ယခုရက်ပိုင်းနေ့အချိန်အပူချိန်မှာ ၄၂ ဒီဂရီစင်တီဂရိတ်၊ ၄၄ ဒီဂရီစင်တီဂရိတ်ဝန်းကျင်ရှိလာသည့်အတွက် သောက်ရေသန့် အသုံးပြုမှုများလာချိန်တွင် အချို့သောအမှတ်တံဆိပ်များ၊ စက်ရုံများမှ သောက်ရေသန့်ဈေးကွက်သို့ ထုတ်လုပ်ပေးမှုနည်းလာသည်မှာ တစ်လဝန်းကျင်ရှိလာကြောင်း၊ ယင်းတံဆိပ်သောက်ရေသန့်များ ဈေးကွက်တွင် ဈေးနှုန်းတက်လာသည်ဟု ရန်ကုန်မြို့လယ်ရှိ သောက်ရေသန့်အရောင်းဆိုင်ကြီးများက ဆိုသည်။

တစ်လီတာသောက်ရေသန့် ခြောက်လုံးပါတစ်ကတ်လျှင် ဈေးကွက်တွင် နေရာရပြီးသော အမှတ်တံဆိပ်မှာ ၁၀၅၀ကျပ်နှုန်းဖြင့် စက်ရုံမှရောင်းချနေရာ ဈေးကွက်သို့ စက်ရုံမှပေးပို့သော အရေအတွက်နှင့်ဈေးနှုန်းမှာ ပြောင်းလဲမှုမရှိကြောင်း၊ သောက်ရေသန့် ဈေးကွက်တွင် ရောင်းအားကောင်းသော အမှတ်တံဆိပ်များ ဈေးကွက်သို့ ပေးပို့နှုန်းကျဆင်းလာသည်မှာ ဈေးနှုန်းတက်ရန် ရည်ရွယ်ခြင်းဖြစ်နိုင်သော်လည်း နာမည်မရသေးသော အမှတ်တံဆိပ်များ ဈေးကွက်ရလာနိုင်သည်ဟု လက်လီရောင်းချသူတစ်ဦးက ဆိုသည်။

ရေခဲတုံးဈေးနှုန်းမှာ ၂၀၁၃ခုနှစ် နွေကာလ လျှပ်စစ်မီးမမှန်သည့်အတွက် ပေါင် ၃၀၀ ရေခဲတုံး တစ်တုံးလျှင် စက်ရုံဈေး ငွေကျပ် ၆၀၀၀ ဖြစ်ခဲ့သော်လည်း ယခုနှစ်ပိုင်းတွင် ငွေကျပ် ၂၅၀၀ဈေးနှုန်းသာရှိကြောင်း၊ ၂၀၁၃ နှစ်ကုန်ပိုင်းတွင် ငွေကျပ် ၂၀၀၀ နှုန်းသာရှိရာမှ လျှပ်စစ်မီတာခနှုန်းတက်မည်ဆိုသော သတင်းကြောင့် ငွေကျပ် ၃၀၀၀နှုန်းသို့ တိုးမြှင့်ပြီး မီတာခ မတက်ဆိုသော သတင်းအရ ယနေ့ဈေးနှုန်း ငွေကျပ် ၂၅၀၀ သို့ ပြန်လည်ကျဆင်းလာခြင်းဖြစ်ကြောင်း၊ ရေတို့ ရေခဲတုံး အလေးချိန် ၁ ကီလိုဂရမ်လျှင် ယခင်နှစ်ကုန်ပိုင်း ငွေကျပ် ၅၀ နှုန်းရှိရာမှ ယခုအခါ ငွေကျပ် ၇၀ နှုန်းသို့ ဈေးပြင်လာကြောင်း သိရသည်။ အချိုရည်ဈေးကွက်တွင် ပြည်ပမှတင်သွင်းလာသော အားဖြည့်အချိုရည်သံဘူး ၂၄လုံးပါ တစ်ကတ်လျှင် ငွေကျပ် ၁၀၅၀၀ဖြင့် ဈေးနှုန်းမပြောင်းလဲသော်လည်း ပြည်တွင်းထုတ် ၂၄ လုံးပါ အားဖြည့်အချိုရည်သံဘူးတစ်ကတ်လျှင် ယခင် ငွေကျပ် ၁၀၅၀၀ နှုန်းမှ ယခုအခါ ငွေကျပ် ၁၂၈၀၀ နှုန်းသို့ ဈေးမြင့်တက်လာကြောင်း အချိုရည်ဈေးကွက်မှ သိရသည်။

၅၀၀ မီလီလီတာအချိုရည် ၁၂ လုံးပါ တံဆိပ်မျိုးစုံကော်ဘူးကတ်ဈေးကွက်တွင် ယခင်နှစ်က သုံးကတ်ဝယ်လျှင် တစ်ကတ်လက်ဆောင်အပိုပေးခဲ့ရာမှ ရောင်းအားကောင်းလာသဖြင့် ငါးကတ်ဝယ်လျှင် တစ်ကတ်နှုန်းသာ လက်ဆောင်ပေးကြောင်း၊ ပြည်ပမှ ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်လာသော နာမည်ရ အချိုရည်ကော်ဘူးများမှာ ပြည်တွင်းထုတ်အချိုရည်များနည်းတူ ၁၂ လုံးပါ တစ်ကတ်လျှင် ငွေကျပ် ၃၀၀၀ ဝန်းကျင်ရှိသော်လည်း အရွယ်အစားမှာ ၄၂၅ မီလီလီတာသာရှိကြောင်း၊ ရှေးခေတ်ကတည်းက ဈေးကွက်တွင် ပုလင်းဖြင့် ရောင်းချသော အချိုရည်မှာ ၂၈၀ မီလီလီတာသာရှိကြောင်း၊ မိုးမကျမီ ရာသီဥတုပူပြင်းချိန်တွင် သောက်ရေသန့်နှင့် အချိုရည်ဈေးကွက်ကြီးထွားလာသဖြင့် ထုတ်လုပ်သူလုပ်ငန်းရှင်များ အကျိုးအမြတ်များစွာရရှိသကဲ့သို့ ရောင်းချသူများ အလုပ်အကိုင်အဆင်ပြေကြောင်း ဈေးကွက်မှ သိရသည်။

လက်လီဝယ်ယူသောက်သုံးသူများအနေဖြင့် တစ်လီတာသောက်ရေသန့် တစ်ဘူးလျှင် တံဆိပ်ပေါ်မူတည်၍ ငွေကျပ် ၃၀၀ မှ ၄၀၀ အတွင်း၊ အားဖြည့်အချိုရည် သံဘူးတစ်ဘူးလျှင် ငွေကျပ် ၆၀၀ မှ ၇၀၀ အတွင်း၊ ၂၈၀ မီလီလီတာအချိုရည်ဖန်ပုလင်းတစ်ပုလင်းလျှင် ငွေကျပ် ၃၀၀ မှ ၅၀၀ နှင့် ၄၂၅ မီလီလီတာအချိုရည်ကော်ပုလင်းတစ်ပုလင်းလျှင် ငွေကျပ် ၄၀၀၊ ရေသန့်ရေခဲ တစ်ကီလိုဂရမ်လျှင် ငွေကျပ် ၁၀၀ နှုန်းဝယ်ယူရသည်ဟု သိရသည်။ **ခင်ဆိုင်**

ရပ်မိရပ်ဖကန်တော့ပွဲ

ရန်ကုန် ဧပြီ ၂၁

ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်၌ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်း ဦးဆောင်သော လမ်းအလိုက် ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများ၊ ရပ်ကွက်လူမှုအထောက်အကူပြုအဖွဲ့ဝင်များ၊ ရပ်ကွက်အကျိုးဆောင်ရွက်သူများက ပူးပေါင်း၍ ဒုတိယအကြိမ်မြောက် ရပ်မိရပ်ဖများအားကန်တော့ပွဲကို ဧပြီ ၂၀ရက် ည ၇နာရီက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။ ကန်တော့ပွဲဖြစ်မြောက်ရေး ဦးဆောင်သူတစ်ဦးဖြစ်သည့် ဦးထွန်းထွန်းကျော်က "နှစ်ဦးနှစ်ဆန်းမှာ သင်္ကြန်ဝါကြီး ပူဇော်ပွဲတွေ နေရာအနှံ့ ပြုလုပ်ကြပေမယ့်၊ အခုလို အများက ဒီမိုကရေစီ နည်းတကျ တင်မြောက်ခဲ့တဲ့ ရပ်မိရပ်ဖ ကန်တော့ပွဲဆိုတာ မလုပ်ကြသေးပါဘူး။ ဒါဟာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ပြည်သူအားလုံး စည်းလုံးညီညွတ်မှုကို ပြသတဲ့ပွဲလေးတစ်ပွဲပါပဲ"ဟု ဆိုခဲ့သည်။ **ဘော်ဂါသွေး**

ချန်ပီယံလိဂ် နှင့် ချန်ပီယံရှစ် ပွဲစဉ်များ (သီဟ)

အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်(၄၄) **ဧပြီ ၂၃**

ရီးဒင်း	-	မစ်ဒယ်ဘရော့	ညနက် ၁း၃၀
ဘော်လ်တန်	-	**လက်စတာ**	ညနက် ၁း၃၀

ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် (ပကျော့) **ဧပြီ ၂၃**

အက်သလက်တီကို	-	ချယ်လ်ဆီး	ညနက် ၁း၁၅

အက်သလက်တီကို Vs ချယ်လ်ဆီး

နှစ်သင်း တွေ့ဆုံမှု ရလဒ် (အကြိုက်-အက်သလက်တီကို)

(ချန်ပီယံလိဂ် အုပ်စုအဆင့် - ၂၁.၁၀.၂၀၀၉)

ချယ်လ်ဆီး ၄-၀ အက်သလက်တီကို

(ချန်ပီယံလိဂ် အုပ်စုအဆင့် - ၃.၁၁.၂၀၀၉)

အက်သလက်တီကို ၂-၂ ချယ်လ်ဆီး

(ယူအီးအက်ဖ်အေ စူပါကပ် - ၃၁.၈.၂၀၁၂)

ချယ်လ်ဆီး ၁-၄ အက်သလက်တီကို

ဧပြီ ၂၀/၂၁ ဂိုးရလဒ်များ

နော့ဝှစ်ချ်	၂-၃	လီဗာပူး
ဟားလ်စီးတီး	၀-၃	အာဆင်နယ်
အဲဗာတန်	၂-၀	မန်ယူ
မိုနာကို	၁-၀	နိုက်စ်
ဗလင်စီနက်စ်	၂-၆	နန့်တက်စ်
ရိမ်းစ်	၀-၁	ဆိုးချော့စ်
လော်ရီယန့်	၄-၄	မောင့်ပယ်လီယာ
ဘော်ဒိုး	၅-၁	ဂူအင်ဂမ့်
ဘတ်စ်တီယာ	၂-၁	အဂျာစီယို
မာဆေး	၀-၀	လိုင်လီ
နုရင်ဘတ်	၁-၄	လေဗာကူဆင်
စတုဂတ်	၃-၁	ရှော်လ်ကေး
အယ်လ်မာရီးယား	၂-၄	ဆယ်လ်တာဗီဂို
ဗယ်လက်ကာနို	၃-၁	ဘက်တစ်
ဆီဗီလာ	၄-၀	ဂရန်နာဒါ
ဘာစီလိုနာ	၂-၁	ဘီလ်ဘာအို

အပြိုင်ကြဲရမယ့် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့

မိုးမြင့်လင်းလက်

ဒီနှစ်ဘောလုံးရာသီရဲ့ ဥရောပအကောင်းဆုံးလေးသင်းကတော့ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲစင်မြင့်ပေါ်ကို တက်လှမ်းခဲ့ပါပြီ။ ဒီလေးသင်းရဲ့ အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်တွေကိုဧပြီ ၂၃ ရက်နဲ့ ၂၄ ရက်တွေမှာ ယှဉ်ပြိုင်ကစားပါတော့မယ်။ ပွဲကြီးပွဲကောင်းတွေဖြစ်တာမို့ ခက်ခက်ခဲခဲတက်လှမ်းလာခဲ့ရတဲ့ ဒီပွဲစဉ်တွေက ပရိသတ်တွေ့တော့ မလွတ်တမ်းအားပေးရမယ့် ပွဲတွေဖြစ်ပါတယ်။

အက်သလက်တီကိုနှင့် ချယ်လ်ဆီး

နောက်ဆုံးတွေ့ဆုံမှုနှစ်ကြိမ်မှာတော့ ချယ်လ်ဆီးတို့ နှစ်ပွဲစလုံး နိုင်ပွဲမရရှိခဲ့ပါဘူး။ အက်သလက်တီကိုက အင်္ဂလန်အသင်းတွေနဲ့ ၂၁ ကြိမ်ဆုံခဲ့တဲ့ ရလဒ်ကို ကြည့်ရင် ရှစ်ပွဲနိုင်၊ ရှစ်ပွဲသရေ၊ ငါးပွဲရှုံးထားတဲ့ မှတ်တမ်းရှိထားပါတယ်။

ဒါ့အပြင် အင်္ဂလန်အသင်းတွေကို အိမ်ကွင်းမှာ လက်ခံကစားခဲ့တဲ့ ကိုးပွဲမှာရှုံးပွဲလုံးဝ မရှိခဲ့ပါဘူး။ ဒီနှစ် ချန်ပီယံလိဂ်ပွဲစဉ်တွေမှာ ရှုံးပွဲမရှိသေးတဲ့ အက်သလက်တီကိုဟာ အိမ်ကွင်းမှာ စွမ်းဆောင်ရည်မြင့်မားတက်တာမို့ ချယ်လ်ဆီးတို့ သတိပြုရမှာဖြစ်ပါတယ်။ အသင်းလိုက်ရော နေရာစုံမှာပါ ထူးချွန်တဲ့ ကစားသမားတွေ ပါဝင်နေတာမို့ အက်သလက်တီကိုရဲ့ အိမ်ကွင်းမှာ ချယ်လ်ဆီးတို့ အောင်ပွဲ ခံဖို့ဆိုတာ ခဲယဉ်းတဲ့အနေအထား ဖြစ်ပါတယ်။ ချယ်လ်ဆီးတို့ကတော့ ပြီးခဲ့တဲ့ ၁၁ နှစ်အတွင်းမှာ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲကို ခုနစ်ကြိမ် တက်ရောက်ခဲ့တာဖြစ်ပြီး အကြိုဗိုလ်လုပွဲ အဆင့်မှာ နှစ်ကြိမ်နိုင်ပွဲရပြီး ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့တဲ့ မှတ်တမ်းရှိထားပါတယ်။ စပိန်ကလပ်တွေနဲ့ ဆုံတွေ့ခဲ့တဲ့ သမိုင်းကိုကြည့်ရင် အဝေးကွင်းပွဲ ၁၄ ပွဲမှာ သုံးပွဲနိုင်၊ ခြောက်ပွဲသရေနဲ့ ငါးပွဲရှုံးထားတဲ့ ရလဒ်တွေရှိထားပါတယ်။ ဒါကြောင့် အိမ်ကွင်းမှာစွမ်းရည်ထက်မြက်တဲ့ စပိန်ကလပ် အက်သလက်တီကိုတို့က ဒီပွဲမှာ အနိုင်ရလဒ်ကို ဖော်ဆောင်သွားမယ်လို့ မျှော်လင့်ပါတယ်။

ရီးရဲမက်ဒရစ်နှင့် ဘိုင်ယန်မြူးနစ်

ရီးရဲမက်ဒရစ်ကွင်းမှာ နောက်ဆုံးကစားခဲ့တဲ့ ဘိုင်ယန်မြူးနစ်ရဲ့ မှတ်တမ်းကိုကြည့်ရင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ ကျန်ခုနစ်ပွဲက ရှုံးပွဲကြုံထားပါတယ်။ ဒီနှစ်သင်းရဲ့ စုစုပေါင်း တွေ့ဆုံမှုပွဲ ၂၀ မှာတော့ ဘိုင်ယန်မြူးနစ်က ၁၁ ကြိမ်နိုင်ပြီး ရီးရဲမက်ဒရစ်က ခုနစ်ကြိမ်နိုင်ကာ၊ သုံးပွဲသရေဖြစ်သွားပါတယ်။

အသင်းလိုက် ကစားအားကိုကြည့်ရင် ဘိုင်ယန်မြူးနစ်တို့က ပိုပြီးစွမ်းအားကောင်းသလို ကစားသမားနေရာချထားမှုအပိုင်းမှာလည်း ပိုပြီးထိရောက်မှုရှိပါတယ်။ ကွင်းလယ်နဲ့ တိုက်စစ်အားမြင့်မားသလို ခံစစ်ပိုင်းလည်း တောင့်တင်းတာမို့ ရီးရဲမက်ဒရစ်တို့ ခက်ခဲပါလိမ့်မယ်။ ခြေသလုံး ဒဏ်ရာရရှိထားတဲ့ စီရော်နယ်ဒိုဟာ ဒီပွဲမှာ ပြန်ပါဝင်ဖို့ရှိနေတာမို့ ဘိုင်ယန်မြူးနစ် ခံစစ်မှူးတွေ သတိထားရမှာဖြစ်ပါတယ်။ ဒီနှစ်ချန်ပီယံလိဂ်မှာ တစ်ဦးတည်း ၁၄ ဂိုးသွင်းယူထားတဲ့ စီရော်နယ်ဒိုဟာ အခုပွဲမှာ ဂိုးသွင်းနိုင်မယ်လို့ ထုတ်ဖော်ပြောကြားနေပါတယ်။

လက်ရှိအနေအထားမှာ အသင်းလိုက်ကစားအားနဲ့နေရာ လိုက် ကစားသမားတွေရဲ့ စွမ်းရည် တွေတူညီနေတာမို့ အိမ်ကွင်းအားသာချက်ရှိတဲ့ ရီးရဲမက်ဒရစ်ကိုပဲ ဒီပွဲရလဒ်ကောင်းအတွက် အခွင့်အရေးပေးရမယ့်ကိန်းပါပဲ။

အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး

☎ 202046 392048
အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
ဆရာအာသာ SUCCESS Language Academy (မြို့လယ်ကျောင်း)
တက္ကသိုလ်ဝင်တန်းဖြေထားသူများ၊ ကျောင်းပိတ်ရက်မှာ အကျိုးရှိစေဖို့ ဖွင့်လှစ်ပေးမည့် အင်္ဂလိပ်စာ သင်တန်းများ

BASIC ENGLISH SPEAKING
10 - 11:30 (Mon ~ Thurs) 21 Apr
1 - 2:30 (Mon ~ Thurs) 21 Apr
7:30-10:30 (Sat +Sun) 26 Apr
7:30 - 9 (Mon ~ Thurs) 29 Apr

FOUR SKILLS ENGLISH
7:30 - 9 (Mon ~ Thurs) 21 Apr
1 - 2:30 (Mon ~ Thurs) 21 Apr
10 - 11:30 (Mon ~ Thurs) 29 Apr
6 - 7:30 (Mon ~ Thurs) 29 Apr

PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 2:30 (Mon ~ Thurs) 21 Apr
2 - 5:00 (Sat + Sun) 11 May
7:30 - 9 (Mon ~ Thurs) 12 May

INTERMEDIATE (ACADEMIC ENGLISH)
1 - 2:30 (Mon ~ Thurs) 29 Apr
2 - 5:00 (Sat + Sun) 10 May

VOCAB ENRICHMENT
1 - 2:30 (Mon ~ Thurs) 21 Apr

BASIC WRITING
1:30 - 3:30 (Sat + Sun) 26 Apr

BASIC GRAMMAR
3:30 - 5 (Mon ~ Thurs) 21 Apr

INTER - GRAMMAR
7:30-9:30 (Sat + Sun) 17 May

IELTS (Preparation)
1 - 3:30 (Mon ~ Thurs) 21 Apr
IELTS (Exam Practice)
7:30-10:30 (Sat + Sun) 26 Apr
IELTS (Speaking)
1 - 2:30 (Mon ~ Thurs) 19 May
IELTS (Reading)
7:30-9:30 (Mon ~ Thurs) 12 May
IELTS (Writing)
11 - 1:00 (Sat + Sun) 19 Apr

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်(ကိန္နရီ-၂ စတိုးအပေါ်ထပ်)
Ph: 01-503472, 09 73001453 တွင် ဖွင့်လှစ်မည့်သင်တန်းများ

English Speaking	6 - 7:30	Mon to Thurs	21 Apr
	2 - 5:00	Sat + Sun	18 May
	10 - 11:30	Mon to Thurs	19 May
Four Skills English	2 - 5:00	Sat + Sun	11 May
	7:30-9:00	Mon to Thurs	12 May
	1 - 2:30	Mon to Thurs	12 May
Basic Grammar	11 - 1:00	Sat + Sun	3 May
	7:30-9:00	Mon to Thurs	5 May
Pre-Intermediate	10:30 - 12	Sat + Sun	7 May

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဘီလပ်မြေစက်ရုံ(နေပြည်တော်) အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ဘီလပ်မြေစက်ရုံ(နေပြည်တော်)၌ အသုံးမလိုတော့သည့် အောက်ဖော်ပြပါ ပစ္စည်းအဟောင်းများကို ထုခွဲရောင်းချလိုပါသဖြင့် တင်ဒါတင်သွင်းလိုသူများသည် တင်ဒါလျှောက်လွှာပုံစံများကို ၂၃-၄-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဆက်သွယ် ထုတ်ယူနိုင်ပါသည်-

(က)	သံထည်ပစ္စည်းအဟောင်း	၅၅.၃၉	တန်ခန့်
(ခ)	စက်ဆီ၊ ချောဆီအပျက်	၁၂၂	ပေပါ
(ဂ)	ဘက်ထရီအဟောင်း	၆၆	လုံး
(ဃ)	တာယာအဟောင်း	၄၅၉	လုံး
(င)	ပီနန်အိတ်ခွံအဟောင်း	၁၇၈၅၁	အိတ်
(စ)	ကြေးဝိုင်ယာအဟောင်း	၁၅၈	ပေါင်

တင်ဒါပိတ်မည့်ရက်၊ အချိန် - ၁၀-၄-၂၀၁၄ ရက် (၁၆း၀၀)နာရီ

ဆက်သွယ်ရန်လိပ်စာ - (၁) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဘီလပ်မြေအရောင်းဌာနခွဲ ဖုန်း-၀၆၇-၄၃၂၃၁၂
(၂) ဘီလပ်မြေစက်ရုံ(နေပြည်တော်) ဖုန်း-၄၉၂၁၀၀၈၆၊ ၅၁၁၀၃၃၁

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျွန်တော်နဲ့ အများပိုင်ကုမ္ပဏီများ

ပါမောက္ခဒေါက်တာအောင်ထွန်းသက်

မြန်မာနိုင်ငံရဲ့ စီးပွားရေးပြုပြင်ပြောင်းလဲဆောင်ရွက်နေတဲ့အချိန်မှာ ထင်ရှားတဲ့အချက်တစ်ခုက အများပိုင်ကုမ္ပဏီများ တည်ထောင်ဖွင့်လှစ်ခြင်းဖြစ်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်က အများပိုင်ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်မှုကို တိုက်တွန်းအားပေးခဲ့ပါတယ်။ လက်ရှိအခြေအနေမှာ အများပိုင်ကုမ္ပဏီ စုစုပေါင်း ၂၀၀ နီးပါး တည်ထောင်ထားတာတွေ့ရပါတယ်။ တစ်ချိန်က အသုံးများတဲ့ စကားပုံက "ခေတ်မီတဲ့သူတိုင်း ပင်လယ်ငါးစားကြသည်" လို့ဆိုခဲ့သလို အခုတော့ "ခေတ်မီတဲ့သူတိုင်း အများပိုင်ကုမ္ပဏီတည်ထောင်သည်" ဆိုပြီး ဖြစ်နေပါပြီ။ ဟိုမှာလည်းဖွဲ့၊ ဒီမှာလည်းဖွဲ့၊ နေရာတိုင်းလိုလို ၊ ဒေသတိုင်းလိုလို ဖွဲ့နေကြတာ တွေ့ရပါတယ်။

အခုလို အများပိုင်ကုမ္ပဏီတွေ ဖွဲ့နေပေမယ့် စဉ်းစားစရာကိစ္စတစ်ခုက စနစ်တကျ ဖွဲ့စည်းမှုရှိ၊ မရှိဆိုတဲ့ အကြောင်းပဲဖြစ်ပါတယ်။ တစ်ဦးတည်းပိုင်ကုမ္ပဏီ သို့တည်းမဟုတ် ပုဂ္ဂိုလ်တစ်ဦးချင်းပိုင်ဆိုင်တဲ့ကုမ္ပဏီကို အများပိုင်ကုမ္ပဏီဖွဲ့ခြင်းဟာ နာမည်ပြောင်းရုံသက်သက်အနေနဲ့ ဖြစ်လာမှာမဟုတ်ပါဘူး။ အခုတော့ အများအထင်ကြီးအောင် ယုန်ထင်ကြောင်ထင်ဖြစ်အောင် နာမည်ပြောင်းတာမဖြစ်ဖို့ သတိပြုရမှာဖြစ်ပါတယ်။

အများပိုင်ကုမ္ပဏီများကို စနစ်တကျတည်ထောင်တဲ့နေရာမှာ (Good Corporate Governance) "ကောင်းမွန်သော စီးပွားရေးလုပ်ငန်းများစီမံမှု" ရှိဖို့အထူးလိုအပ်ပါတယ်။ နိုင်ငံတော်အတိုင်းအတာနဲ့ စဉ်းစားတဲ့အခါ (Good Governance) "ကောင်းမွန်သော စီမံအုပ်ချုပ်မှု" ရှိဖို့လိုအပ်သလိုမျိုးဖြစ်ပါတယ်။

အများပိုင်ကုမ္ပဏီများ ဖွဲ့စည်းမှုနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေဘောင်အတွင်း သတ်မှတ်ချက်များကို လိုက်နာရမှာသာဖြစ်ပါတယ်။ အခုလို ဥပဒေဘောင်ရှိတာမို့ လုပ်ငန်းဆောင်ရွက်ရာမှာ အထောက်အကူအများကြီး ရရှိနိုင်ပါတယ်။

အများပိုင်ကုမ္ပဏီရဲ့ အခြေခံတစ်ခုက ပိုင်ဆိုင်မှု(Ownership)နဲ့ စီမံခန့်ခွဲမှု (Management) ခွဲခြားမှုပဲဖြစ်ပါတယ်။ ပုဂ္ဂလိကကုမ္ပဏီများမှာ အခုလို ခွဲခြားမှုမရှိတာတွေ့ရပါတယ်။ ပိုင်ရှင်လုပ်သူကိုယ်တိုင် လုပ်ငန်းအဖွဲ့အစည်းများကို တာဝန်ယူပြီး စီမံခန့်ခွဲနေကြပါတယ်။ အခုလိုရှိတဲ့ အနေအထားဟာ တစ်ဖက်က အားသာချက်တွေရှိပေမယ့် တစ်ဖက်က အားနည်းချက် အများကြီးရှိတာကိုလည်း သုံးသပ်လို့ရပါတယ်။

ပုဂ္ဂလိကလုပ်ငန်းများနဲ့ ပတ်သက်ပြီး အားနည်းချက်က ရင်းနှီးမြှုပ်နှံမှုပမာဏနဲ့ ဘဏ္ဍာငွေစုဆောင်းရရှိမှု ဖြစ်ပါတယ်။ ပိုင်ရှင်များရဲ့ပိုင်ဆိုင်မှုအကန့်အသတ်ဘောင်အတွင်းသာ ရင်းနှီးမြှုပ်နှံမှုပမာဏ ရှိနိုင်မှာဖြစ်ပါတယ်။ အများပိုင်ကုမ္ပဏီဖွဲ့စည်းခြင်းရဲ့ အားသာချက်မှာ အစုရှယ်ယာရှင်ပမာဏများလေလေ ရင်းနှီးမြှုပ်နှံမှုပမာဏများလေလေဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ အများပိုင်ကုမ္ပဏီများ ဖွဲ့စည်းမှုကို အားပေးခဲ့တဲ့အကြောင်းရင်းတစ်ခုက ပုဂ္ဂလိကကဏ္ဍကို တိုးချဲ့လိုတဲ့ဆန္ဒလည်းဖြစ်ပါတယ်။ တစ်ဖက်မှာလည်း စီမံထားတဲ့အတိုင်း ၂၀၁၅ ခုနှစ်မှာ မြန်မာနိုင်ငံမှာ Stock Exchange တည်ထောင်ဖို့ အစီအစဉ်ရှိတဲ့အတွက် Stock Exchange အကောင်အထည်ဖော်မှုရဲ့အခြေခံဟာ အများပိုင်ကုမ္ပဏီများရဲ့ ရှယ်ယာများ ရောင်းဝယ်မှုသာဖြစ်ပါတယ်။ အများပိုင်ကုမ္ပဏီများမရှိဘဲ Stock Exchange ဖွင့်လှစ်ဖို့မဖြစ်နိုင်ပါဘူး။ အများပိုင်ကုမ္ပဏီ များများရှိလေလေ ဒီကုမ္ပဏီတွေရဲ့ အစုရှယ်ယာများကို Stock Exchange မှာ ရောင်းဝယ်နိုင်မှာသာဖြစ်ပါတယ်။

အများပိုင်ကုမ္ပဏီတစ်ခုမှာ အရေးကြီးဆုံးပုဂ္ဂိုလ်များက ကုမ္ပဏီရဲ့အစုရှယ်ယာများကို ဝယ်ယူပိုင်ဆိုင်တဲ့ ရှယ်ယာရှင်များသာဖြစ်ပါတယ်။ အစုရှယ်ယာရှင်များဟာ အများပိုင်ကုမ္ပဏီများရဲ့ ပိုင်ရှင်တွေသာ ဖြစ်ပါတယ်။ အစုရှယ်ယာဝင်များမှာ ရပိုင်ခွင့် (Rights)တွေရှိသလို တစ်ဖက်ကလည်း ဒီရပိုင်ခွင့်ရတဲ့အတွက် တစ်ဖက်မှာ တာဝန်ဝတ္တရားများ (Responsibilities) ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ နေရာတိုင်းလိုလို ရပိုင်ခွင့်များ (Rights) ကိုသာ ဦးစားပေးဆွေးနွေးကြပြီး တာဝန်ဝတ္တရားများနဲ့ပတ်သက်ပြီး အလေးမထားတာတွေ့ရပါတယ်။

အစုရှယ်ယာရှင်များရဲ့ အဓိကတာဝန်က ရှယ်ယာဝင်များကိုယ်စား ကုမ္ပဏီကို ဦးစီးဦးဆောင်မယ့် Board of Directors (BOD)အဖွဲ့ဖြစ်ပါတယ်။ အစုရှယ်ယာဝင်များဟာ မိမိအစုရှယ်ယာဝင်များအနက် ဦးစီးပေးနိုင်မယ့် ဒါရိုက်တာအဖွဲ့ဝင်များကို ရွေးချယ်ပေးရပါတယ်။ ဒီဒါရိုက်တာအဖွဲ့ဝင်များဟာ ဒါရိုက်တာအဖွဲ့ကို ဦးစီးပေးမယ့် ဥက္ကဋ္ဌနဲ့အတွင်းရေးမှူးကို ရွေးချယ်ခန့်ထားကြပါတယ်။ တစ်ဆက်တည်းမှာလည်း ဒါရိုက်တာအဖွဲ့ဝင်များပါဝင်တဲ့ ကော်မတီများဖွဲ့စည်းပြီး ကုမ္ပဏီကို ဦးဆောင်မှုပေးပါတယ်။ အရေးကြီးတဲ့အချက်က BOD အဖွဲ့ဝင်တွေဟာ အစုရှယ်ယာရှင်များကို ကိုယ်စားပြုသူတွေဖြစ်ပါတယ်။

BOD ဟာ ကုမ္ပဏီရဲ့ကာလရှည်မဟာဗျူဟာချမှတ်မှုကို အလေးထားပြီး ပဲ့ကိုင်ပေးတဲ့သဘောဖြစ်ပါတယ်။ ကုမ္ပဏီရဲ့အသေးစိတ်ကိစ္စတွေကိုတော့ BOD က ရွေးချယ်ခန့်ထားတဲ့ CEO လို့ခေါ်တဲ့ Chief Executive Officer (အမှုဆောင်အရာရှိချုပ်) က ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အခုလို BOD မှ CEO ကို ခန့်ထားပြီးချိန်ကစပြီး ကုမ္ပဏီရဲ့ ကိစ္စအဝဝကို CEO ကပဲ ဆက်လက်တာဝန်ယူပြီး BOD က ပါဝင်ပတ်သက်မှုမရှိတော့ပါဘူး။ အခြေခံသဘောက ပိုင်ဆိုင်မှုနဲ့စီမံခန့်ခွဲမှုနှစ်ခုကို ပြတ်သားစွာ ခွဲခြားခြင်းသာဖြစ်တယ်။ BOD ကို ရွေးချယ်ရပြီး CEO ကိုတော့ ခန့်ထားရတာဖြစ်ပါတယ်။

အမှုဆောင်အရာရှိချုပ်အနေနဲ့ ကုမ္ပဏီကို ဦးဆောင်ပြီး လုပ်ရှားရပါတယ်။ လိုအပ်တဲ့စီမံခန့်ခွဲသူတွေကို တာဝန်ပေးလေ့ရှိပါတယ်။ ဥပမာအားဖြင့် Chief Operating Officer(COO)ဆိုသူဟာ လုပ်ငန်းဆိုင်ရာကိစ္စများကို တာဝန်ယူသူဖြစ်ပါတယ်။ Chief Financial Officer (CFO)က ကုမ္ပဏီရဲ့ဘဏ္ဍာရေးကိစ္စရပ်များကို တာဝန်ယူပါတယ်။ CEO လုပ်သူဟာ ကုမ္ပဏီတစ်ခုလုံးကို ဦးစီးရသူဖြစ်ပါတယ်။ CEO ကို ခန့်ခြင်း၊ ဖြုတ်ခြင်းက BOD ရဲ့ တာဝန်ဝတ္တရားသာဖြစ်ပါတယ်။

BOD ဟာ ပုံမှန်အားဖြင့် တစ်လတစ်ကြိမ် အစည်းအဝေးထိုင်ပြီး ကုမ္ပဏီရဲ့ အခြေအနေတိုးတက်အောင်မြင်မှုအတွက် မူပိုင်းဆိုင်ရာပေါ်လစီများကို ချမှတ်ပေးပါတယ်။ ကုမ္ပဏီရဲ့ရှေ့အနာဂတ် အလားအလာအနေအထားတွေကို အာရုံပြုပြီး လမ်းညွှန်မှုပေးပါတယ်။ BOD အဖွဲ့ဝင်တွေမှာ အမှုဆောင်ဒါရိုက်တာ Executive Director နဲ့ ပြင်ပဒါရိုက်တာ Non-executive Director နှစ်မျိုးနှစ်စားရှိပါတယ်။ အမှုဆောင်ဒါရိုက်တာတွေဟာ ကုမ္ပဏီအရေးမှာ ထဲထဲဝင်ဝင်ပါပြီး ပြင်ပဒါရိုက်တာတွေက ကုမ္ပဏီလုပ်ငန်းနဲ့ မပတ်သက်ဘဲ လွတ်လွတ်လပ်လပ်အကြံပေးနိုင်သူတွေ ဖြစ်ပါတယ်။

ပြင်ပဒါရိုက်တာများရဲ့အခန်းကဏ္ဍဟာ အလွန်အရေးကြီးပါတယ်။ အရှိကိုအရှိအတိုင်း ဘက်လိုက်မှုမရှိဘဲ သုံးသပ်ပြီး အကြံပေးနိုင်သူတွေဖြစ်ကြပါတယ်။ BOD ရဲ့ဆောင်ရွက်မှုမှာ ဘုတ်ကော်မတီဖွဲ့စည်းမှုဟာလည်း အရေးပါပါတယ်။ ကော်မတီအမျိုးအစားနဲ့ အရေအတွက်က ကုမ္ပဏီတစ်ခုချင်း စဉ်းစားဆုံးဖြတ်ရတာဖြစ်ပါတယ်။ BOD အဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်မှုကော်မတီ Normination Committee,(BOD) များအတွက် ချီးမြှင့်ငွေသတ်မှတ်မှုကော်မတီ (Renumeration Committee)၊ စာရင်းစစ်ကော်မတီ (Audit Committee)၊ စွန့်စားမှုနဲ့လိုက်နာမှုကော်မတီ (Risk and Compliance Committee)၊ လူသားအရင်းအမြစ်ကော်မတီ (Human Resources Committee) အစရှိတဲ့ ကော်မတီများဖွဲ့စည်းပြီး သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်ကြပါတယ်။ BOD အဖွဲ့ဝင်အရေအတွက်နဲ့ သတ်မှတ်ချက်အနေနဲ့ မရှိဘဲ မဂဏန်းရှိဖို့သာ သတိပြုရမှာဖြစ်ပါတယ်။မဂဏန်းရှိမှသာ ကုမ္ပဏီနဲ့ ပတ်သက်တဲ့အငြင်းပွားစရာကိစ္စများ ဆုံးဖြတ်ရာမှာ မဲခွဲတဲ့အခါ ပြတ်သားတဲ့ အဖြေရနိုင်မှာဖြစ်ပါတယ်။ စုံဂဏန်းဖြစ်နေရင် မဲခွဲတဲ့အခါ ပြဿနာရှိနိုင်ပါတယ်။

BOD မှာ ဥက္ကဋ္ဌ (Chairman) ဟာအဓိကဖြစ်ပါတယ်။ ကုမ္ပဏီကို သုံးသပ်တဲ့အခါ ဥက္ကဋ္ဌဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို အခြေခံပါတယ်။ ဥက္ကဋ္ဌလုပ်သူကို BOD အဖွဲ့ဝင်များအချင်းချင်း ရွေးချယ်တင်မြှောက်ကြပါတယ်။ အစုရှယ်ယာရှင်များက တိုက်ရိုက်ရွေးချယ်ခွင့်မရှိပါဘူး။ ဒါကြောင့်လည်း ကောင်းမွန်သော စီးပွားရေးလုပ်ငန်းများစီမံခန့်ခွဲမှု (Good Corporate Governance) ကျင့်သုံးမှုဟာ ဒီမိုကရေစီကျင့်စဉ် လုပ်ထုံးလုပ်နည်းများကို လိုက်နာခြင်းသာဖြစ်ပါတယ်။

အများပိုင်ကုမ္ပဏီများမှာ အစုရှယ်ယာဝင်ထားတဲ့သူတွေအတွက် အခြေခံရပိုင်ခွင့်ဟာ တစ်နှစ်တစ်ကြိမ်ကျင်းပတဲ့ကုမ္ပဏီရဲ့ အထွေထွေညီလာခံအစည်းအဝေးမှာ အမှုဆောင်များရွေးချယ်ပေးမှုပဲဖြစ်ပါတယ်။ မိမိကို ယုံကြည်အားကိုးလေးစားတဲ့သူတွေကို မိမိတို့ကိုယ်စား ကုမ္ပဏီကို ဦးရွက်ပေးသူတွေကို ရွေးချယ်ပေးဖို့ဖြစ်ပါတယ်။ ကိုယ်ရွေးချယ်လိုက်တဲ့ အမှုဆောင်များရဲ့ ဆောင်ရွက်ချက်တွေ အောင်မြင်မှုရှိရင် တစ်နည်းအားဖြင့် ကုမ္ပဏီမှာ အမြတ်များရင် ကုမ္ပဏီရဲ့ တန်ဖိုးတိုးတက်လာတာနဲ့ မိမိဝယ်ယူထားတဲ့ အစုရှယ်ယာတန်ဖိုးဟာလည်း အလိုလိုတက်လာမှာဖြစ်ပါတယ်။

အခုလိုရှယ်ယာတန်ဖိုးတက်လာတဲ့အတွက် ပိုင်ဆိုင်တဲ့ရှယ်ယာတွေကို Stock Exchange မှာရောင်းချနိုင်ပြီး အကျိုးအမြတ်ရှိနိုင်ပါတယ်။ တစ်ဖက်ကလည်း အမှုဆောင်များရဲ့ ဆောင်ရွက်မှုမအောင်မြင်တဲ့အခါ ကုမ္ပဏီတန်ဖိုးအလိုလိုလျော့ကျသွားပြီး မိမိပိုင်ဆိုင်တဲ့ ရှယ်ယာတန်ဖိုးဟာလည်း လျော့နည်းသွားမှာဖြစ်ပါတယ်။

အစုရှယ်ယာရှင်တွေမှာ စွန့်စားမှု (Risk) ရှိပါတယ်။ ဒါကြောင့်လည်း ယုံကြည်မှု (Trust) ဟာ အလွန်အရေးပါတဲ့ကိစ္စဖြစ်ပါတယ်။ မိမိငွေကို တခြားလူကို ပေးအပ်ထားပြီး ယုံကြည်မှုအပြည့်နဲ့ မြှုပ်နှံရတာ လုပ်ငန်းဆောင်ရွက်မှုတွေမအောင်မြင်ခဲ့ရင် ရင်းနှီးသမျှ ဆုံးရှုံးသွားမှာဖြစ်တယ်။ အခုလို အစုရှယ်ယာဝယ်ယူပြီး ရင်းနှီးရာမှာ မျှော်လင့်ချက်နှစ်ရပ်ရှိပါတယ်။ စောစောကပြောသလို လုပ်ငန်းအောင်မြင်ခဲ့ရင်ကုမ္ပဏီရဲ့တန်ဖိုးတွေ တက်လာတာနဲ့အမျှ မိမိဝယ်ယူထားတဲ့ ရှယ်ယာတန်ဖိုးဟာလည်း တက်လာဖို့ရှိပါတယ်။ ဒုတိယမျှော်လင့်ချက်က ကုမ္ပဏီအနေနဲ့ အမြတ်အစွန်းရရှိရင် အမြတ်ခွဲဝေမှုရနိုင်ပါတယ်။

အမြတ်အပေါ်ခွဲဝေမှု(Dividend)ဟာအလိုအလျောက်ရနိုင်တာ မဟုတ်ပါဘူး။ ကုမ္ပဏီကမြတ်ပေမယ့် BOD အဖွဲ့အနေနဲ့ အမြတ်ခွဲဝေမှုမပေးဖို့ဆုံးဖြတ်ခဲ့ရင် အစုရှယ်ယာအနေနဲ့ တောင်းဆိုလို့မရပါဘူး။ BOD က ကုမ္ပဏီရဲ့အကျိုးကို ရှေးရှုပြီး အမြတ်ခွဲဝေမှုမပေးဖို့ဆုံးဖြတ်ရင် အစုရှယ်ယာရှင်အနေနဲ့ စောဒကတက်လို့မရပါဘူး။ မိမိကိုယ်တိုင် ကနဦးက ယုံယုံကြည်ကြည်နဲ့ ရွေးချယ်ခဲ့တဲ့ BOD ရဲ့ အဆုံးအဖြတ်ကို သာသာကြည်ကြည်နဲ့သာ လက်ခံဖို့ရှိပါတယ်။

မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုအတွက် ပုဂ္ဂလိကကဏ္ဍတိုးတက်မှုဟာ သော့ချက်ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့တာဝန်က စီးပွားရေးလုပ်နေတဲ့ လုပ်ချင်တဲ့သူတွေကို အားပေးဖို့သာဖြစ်ပါတယ်။ လုပ်ချင်ကိုင်ချင်စိတ်ရှိစေမယ့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးရမှာသာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးပိုင်ဆိုင်မှုအခွင့်အလမ်းတွေကို ကာကွယ်စောင့်ရှောက်မှု စတာတွေကို ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

ပုဂ္ဂလိကကဏ္ဍကြီးထွားမှုနဲ့ ပတ်သက်ပြီး မဖြစ်မနေရှိရမယ့် ယန္တရားကတော့ အများပိုင်ကုမ္ပဏီသာဖြစ်ပါတယ်။ တစ်ဦးတည်းပိုင်လုပ်ငန်း၊ မိသားစုလုပ်ငန်း၊ အစုစပ်လုပ်ငန်းတွေရဲ့ အခြေခံအားနည်းချက်က ဘဏ္ဍာငွေအကန့်အသတ်ဖြစ်ပါတယ်။ တစ်ဦးချင်းပိုင်ဆိုင်မှုကိုသာ မှီခိုနေကြရတယ်။ အများပိုင်ကုမ္ပဏီလုပ်ငန်းတည်ထောင်ခြင်းနဲ့ ဒီအကန့်အသတ်ကို အလွယ်တကူကျော်လွှားသွားနိုင်မှာဖြစ်ပါတယ်။ ကုမ္ပဏီအပေါ် စိတ်ဝင်စားတဲ့သူများများရှိလေလေ ရင်းနှီးမြှုပ်နှံမှုပမာဏများလေလေဖြစ်ပါတယ်။

အများပိုင်ကုမ္ပဏီတစ်ခုဖြစ်ဖို့ Initial Public Offering (IPO)ကို ဆောင်ရွက်ရပါတယ်။ ကနဦးစမ်းသပ်တဲ့အနေနဲ့ ရှယ်ယာတွေကို ရောင်းချရပါတယ်။ ဒီလိုရောင်းချမှုအပေါ် စိတ်ဝင်တစားနဲ့ ရင်းနှီးမယ့်သူတွေက ဝယ်ယူကြရတယ်။ IPOလုပ်တိုင်း အောင်မြင်မယ်လို့ ပြောလို့မဖြစ်ပါဘူး။ စိတ်ဝင်စားမှုနည်းပါးရင်၊ ဝယ်ချင်တဲ့သူတွေနည်းရင် ပြန်ရုပ်သိမ်းခဲ့ရပါတယ်။

အများပိုင်ကုမ္ပဏီများနဲ့ပတ်သက်လာရင် အစုရှယ်ယာဝင်တွေအတွက် ပြည့်စုံလုံလောက်တဲ့ အာမခံမှုတွေကို ဥပဒေအရ ဖန်တီးပေးဖို့လိုအပ်မှာဖြစ်တယ်။ BODနဲ့ CEO အပါအဝင် စီမံခန့်ခွဲသူတွေဟာ အစုရှယ်ယာရှင်များရဲ့အကျိုးကို ဦးထိပ်ထားပြီး တာဝန်ယူရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း သူတို့ကို Custodians (ကာကွယ်စောင့်ရှောက်ပေးသူများ)အဖြစ် သတ်မှတ်ပါတယ်။ အစုရှယ်ယာရှင်များရဲ့အကျိုးကို ကာကွယ်စောင့်ရှောက်ဖို့ ဥပဒေလုံခြုံမှုရှိဖို့ အရေးကြီးသလို BOD တွေရဲ့ ဦးဆောင်မှုနဲ့ CEO တို့ရဲ့ စီမံခန့်ခွဲမှုအရည်အသွေးဟာ အလွန်အရေးကြီးပါတယ်။

အများပိုင်ကုမ္ပဏီ ဖွဲ့စည်းလုပ်ရှားမှုနဲ့ပတ်သက်ပြီး စိတ်ဝင်စားစရာကောင်းတဲ့ အကြောင်းအချက်တစ်ခုက ကုမ္ပဏီဝန်ထမ်းများကို အစုရှယ်ယာဝယ်ခွင့်ပြုခြင်းဖြစ်ပါတယ်။ အခုလို ခွင့်ပြုချက်တွေကို နိုင်ငံအနှံ့မှာ တွေ့ရပါတယ်။ သူတို့ဟာ Owner - employee (ပိုင်ရှင်ဝန်ထမ်း)တွေဖြစ်လာပါတယ်။ တစ်ဖက်က ဝန်ထမ်းတစ်ဦးဖြစ်ပြီး တစ်ဖက်မှာလည်း ကုမ္ပဏီရဲ့ အစုရှယ်ယာဝင်တစ်ဦးအနေနဲ့ ပိုင်ရှင်တစ်ယောက်ဖြစ်ပါတယ်။ သူပိုင်တဲ့ကုမ္ပဏီ၊ သူနဲ့ဆိုင်တဲ့ကုမ္ပဏီမှာ သူကိုယ်တိုင်ဝန်ထမ်းတစ်ဦးအနေနဲ့ ပါဝင်လုပ်ရှားခွင့်ရတာမို့ အလုပ်အပေါ်ကို တာဝန်ကျေတယ်၊ ကြိုးစားတယ်၊ တာဝန်ယူတယ်၊ အခုလိုပုံစံရှိတဲ့ အများပိုင်ကုမ္ပဏီတွေကြောင့် ပိုင်ရှင်ဝန်ထမ်းခွဲခြားမှုဟာ အခြေအနေတစ်မျိုး ဖြစ်လာပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ပြုပြင်ပြောင်းလဲမှုမျိုးစုံ အကောင်အထည်ဖော်နေချိန်မှာ အများပိုင်ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှုဟာ အလွန်အရေးပါတဲ့ကိစ္စရပ်တစ်ခုဖြစ်ပါတယ်။ ဒါပေမယ့် အခုလိုဆောင်ရွက်ရာမှာ ပုံသဏ္ဌာန်ပြောင်းရုံသက်သက်မဟုတ်ဘဲ အနှစ်သာရအပြည့်အဝနဲ့ဖြစ်ဖို့ လိုအပ်လျက်ရှိပါတယ်။ အများပိုင်ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှုဟာ စီးပွားရေးရှုထောင့်တစ်ခုတည်းသာမက လူမှုရေးရှုထောင့်၊ နိုင်ငံရေးရှုထောင့်မှလည်း အရေးပါကြောင်း တင်ပြအပ်ပါတယ်။ ။

■ ရှယ်ယာတန်ဖိုးတက်လာတဲ့အတွက် ပိုင်ဆိုင်တဲ့ ရှယ်ယာတွေကို Stock Exchange မှာ ရောင်းချနိုင်ပြီး အကျိုးအမြတ်ရှိနိုင်ပါတယ်။ တစ်ဖက်ကလည်း အမှုဆောင်များရဲ့ ဆောင်ရွက်မှုမအောင်မြင်တဲ့အခါ ကုမ္ပဏီတန်ဖိုး အလိုလိုလျော့ကျသွားပြီး မိမိပိုင်ဆိုင်တဲ့ ရှယ်ယာတန်ဖိုးဟာလည်း လျော့နည်းသွားမှာဖြစ်...

သီတဂူဆေးရုံ(ကလေး)တွင် မျက်စိဝေဒနာရှင်များအား ကုသပေး

ကလေး မေ ၂၁

ကမ္ဘာ့သာသနာပြုဆရာတော် သီတဂူဆရာတော်ကြီး တည်ထောင်တော်မူထားသော ကလေးမြို့ သီတဂူဆေးရုံတွင် မျက်စိအထူးကုဆရာဝန်များက ကလေးခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များ စမ်းသပ်ကုသမှုများကို မေ ၁၈ ရက်မှ ၂၃ ရက်အထိ ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

ကုသပေး

မျက်စိဝေဒနာရှင်များကို ကုသရာတွင် သီတဂူဆရာတော်ကြီး၏ မေတ္တာရိပ်အောက်တွင် ကလေးမြို့ မဟာသန္တာရုံကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တပုညသေဠ (အဂ္ဂမဟာအကျော်၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ)နှင့် စာချဆရာတော် ဦးပရမတို့၏ ကြီးကြပ်မှုဖြင့် လူမျိုး၊ ဘာသာမရွေး မျက်စိဝေဒနာရှင်များကို ကုသပေးလျက်ရှိကြောင်းနှင့် လာရောက်ကုသပြီး မျက်စိအလင်းပြန်ရသူများ အနေဖြင့် ဝမ်းသာကြည်နူးမှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။

လရိပ်ပြာ(ကလေး၊ ကိုယ်ပွား)

စာအုပ်
စာပေ
လှူ့မိတ်ဆွေ

လှိုင်သာယာမြို့နယ် သာယာကုန်းပရိယတ္တိစာသင်တိုက် မြစ်ရေတိုက်စားမှုကြောင့် နှစ်ထပ်အုတ်တိုက်ဆောင်နှင့် ကုဋီများပျက်စီး

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အောင်ဇေယျကြီးတံတားအနီး အမှတ်(၁) ရပ်ကွက် လှိုင်မြစ်ကမ်းနံဘေးရှိ သာယာကုန်းပရိယတ္တိစာသင်တိုက်တွင် ဧပြီ ၂၀ ရက် နံနက် ၃ နာရီက မြစ်ရေတိုက်စားမှုကြောင့် နှစ်ထပ်အုတ်တိုက်ကျောင်းဆောင်တစ်ဆောင်၊ ၁၂ လုံးတဲ့ ကုဋီရှစ်လုံးပျက်စီးခဲ့ပြီး တန်ဖိုးငွေကျပ် သိန်း ၃၀၀ ခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

စာသင်သံဃာများနေထိုင်သော နှစ်ထပ်ကျောင်းဆောင်ကို မြစ်ရေတိုက်စားမှုမှကာကွယ်ရန် ဖြိုဖျက်ရွှေ့ပြောင်းနေကြပြီး မြစ်ကမ်းပါးမှာ ဆက်လက်ပြိုကျလျက်ရှိရာ ကုဋီရှစ်လုံး မြစ်အတွင်းသို့ ထိုးကျနေပြီဖြစ်သည်။ မြစ်ရေတိုက်စားမှုနှင့်ပတ်သက်၍ သာယာကုန်းဆရာတော်က "ကျောင်းနားမှာ သင်္ဘောကျင်းတစ်ခုရှိတယ်။ သင်္ဘောအဝင်အထွက်များတော့ ကမ်းကိုရေတိုက်စားရာကနေ တဖြည်းဖြည်းနဲ့ အခု ပေ (၁၀၀×၆၀) ပတ်လည် မြစ်ထဲပါသွားပြီး နှစ်ထပ်ကျောင်းဆောင်က ပေ (၂၅×၆၀)အုတ်တိုက် အခုဖျက်ချနေရပြီ။ ကုဋီရှစ်လုံးရေတိုက်စားခံရတယ်။ ဧပြီ ၂၀ ရက် နံနက် ၃ နာရီက စပြီးပြိုလာတာ ဧပြီ ၂၁ ရက်အထိ တဖြည်းဖြည်းနဲ့ မြစ်ထဲကို ပြိုပြို ကျလာပြီ" ဟု မိန့်ကြားသည်။ **(အပေါ်ပုံ)**

စာချဆရာတော်တစ်ပါးဖြစ်သော အရှင်ဦးသုနန္ဒကလည်း "ဇေယျသုခ နှစ်ထပ်ကျောင်းဆောင်နဲ့ ကုဋီ ၁၂ လုံးမှာ ရှစ်လုံးက ကျိုးပြီးမြစ်ထဲပါနေပြီ။ ဉာဏ်တော် ၂၇ ပေအမြင့်ရှိတဲ့ ပြည်လုံးချမ်းသာစေတီလည်း မြစ်ကမ်းနံဘေးမှာဆိုတော့ ရေထဲပါသွားမှာ စိုးရိမ်နေရတယ်။ မနေ့နံနက်ကစပြိုလာတာ ဒီနေ့ထိ အလျားပေ ၁၀၀၊ အနံပေ ၆၀ ပတ်လည် ရေတိုက်စားသွားပြီ။ အရင်နှစ်တွေက ပေ ၃၀ နဲ့ သုံးနှစ်ပုံမှန် တိုက်စားလာတာ ကျောင်းက တတ်နိုင်သလောက် ရပ်ကွက်နဲ့ဝိုင်းပြီး ဝါးနဲ့တုတ်ခတ်ခဲ့ကြတယ်။ လှိုင်သာယာမြစ်ကမ်းပါး တစ်လျှောက်မှာရှိတဲ့ ရွှေပြည်သာ တံတားနားက ညောင်ချောင်းကျောင်း၊ အလယ်ရွာ၊ ငွေပင်လယ်၊ ကစင်ကျောင်း၊ သာယာကုန်းကျောင်း၊ ရှမ်းချောင်း၊ ဒိုင်စုမှာရှိတဲ့ မြစ်ကမ်းနံဘေးက ဘုန်းကြီးကျောင်းတွေ မြစ်ရေတိုက်စားတဲ့ဒဏ်ကို နှစ်စဉ်ခံနေရတယ်။ ကစင်နဲ့ သာယာကုန်းကျောင်းက ပိုပြီးခံရတယ်။ ဒီကျောင်းမှာ စာသင်သံဃာအပါး ၁၀၀ ကျော်၊ ရိပ်သာစခန်းအတွက် လူ ၃၀၀ ကျော်နဲ့ ဓမ္မစကူးလ်ဖြစ်တဲ့ ယဉ်ကျေးလိမ္မာသင်တန်းလည်း ဖွင့်ထားတယ်ဆိုတော့ ကျောင်းဆောင်တစ်ဆောင် ပျက်စီးသွားရင် နေရေးထိုင်ရေးက အခက်အခဲကြုံရတတ်တယ်။ အခုတုတ်ခတ်ပြီး သဲအိတ်တွေချနေကြပြီ။ စိတ်ချရမယ့် အနေအထားတော့မမြင်ဘူး။ မိုးရာသီရေတက်ချိန် ပိုပြီးရေတိုက်စားလာနိုင်တယ်။ စိုးရိမ်တာက မြစ်ကမ်းဘေးက ပြည်လုံးချမ်းသာစေတီတော်ရေထဲပါမသွားဖို့ဘဲ" ဟု မိန့်ကြားခဲ့သည်။

ယခင်က မြစ်ကမ်းပါးအဖြစ်ရှိသော မြေသားပေ ၁၅၀ မှာ ယခုအခါ မြစ်ရေတိုက်စားသည့်နောက်သို့ ပါသွားပြီဖြစ်ပြီး ဆက်လက်ကမ်းပါးပြိုမှုကိုကာကွယ်ရန် နေရာတစ်နေရာတည်းတွင် လုပ်ဆောင်ခြင်းထက် မြစ်ကမ်းပါးတစ်လျှောက်တွင် ရေတိုက်စားလာမှုမှ ကြိုတင်ပြင်ဆင်တားဆီးနိုင်ပါက မြစ်ကမ်းပါးကျေးရွာများနှင့် ဘုန်းတော်ကြီးကျောင်းများ ပျက်စီးဆုံးရှုံးမှုကို ကြိုတင်ကာကွယ်နိုင်မည်ဟု မြစ်ကမ်းပါးပြိုမှုတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေသော လူမှုရေးအသင်း အဖွဲ့ဝင်တစ်ဦးကလည်း ပြောကြားသည်။

ထိုသို့ သာယာကုန်းပရိယတ္တိစာသင်တိုက်အတွင်းရှိ မြစ်ကမ်းပါး ရေတိုက်စားမှုဖြစ်ပွားရာသို့ မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ယမန်နှစ်က လှိုင်မြစ်ကမ်းနံဘေးတွင်ရှိသော ဒိုင်စုရွာအနီးရှိ စက်သုံးဆီတင်ပို့နေသည့် ဆိပ်ကမ်းတစ်ခုတွင်လည်း မြစ်ကမ်းပါးပြိုကျ၍ ဆီဘောက်စာယာဉ်နှစ်စီးမြစ်ထဲသို့ ထိုးကျသွားသော ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

သန်းထိုက်(လှိုင်သာယာ)

ကျေးလက်စာကြည့်တိုက်များသို့ စာအုပ်လှူဒါန်းပွဲ ညောင်လေးပင်မြို့၌ကျင်းပ

ညောင်လေးပင် ဧပြီ ၂၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ စံ(၅)ချက်နှင့် ပြည့်မီသော စာကြည့်တိုက်များသို့ ကျေးလက်နေပြည်သူများ စာပေဗဟုသုတများရရှိ၍ အသိပညာများ တိုးပွားစေရန်ရည်ရွယ်၍ သုတ၊ ရသ စာအုပ်များနှင့် နေ့စဉ်ထုတ်သတင်းစာများ လစဉ်လှူဒါန်းခြင်းအခမ်းအနားကို ဧပြီ ၂၁ ရက် နံနက် ၁၀ နာရီက ညောင်လေးပင်မြို့နယ် စာရေးဆရာအသင်းရုံးရှေ့၌ ကျင်းပသည်။

စာအုပ်နှင့် သတင်းစာလှူဒါန်းပွဲသို့ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ စာရေးဆရာ ဆရာမကြီးများ၊ စာပေဝါသနာရှင်များ စုံညီစွာတက်ရောက်ခဲ့ကြပြီး အလှူရှင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်က ကျေးလက်စာကြည့်တိုက်များသို့ နေ့စဉ်ထုတ်သတင်းစာများနှင့် သုတရသစာအုပ်များ ငွေကျပ်သိန်း ၂၀ ဖိုးခန့်အား ပေးအပ်လှူဒါန်းရာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာမြင့်သန်း(ညောင်လေးပင်)က လက်ခံရယူပြီး ကျေးရွာစာကြည့်တိုက်များသို့ ဆက်လက်ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်အောင်လှိုင်

ကင်းထောက်လူငယ်များ စခန်းချတွေ့ဆုံပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်း

ပြင်ဦးလွင် ဧပြီ ၂၁

မြန်မာနိုင်ငံရှိ အခြေခံပညာကျောင်းများကို အခြေခံပြီး ၂၀၁၂-၂၀၁၃ ခုနှစ် ပညာသင်နှစ်မှစတင်၍ ကင်းထောက်လူငယ်များကို စတင်ဖွဲ့စည်းခဲ့ရာ ယနေ့အထိ အဖွဲ့ဝင်ပေါင်း ၇၂၀၀ ဦးကို ဖွဲ့စည်းထားရှိပြီး ကင်းထောက်လူငယ်များ စခန်းချတွေ့ဆုံပွဲကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် ကျင်းပမည်ဖြစ်သဖြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေါင်းစပ်ညှိနှိုင်း

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦးက လုပ်ငန်းကော်မတီများ ဖွဲ့စည်းမှုကိုတင်ပြရာ လုပ်ငန်းကော်မတီများက ဆောင်ရွက်မည့်အစီအစဉ်များကို တင်ပြညှိနှိုင်းဆွေးနွေးကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ကင်းထောက်လူငယ် ၄၉၀၊ ကြီးကြပ်သူ ၈၀ စုစုပေါင်း ၅၇၀ တို့သည် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း၌ ဧပြီ ၂၈ ရက်မှ မေ ၂ ရက်အထိ စခန်းချတွေ့ဆုံပွဲကျင်းပမည်ဖြစ်ပြီး မေ ၁ ရက် ညတွင် ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ စခန်းသိမ်းမီးပုံပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ခင်မောင်ထွန်း(ပြင်ဦးလွင်)

နိုင်ငံဘက်စုံ တည်ဆောက်ရေး
မှန်မှန်ကန်ကန် အခွန်ပေး

ပြည်တွင်းသတင်း

၂၀၁၄ ခုနှစ်
ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်း

၂၀၁၄ ခုနှစ်၊ ဧပြီလ (၂၆)ရက်နေ့မှ မေလ (၄)ရက်နေ့အထိ

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် တိပိဋကနိကာယကျောင်းတိုက်တွင် တိ-နိပစ္စည်းလေးပါးပဒေသာပင် ငွေကျပ်နှစ်သိန်း၊ ရာသက်ပန်ဆွမ်းပဒေသာပင် ငွေကျပ်သုံးသိန်းတို့ကို ဧပြီ ၂၀ ရက်က အလှူရှင်များက တိပိဋကရေဘဒ္ဒန္တဝိစိတ္တာလင်္ကာရဆရာတော်ထံ ဆပ်ကပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

ပွင့်ဖြူမြို့နယ်တွင် သက်ကြီးပူဇော်ပွဲကျင်းပ

ပွင့်ဖြူ ဧပြီ ၂၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဝဲဒေါင့်ကျေးရွာ၌ သတ္တမအကြိမ်မြောက် အသက် (၇၅ နှစ်)နှင့်အထက် သက်တော်ရှည် ဘိုးဘွားများကိုတတ်စွမ်းသမျှ လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ပူဇော်လှူဒါန်းသော သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဧပြီ ၁၉ ရက် မွန်းလွဲ ၂ နာရီက ဝဲဒေါင့်ကျေးရွာရှိ စာသင်ကျောင်းဝန်းအတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုပြီး ဖွင့်လှစ်ခဲ့ရာ တက်ရောက်လာသော ပရိသတ်တို့က ဩကာသကန်တော့ချိုးဖြင့် ပူဇော်ကြပြီး ကျေးရွာအုပ်ချုပ်ရေးမှူးက သက်ကြီးပူဇော်ပွဲ ကျင်းပရခြင်း၏ အကြောင်းအရင်းကို ပြောကြားသည်။

ဆက်လက်၍ သက်တော်ရှည် ဘိုးဘွား ၆၉ ဦးတို့အား ကန်တော့ခံပစ္စည်းများဖြင့် ကန်တော့ကြပြီး သက်တော်ရှည်ဘိုးဘွားများထဲမှ လေးဦးက ဆုတောင်းမေတ္တာများချီးမြှင့်ပြီးနောက် အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ဇူလိုင်မိုး

Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ/အောင်မြင်ပြီးသူများ နှင့် အဲ့ကြို အဲ့ရများ အတွက်

Basic Spoken English
Sat & Sun - 9:00-12:00am 26 Apr
Sat & Sun - 12:30-3:30pm 26 Apr
Sat & Sun - 3:45-6:45pm 26 Apr
Mon to Thurs-7:30-9:30am 28 Apr
Mon to Thurs-10:00-12:00am 28 Apr
Mon to Thurs-1:00-3:00-5:00pm 28 Apr
Mon to Thurs-5:30-7:00pm 28 Apr
Pre-Intermediate English
Mon to Thurs-7:30-9:30am 22 Apr
Mon to Thurs-10:00-12:00am 28 Apr
Intermediate English
Mon to Thurs-1:00-3:00pm 28 Apr
Structure & Written Expression
San & Sun - 4:00 - 7:00 pm 26 Apr
Mon to Thurs - 1:00 - 3:00pm 28 Apr
Vocabulary Enrichment Course
Sat & Sun - 10:00-12:00am 26 Apr

Grammar Foundation Course
Sat & Sun - 9:00-12:00am 26 Apr
Mon to Thurs - 7:30-9:30 am 28 Apr
Mon to Thurs - 1:00 - 2:30pm 28 Apr
Basic Writing Course
San & Sun - 3:45 - 6:15 pm 26 Apr
Mon to Thurs - 3:00 - 5:00pm 28 Apr
Academic Writing Course
San & Sun - 5:00 - 7:00 pm 26 Apr
Academic Preparation For IELTS(API)
Mon to Thurs - 10:30 - 12:30am 28 Apr
IELTS(Test Practice) San&Sun 10:30to12:30am 26 Apr
IELTS(Speaking) San&Sun 1:00to3:30pm 26 Apr
SAT Mon to Thurs -3:30-5:00pm 28 Apr
TOEFL Mon to Thurs-3:30-7:00pm 28 Apr

No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 243950, 246910

ပြည်တွင်းသတင်း

ပြည်ပဈေးကွက်လိုအပ်ချက်လေ့လာပြီး စီးပွားဖြစ်စိုက်ကွင်းထူထောင်

နေပြည်တော် ဧပြီ ၂၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၇ နာရီခွဲက နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် စက်စက်ယို ဆည်ရေသောက်စနစ်စိုက်ကွင်းရှိ နယူးဇရာကုမ္ပဏီ၏ ထိုင်ဝမ်နည်းပညာဖြင့် သိပ္ပံနည်းကျစိုက်ပျိုးထားသော (Net House) ပိုက်ကွန်စနစ်အဆောက်အအုံများအတွင်း စိုက်ပျိုးထားသော ကဉ္စွတ်သီးနှံစိုက်ခင်း၊ ကန်စွန်းစိုက်ခင်းများနှင့် ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ခင်းများကို ကြည့်ရှုအားပေးပြီး**(ယာပုံ)** အော်ဂဲနစ်နည်းပညာဖြင့် စိုက်ပျိုးခြင်းအားဖြင့် အကျိုးဖြစ်ထွန်းမှု အလားအလာများကို ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village One Product) စနစ်ဖြင့် တစ်ဆက်တစ်စပ်တည်း ကဉ္စွတ်ဧက ၁၅၀ စိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

ထို့နောက် တစ်ဧကတန် ၈၀ နှင့်အထက် ထွက်ရှိနိုင်သည့် သက်တမ်းငါးလသားအရွယ်ရှိကြံပင်များ အပင်ပေါက်နှုန်းညီညာစွာဖြင့် အမြင့်ပေငါးပေအထိ ရှင်သန်စိမ်းစိုဖြစ်ထွန်းအောင်မြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တစ်ဧက တန် ၈၀ ထွက်ရှိနိုင်သည့်နည်းပညာများကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနရှိ ကြံသီးနှံဌာနတို့မှ ဤစိုက်ခင်းကြီးအား လာရောက်လေ့လာကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငရုတ်နီအတောင့်ရှည်စိုက်ကွင်း၌ ငရုတ်သီးများ နီရဲရင့်မှည့်ဖြစ်ထွန်းအောင်မြင်နေမှုများ၊ ကဉ္စွတ်စိုက်ခင်းနှင့်ခရမ်းသီးအရှည်မျိုး၊ အလုံးမျိုးများဖြစ်ထွန်းအောင်မြင်မှုများ၊ ဖရုံသီးစိုက်ခင်း၊ နာနတ်သီးစိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဇေယျာသီရိမြို့နယ် သပြေပင်ကျေးရွာအနီး တစ်ဆက်တစ်စပ်တည်း တောင်သူပညာပေးစိုက်ခင်း၌ လေးလသားအောင်မြင်နေသောကြံစိုက်ခင်း၊ ဂျပန်မုရင်းမျိုးပိန်းဥနှင့် ဂျပန်မုရင်းမျိုး ကန်စွန်းစိုက်ခင်းများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး တောင်သူများထံသို့ စိုက်နည်းစနစ်နှင့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဇေယျာသီရိမြို့နယ် သစ်တပ်ကုန်းကျေးရွာအနီး စိန်တစ်လုံးသရက်၊ ပတ္တမြားငမောက်သရက်၊ ရွှေဟင်္သာသရက်၊ ပန်းဆွဲသရက်မျိုးများကို မျိုးသန့်မျိုးပွားစိုက်ပျိုးထားသည့် စိုက်ကွင်း၌ သရက်သီးများ ဝေဆာစွာသီးပွင့်နေမှုများကို ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီးက စိုက်ခင်းများကို စစ်ဆေးရာတွင် စိုက်ပျိုးသီးနှံများကို စီးပွားဖြစ်စိုက်ပျိုးကြရာတွင် ပြည်တွင်းစားသုံးမှုဈေးကွက်လိုအပ်ချက်နှင့် ပြည်ပဈေးကွက်လိုအပ်ချက်တို့ကို အဘက်ဘက်မှလေ့လာပြီး စီးပွားဖြစ် စိုက်ကွင်းများ ထူထောင်ကြရမည်ဖြစ်ကြောင်း၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village One Product) စနစ်ဖြင့် တစ်ဆက်တစ်စပ်တည်း စီးပွားဖြစ်စိုက်ကွင်းကြီးများ ထူထောင်နိုင်ရေး မျိုးကောင်းမျိုးသန့်နှင့်စိုက်နည်းစနစ်များကို ဖြန့်ဖြူးပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံခြားဈေးကွက်၏ စားသုံးသူ ဘေးအန္တရာယ်ကင်းရှင်းလုံခြုံစိတ်ချရမှု (Food Safety) အားအလွန်အလေးပေးတတ်သည့် အလေ့အထကို သိရှိပြီး ဓာတုဓာတ်ကြွင်းနည်းစေရေးနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းရေးအတွက် သီးနှံများကို အော်ဂဲနစ်နည်းစနစ်ဖြင့် စိုက်ပျိုးခြင်းနည်းလမ်း၊ အိတ်စွပ်ခြင်းနည်းလမ်းများဖြင့် စိုက်ပျိုးတတ်စေရေးအလေ့အကျင့်ကောင်းများကို ပညာပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ၌ ပုဂ္ဂလိကမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလုပ်ဆောင်လာနိုင်ရန် နိုင်ငံတော်အစိုးရ သမဝါယမအသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် စိုက်ပျိုးရေးပညာရှင်များအနေဖြင့် (Public Private Paternership) စနစ်ကို အားပေးဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။ **(သတင်းစဉ်)**

မြစ်ဝကျွန်းပေါ် ငါးလိပ်ကျောက်ခွံများ ဈေးကွက်တင်ပို့ရောင်းချ

ငါးလိပ်ကျောက်ခွံဆိုသည်မှာ ငါးလိပ်ကျောက်ငါးများ၏ ကျောခုံးအရေခွံနှင့် ဝမ်းဗိုက်သားအရေခွံများဖြစ်သည်။ ငါးလိပ်ကျောက်ခွံများကို မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေရေလုပ်ငန်းများဖြစ်သည့်စန္ဒားလုပ်ငန်း၊ အင်္ဂလန်ကျားလုပ်ငန်း၊ ကျားလုံးပိုင်လုပ်ငန်း၊

ပင်လယ်ပြင်မှ ဖမ်းဆီးရမိလာသည့် ငါးလိပ်ကျောက်ငါးတစ်ကောင်။

ဆွဲပိုက်လုပ်ငန်းများ၊ မျှောပိုက်လုပ်ငန်းများနှင့် ကမ်းခြေဒေသရှိအခြားသောပင်လယ်ရေလုပ်ငန်းငယ်များမှ ထုတ်လုပ်ရောင်းချကြသည်။ ပြည်တွင်းတွင် ဈေးကွက်မရှိဘဲ ပြည်ပဈေးကွက်ကိုသာ အားထားရောင်းချနေရသည့် မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသများ၏ ပင်လယ်ရေလုပ်ငန်း ဈေးကွက်တစ်ခုဖြစ်သည်။

ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရသည့် ငွေကြေးပမာဏမှာလည်း များပြားသည်။ ထို့အပြင်လိပ်ကျောက်ခွံများကိုပြည်တွင်းတွင် လုံးဝစားသုံးမှုမရှိကြသဖြင့် မြန်မာနိုင်ငံအတွင်းရှိ ဈေးရုံဆိုင်ခန်းများတွင် တည်ခင်းရောင်းချနေသည်ကို တွေ့မြင်ကြရမည်မဟုတ်။ ငါးလိပ်ကျောက်ခွံရောင်းဝယ်ရေးလုပ်ငန်းများကို ရေထွက်ပစ္စည်းရောင်းဝယ်သည့် ကုန်သည်တိုင်းလုပ်ကိုင်နိုင်ခြင်းမရှိ။ ငွေကြေးအင်အားများစွာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်သူ၊ ပြည်ပပို့ကုန်လုပ်ငန်းကုမ္ပဏီများနှင့် အဆက်အသွယ်ရှိသူများသာ လုပ်ကိုင်လေ့ရှိသည်။ အချို့ငွေကြေးအင်အားရှိပြီး ပြည်ပပို့ကုန်လုပ်ငန်းကုမ္ပဏီများနှင့် အဆက်အသွယ်မရှိသူများကမူ ဘုရင့်နောင်ပွဲရုံ ဈေးကွက်သို့ တင်ပို့ရောင်းချကြသည်။ ဘုရင့်နောင်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ကုန်သည်များမှာလည်း အကျိုးအမြတ်ခံစားရရှိကြသည်သာဖြစ်သည်။ သို့သော် ပြည်ပပို့ကုန်လုပ်ငန်းကုမ္ပဏီများနှင့် တိုက်ရိုက်ဆက်သွယ်ရောင်းချသည့် ကုန်သည်များ၏ အမြတ်အစွန်းကို မှီ။ ထို့ကြောင့် ကမ်းခြေဈေးကွက်များ၏ ငါးလိပ်ကျောက်ခွံ ဈေးနှုန်းများမှာ ပြည်ပပို့ကုန်လုပ်ငန်း ကုမ္ပဏီများနှင့် တိုက်ရိုက်ဆက်သွယ် ရောင်းချသည့် ကုန်သည်များ၏ အခြေအနေပေါ်တွင်သာ မူတည်နေကြောင်း ဘိုကလေးမြို့နယ်ရှိ ငါးလိပ်ကျောက်ခွံကုန်သည် ကိုမောင်ကြိုင်ထံမှ သိရသည်။

ငါးလိပ်ကျောက်ခွံ ဈေးကွက်သည် ကမ်းခြေဒေသ-ငါးစီဖောင်း-ဈေးကွက် ဈေးကွက်များကဲ့သို့ပင် ခနအင်အားတောင့်တင်းခိုင်မာပြီး ကျစ်လျစ်သိပ်သည်းသည့် ပင်လယ်ရေလုပ်ငန်းဈေးကွက်တစ်ခု ဖြစ်သည်။ လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ပုံမှာလည်း ငါးစီဖောင်းဈေးကွက်၏ လှုပ်ရှားလုပ်ကိုင်ပုံနှင့် တစ်ပုံစံတည်းပင်ဖြစ်သည်။ ငါးစီဖောင်းနှင့် ငါးလိပ်ကျောက် အရေခွံများသည် တာရှည်အထားခံသည့် ရေထွက်ကုန်ပစ္စည်းတွေဖြစ်နေပြီး အခြားသော ရေထွက်ကုန်များကဲ့သို့ ဂိုဒေါင်များ၊ အဆောက်အအုံများ ဆောက်လုပ်သိုလှောင်ရသည်အထိ များများစားစား ကုန်တက်မရရှိ။ ထို့ကြောင့် ဝယ်ယူရရှိလာသည့် ငါးလိပ်ကျောက်ခွံများကို ပီနံအိတ်များ၊ သေတ္တာကြီးများနှင့်ထည့်သွင်းသိမ်းစုဆောင်းသိမ်းဆည်းထားကြသည်။

ငါးလိပ်ကျောက်ဝမ်းဗိုက်သားအရေခွံကိုတွေ့ရစဉ်။

သို့သော် ကြိုက်ဈေးရရှိလာခဲ့လျှင် ရရှိလာသည့်အချိန်မှာ ဈေးကွက်ကို တင်ပို့ရောင်းချကြသည်။ ရင်းနှီးမြှုပ်နှံမှုအင်အားရှိသည့် လုပ်ငန်းပိုင်ရှင်များကမူ ပင်လယ်ရေလုပ်ငန်းရာသီကုန်မှဈေးကွက်သို့ တင်ပို့ရောင်းချကြသည်။ ယခုအခါပင်လယ် ရေလုပ်ငန်းရာသီချိန် ကုန်ဆုံးတော့မည်ဖြစ်သဖြင့် ကမ်းခြေဈေးကွက်တွေအနေနှင့် ဝယ်ယူသိမ်းဆည်းထားသည့် ငါးလိပ်ကျောက်ခွံများကို ဈေးကွက်သို့ တင်ပို့ရောင်းချနေပြီဖြစ်ကြောင်း ဘိုကလေးမြို့နယ်မှ ငါးလိပ်ကျောက်ကုန်သည် ကိုမောင်ကြိုင်ထံက သိရသည်။

တင်ပို့ရောင်းချ

ယခုနှစ်ပင်လယ်ရေလုပ်ငန်းရာသီတွင်ငါးလိပ်ကျောက်ခွံဈေးကွက်ကို ဘိုကလေးမြို့နယ် ကဒုံကနိ၊ အေရာ၊အမာမြို့နယ် နောက်မီး၊ အရှေ့ဖျား၊ ဂေါ်ဒူ၊ထောင်ကြီးတန်း၊ ခတ္တာကျွန်း ဖျာပုံမြို့နယ်၊ မြစ်တန်း၊ဘုန်းကြီးသောင်၊ ကုလားထိပ်စသည့်ကျေးရွာဒေသများနှင့် ပတ်ဝန်းကျင်ဒေသများတွင် အထိုင်ချလုပ်ကိုင်ကြသည်။ လက်ရှိ အဆိုပါဈေးကွက်များတွင် ငါးလိပ်ကျောက်ကျောကုန်းအရေခွံ တစ်ပိဿာ ၂၀၀၀၀ ကျပ်၊ ၂၅၀၀၀ ကျပ်၊ ဗိုက်သားအရေခွံတစ်ပိဿာ ကျပ် ၁၃၀၀၀ မှ ၁၅၀၀၀ နှုန်းနှင့်ဝယ်ယူကာရန် ကုန်မြို့ရှိ ငါးလိပ်ကျောက်ခွံဈေးကွက်များသို့ တင်ပို့ရောင်းချကြသည်။ ယခုနှစ် လုပ်ငန်းရာသီဦးတွင် ငါးလိပ်ကျောက်ခွံဈေးကွက်မှာကုန်တက်နည်းနေခဲ့သော်လည်း ဇန်နဝါရီ၊ ဖေဖော်ဝါရီလများမှစ၍ ကုန်တက်လှိုင်လာခဲ့သည်။ သို့သော်လိပ်ကျောက်ခွံဈေးကွက်၏ သဘာဝအတိုင်းဝယ်ယူရရှိထားသည့် လိပ်ကျောက်ခွံများကို ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းမရှိကြဘဲ သင်္ကြန်ကာလကျော်လွန်မှ တင်ပို့ရောင်းချကြခြင်းဖြစ်သည်။ ကမ်းခြေဒေသ ငါးလိပ်ကျောက်ခွံဈေးကွက်များသည် နှစ်စဉ်နှစ်တိုင်းလိုလို အရှုံးမရှိဘဲ အခြေအနေ ကောင်းနေခဲ့သည့် ပင်လယ်ရေလုပ်ငန်းဈေးကွက်တစ်ခု ဖြစ်နေသဖြင့် ယခုနှစ်မှာလည်း အခြေအနေ ကောင်းနိုင်ကြောင်း ကိုမောင်ကြိုင်ထံမှ သိရသည်။

မင်းသစ္စာလှိုင် (ကဒုံကနိ)

ကိုယ့်အားကိုယ်ကိုးကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်

ကျောက်တံခါး မေ ၂၁

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းဒေသကြိမ်ခါးကုန်းကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို မေ ၂၁ ရက် နံနက် ၉ နာရီက စတင်ဖောက်လုပ်ခဲ့ရာ ပဲနွယ်ကုန်း-ကျောက်ကြီးကားလမ်းဘေးရှိ ကျောင်းစိုးကျေးရွာမှ သရက်အုပ်ကျေးရွာသို့ လမ်းအရှည်ပေ ၅၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ ပေ မြေသားလမ်းနှင့် သရက်အုပ်ကျေးရွာမှ နတ်လောင်းကျေးရွာသို့ လမ်းအရှည်ပေ ၆၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်ပေရှိ ကျေးရွာချင်းဆက်မြေသားလမ်းနှစ်ခု စုစုပေါင်း အရှည်ပေ ၁၁၀၀၀ ကို ဖောက်လုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုး မြေသားလမ်း ဖောက်လုပ်ရာတွင် လွယ်ကူမြန်ဆန်စေရေးနှင့် အဆင်ပြေမှုများရရှိနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေက မြေတူးစက် ဘက်ဖိုးစက်ကြီးကို ငှား၍ ပံ့ပိုးကူညီပေးခဲ့ပြီး ကြိမ်ခါးကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းနှင့်ကျေးရွာအထောက်အကူပြုအဖွဲ့များ၊ ရွာသူရွာသားများမှ စုပေါင်း၍ ကျေးရွာချင်းဆက်မြေသား လမ်းကို ဖောက်လုပ်ခဲ့ကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

❒ *ကျောဖုံးမှ*

အုန်းပင်ရိပ်အောက် အပန်းဖြေလေညင်းခံနေသော စာရေးဆရာ အာရက္ခသြရသက သူ့အမြင်ကို ရင်ဖွင့်ပြသွားသည်။

စစ်တွေကမ်းခြေသို့ လာရောက်သူများတွင် မိသားစုအလိုက်၊ အဖွဲ့လိုက် လာရောက်ကြသူများပြားသည်။ ယခုအခါ အနီးအနားရှိ မြို့နယ်များကပင် လာရောက်ကြသူများရှိကြောင်း သိရသည်။ အုန်းပင်ရိပ်အောက်များတွင် မိသားစုအလိုက် ဝိုင်းဖွဲ့ကာ တပျော်တပါး စားသောက်နေကြသူများ၊ စိတ်အေး ကိုယ်အေး အနားယူနေကြသူများ၊ စားသောက်ဆိုင်များတွင် စနစ်တကျစားသောက်နေကြသူများ၊ ညနေခင်းနေညိုချိန်တွင် ပင်လယ်ကမ်းစပ်တွင် ရေကစားနေကြသူများကို မြင်တွေ့ရသည်။

စစ်တွေမြို့ထဲမှ စစ်တွေပင်လယ်ကမ်းခြေသို့သွားရာလမ်းသည် ကျဉ်းမြောင်းသဖြင့် ယာဉ်ကြောပိတ်ဆို့မှုများရှိနေသည်။ ကားများ၊ သုံးဘီးဆိုင်ကယ်များ၊ နှစ်ဘီးဆိုင်ကယ်များ၊ စက်ဘီးများဖြင့် လူများ ထောင်သောင်းချီကာ လာရောက်ကြရာ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပေါ်စေရေးအတွက် စီစဉ်ပေးကြသော ယာဉ်ထိန်းရဲများကို စေဒကတက်သူများလည်းရှိကြောင်း သိရသည်။ ယဉ်ကျေးမှုကို ဖီလာဆန့်ကျင်သော ဆယ်ကျော်သက်အရွယ် အမျိုးသမီးငယ်များ ဘီယာသောက်ကာ ကခုန်မြူးထူးနေကြသည်များလည်း ရှိကြောင်း၊ လူအုပ်ထဲ မူးယစ်ရမ်းကားသူများလည်းရှိကြောင်း၊ ဖဲဝိုင်းများမှိုလိုပေါက်ကာ ကစားနေကြသူများလည်းရှိကြောင်း သိရသည်။

"တစ်နှစ်ထက်တစ်နှစ် ပိုစည်ကားလာတာတွေ့ရပါတယ်။ ဒါတောင် လူတွေဝင်ငွေကောင်း လာရင်တော့ ဒီထက်သုံးဖြုန်းနိုင်ကြမှာပါ။ လူတွေငွေများများရှာနိုင်ပါစေလို့ ဆန္ဒပြုပါတယ်" ဟု အစားအသောက်လုပ်ငန်း လုပ်နေသူ ကိုဘာကီက ပြောပြသည်။

ပြည်တွင်းသတင်း

ဤသို့သင်္ကြန်လွန်စ စနေ၊ တနင်္ဂနွေနေ့များသည် နှစ်စဉ်နှစ်တိုင်းစည်ကားနေရာ အန္တရာယ်များမဖြစ်ပေါ်စေရေး စီစဉ်ပေးရန်လိုကြောင်း ဒေသခံများ၏ပြောကြားချက်များအရ သိရသည်။

နွေအပူချိန် ပြင်းထန်မှုများအောက်တွင် လူစုလူဝေးများဖြင့် စည်ကားနေသော နေရာဖြစ်ရာ ရုတ်တရက်မူးသောသူများ၊ အပူရှော့ဖြစ်သူများအတွက် ကျန်းမာရေးစောင့်ရှောက်ပေးမှု စီစဉ်ထားရန်လိုကြောင်း၊ မူးယစ်သောက်စားသူများ၊ မသမာသူများကြောင့် လုယက်မှု၊ ဒုစရိုက်မှုများ မပေါ်ပေါက်စေရန် လုံခြုံရေးစီစဉ်ပေးရန်လည်း လိုအပ်ကြောင်း၊ စည်းကမ်းမဲ့သော ဈေးရောင်းသူများ၊ ဈေးဆိုင်များကိုအမှိုက်များ စနစ်တကျစွန့်ပစ်စေရန် စီစဉ်သင့်ကြောင်း၊ အပူဒဏ်အန္တရာယ် ကာကွယ်စေရေးအတွက် ကမ်းခြေ၌ ရေကစားမှုများကိုလည်း အချိန်သတ်မှတ်ချက်ဖြင့်ခွင့်ပြုသင့်ကြောင်း ဒေသခံများက လိုလားကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

ပေါက် မေ ၂၁

မကွေးတိုင်းဒေသကြီး ပေါက်မြို့ အောင်တံခွန်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၏(၁၅)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မေ ၁၇ ရက်က ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ကျင်းပရာ သံဃာတော် ၂၆၇ ပါး အား ဌာနဆိုင်ရာများ၊ ရပ်ကွက် ဈေးအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များက ဆန်အိတ် အလုံးရေ ၄၀ နှင့် အလှူငွေများ လောင်းလှူကြသည်။

ဆက်လက်၍ အန္တရာယ်ကင်းပရိတ်တရားတော်များကိုသံဃာတော်များက ရွတ်ဖတ်ကြပြီး သက်ကြီးဘိုးဘွားများအား အလှူငွေနှင့် ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

❁ *ကျောဖုံးမှ*

ညောင်ဦးဆေးခပ်ထန်းလျက် ကျပ်တစ်ပိဿာ ၈၆၀-၈၈၀ ကျပ်နှုန်း၊ မလိုင်ထန်းလျက်တစ်ပိဿာ ၈၇၀ ကျပ်နှုန်းရှိကြောင်း ဈေးကွက်မှ သိရသည်။

သင်္ကြန်အပြီး ပြန်ဖွင့်ရက်တွင် သင်္ကြန်မတိုင်မီ နောက်ဆုံးဖွင့်ရက်ထက် စားအုန်းဆီနှင့်ဆန်ချောဈေးနှုန်းများသာ ဈေးနှုန်းတက်ပြီး ကြက်သွန်နီ၊ ကြက်ကြက်ကြက်သွန်ဖြူ အာလူး၊ ငရုတ်၊ ထန်းလျက်ဈေးနှုန်းများ ကျဆင်းနေကြောင်း အဝယ်တော်များက ဆိုသည်။

ယခင်နှစ် ၂၀၁၃ မေ ၂၂ ရက်တွင် စားအုန်းဆီတစ်ပိဿာ ၁၄၁၅ ကျပ်၊ မြေပဲဆီတစ်ပိဿာ ၃၉၀၀ ကျပ်၊ ဆိပ်ဖြူကြက်သွန်နီတစ်ပိဿာ ၃၀၀-၃၄၀-၃၆၀-၃၆၀ ကျပ်၊ ရှမ်းကြက်သွန်ဖြူတစ်ပိဿာ ၁၃၅၀-၁၅၅၀-၁၇၅၀-၁၉၅၀ကျပ်၊ ကြူကုတ်ကြက်သွန်ဖြူတစ်ပိဿာ ၁၈၀၀ ကျပ်၊ အာလူး A_1 တစ်ပိဿာ ၄၉၀ ကျပ်၊ ok ၇၂၀ ကျပ်၊ S_1 တစ်ပိဿာ ၈၂၀ ကျပ်၊ ပန်းတနော်ငရုတ်တစ်ပိဿာ ၁၆၀၀-၁၆၇၅ ကျပ်၊ ညောင်ဦးဆေးခပ်ထန်းလျက်တစ်ပိဿာ ၇၀၀ ကျပ်၊ မလိုင်တစ်ပိဿာ ၆၄၀ ကျပ်နှုန်းရှိခဲ့သဖြင့် ယခုနှစ်သင်္ကြန်အလွန် ဈေးနှုန်းများသည် ယခင်နှစ်ကာလထက် စားအုန်းဆီ၊ ကြက်သွန်နီ၊ ငရုတ်၊ ထန်းလျက်များဈေးမြင့်နေပြီး၊ ကြက်သွန်ဖြူ အာလူး၊ မြေပဲဆီဈေးနှုန်း နိမ့်နေကြောင်း သိရသည်။

ခင်ဆိုင်

တရားမဝင်တမလန်းသစ်များ ဖမ်းဆီးရမိ

ကသာ မေ ၂၁

ကသာခရိုင်ရဲတပ်ဖွဲ့မှူး၏ သစ်ဖမ်းဆီးရေး ညွှန်ကြားချက်အရ ကောလင်းမြို့မရဲစခန်းမှ ရဲတပ်ကြပ်ကြီး ထွန်းနွယ်ဦးနှင့် အဖွဲ့သည် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းဆွေအဖွဲ့နှင့် ပူးပေါင်းပြီး တရားမဝင်သစ်များ ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်နေစဉ် မေ ၁၉ ရက် နံနက် ၁ နာရီက ကောလင်းမြို့နယ် စိမ့်တောကျေးရွာအရှေ့ဘက်တစ်ဖာလုံခန့်တွင် မသင်္ကာဖွယ်ရာ ယာဉ်တစ်စီးရပ်ထားကြောင်း သတင်းရရှိသဖြင့် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ရပ်ထားသောကားမှာ ယာဉ်အမှတ် ၂ခ/ ----- ခြောက်ဘီးယာဉ်ဖြစ်ပြီး ကောလင်းမြို့နယ် ဝါးရိုးတုံးရွာနေ သန်းဇော်(၃၂နှစ်)ဆိုသူမှမောင်းနှင်ပြီး ယာဉ်နောက်လိုက် မောင်ထွန်း (၂၉ နှစ်)၊ နောင်မူရွာ ပင်လည်ဘူးမြို့နယ်နေသူ ယာဉ်ပေါ်တွင် ပုလင်းခွံအိတ် ၉၆ အိတ်၊ အချိုရည်ဘူးခွံအိတ် ၁၁ အိတ်တို့၏အောက်တွင် တရားမဝင်တမလန်းသစ်နှစ်လုံး၊ တမလန်းခွဲသားရွှေတုံး ၁၆ တုံး စုစုပေါင်းသစ်တန် ၃ ဒသမ ၅၅၈၆ တန်ကို တွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဦးရဲ(ကသာ)

✳ *ကျောဖုံးမှ*

ကမ္ဘာ့နိုင်ငံအများစုတွင် အစိုးရရုံးများ၊ အဆောက်အအုံများ၊ စူပါမားကတ်ကြီးများ၊ လေယာဉ်ကွင်း၊ ဘူတာရုံများ၊ ဘဏ်များ၊ ရုပ်ရှင်ရုံများနှင့် ကုမ္ပဏီများ စသည့်နေရာများတွင် ခေတ်မီနောက်ဆုံးပေါ် လုံခြုံရေးဆိုင်ရာ ပစ္စည်းများကို တပ်ဆင်အသုံးပြုသုံးစွဲလျက်ရှိသည်။ ယင်းတို့ကို အသုံးပြုမှု ပိုမိုများပြားလာသဖြင့် မသမာမှုများ လျော့နည်းလာသည့်အပြင် မှုခင်းများလည်း သိသိသာသာ ကျဆင်းလာသည်ကို တွေ့မြင်နေရသည်။ ဖြစ်ပေါ်လျှင်လည်း အဆိုပါခေတ်မီ ပစ္စည်းများမှတစ်ဆင့် သက်ဆိုင်ရာက လျင်မြန်စွာ ဖော်ထုတ်အရေးယူမှုများ ပြုလုပ်ပေးလျက်ရှိသည်။ ထို့အပြင် လုံခြုံရေးပိုင်းဆိုင်ရာ လူ့စွမ်းအင်ကိုလည်း သိသိသာသာ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

တိုးတက်လာ

"ကျွန်တော်တို့က ကမ္ဘာ့နိုင်ငံအများစုရဲ့ လုံခြုံရေးကို အထောက်အကူပြု ဆောင်ရွက်ပေးနေပါတယ်။ အခုလည်း စီးပွားရေးဘက်ပိုင်းဆိုင်ရာမှာ အရှိန်အဟုန်မြင့်ဖွံ့ဖြိုးတိုးတက်လာတဲ့ မြန်မာနိုင်ငံကို Online Security ကအစ ပါဝင်ကူညီ လုပ်ဆောင်ပေးနိုင်အောင် အဲဒီပြပွဲနေ့ရက်မှာ မြန်မာပြည်သူတွေကို သရုပ်ပြသပေးသွားဖို့ အစီအစဉ်တွေ ရှိပါတယ်။ မြန်မာနိုင်ငံဟာ ဒီတစ်နှစ်၊ နှစ်နှစ်အတွင်းမှာ စီးပွားရေးက အရှိန်အဟုန်မြင့် တိုးတက်လာတာ သိသာထင်ရှားပါတယ်။ စီးပွားရေး အခုလိုအရှိန်အဟုန်မြင့်နေတဲ့အချိန်မှာ လုံခြုံမှုပိုင်းဆိုင်ရာက နိုင်ငံတစ်နိုင်ငံအတွက် အလွန်အရေးပါတဲ့ အခန်းကဏ္ဍတစ်ခုဖြစ်ပါတယ်" ဟု Myanmar Secom မှ ဂျပန်နိုင်ငံသား မန်နေဂျင်း ဒါရိုက်တာ Mr. Takahashi က ပြောသည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံး ကျင်းပမည့် အဆိုပါ ကမ္ဘာ့နောက်ဆုံးပေါ် လုံခြုံရေးဆိုင်ရာ ပစ္စည်းများနှင့် အီလက်ထရွန်နစ်ပြပွဲကြီးကို အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံ ၂၀ ကျော်တို့မှ ကုမ္ပဏီပေါင်း ၁၀၀ ကျော်က မေ ၂၅ ရက်မှ ၂၇ ရက်အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပွဲသို့ ဂျပန်၊ ဂျာမနီ၊ ထိုင်းတို့မှ နာမည်ကြီးတေးသံရှင်များနှင့် ပြည်တွင်းမှ နာမည်ကြီးတေးသံရှင်များက လာရောက်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

✳ *ရှေ့ဖုံးမှ*

လုပ်ငန်းကို အုတ်တွင်းမြို့နယ် ညောင်ခြေထောက်ဘူတာနှင့် ကျွဲပွဲဘူတာအကြားတွင် ဆောင်ရွက်လျက်ရှိရာ မေ ၂၁ ရက်အထိ သံလမ်းအဆက် ၁၂၀ ပြီးစီးသွားပြီးဖြစ်ရာ လုပ်ငန်းများအမြန်ပြီးစီးရေးအတွက် အထွေထွေမန်နေဂျာ(မြို့ပြ) ဦးတင်စိုး၏ စီမံကွပ်ကဲမှုဖြင့်အင်ဂျင်နီယာမှူး(မြို့ပြ) တိုင်း (၆) နှင့် လက်ထောက်အင်ဂျင်နီယာ ဖြူးမြို့တို့မှ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဖြူး-မြင့်ဦး**

မြန်မာ့ရုပ်မြင်သံကြား

၂၂-၄-၂၀၁၄(အင်္ဂါနေ့)

နံနက်ပိုင်း

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၁၅	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်းတရားတော်
၆း၅၀	ကြည်နူးမှုန်းမျှော်မြတ်ရှင်မော်
၇း၀၀	နံနက်ခင်းသတင်း
၇း၂၀	ပြည်သူတို့ရဲ့စကားသံများ
၉း၃၀	ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ (USA)
၉း၄၅	Business News
၁၁း၂၀	တနင်္သာရီတိုင်းဒေသကြီးမှာ ဂုဏ်ယူဝင့်ကြွား ပုလောတံတားနှင့် ကြံတံတား
၁၂း၀၀	ပြည်တွင်းသတင်း
၁၂း၃၀	မြန်မာဗီဒီယိုဇာတ်လမ်း **ချိုးကူသံ** ဟိန်းဝေယံ၊ ရန်အောင်၊ ရဲအောင်၊ ပုလဲဝင်း၊ မေသဥ္ဇာဦး၊ စိုးမိုးကြည် (ဒါရိုက်တာ-ဟိန်းစိုး)

ညပိုင်း

၁၅း၀၀	ပြည်တွင်းသတင်း
၁၅း၁၅	နှလုံးသားမှရိုက်ခတ်သံ
၁၆း၄၅	သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
၁၈း၂၀	ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ယွန်းရွှေရည်)
၂၀း၀၀	ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၅	ကြယ်ပွင့်များရဲ့ အထင်ကရတေးများ
၂၁း၃၀	**ဥယျာဉ်နန်းက ပန်းသခင်** စွမ်း၊ လင်းဇာနည်ဇော်၊ ရတနာမိုင် (ဒါရိုက်တာ-သန့်လျှင်ဖိုးကျော်)

❃ *ကျောဖုံးမှ*

အထူးလိုအပ်ကြောင်း အလောင်းတော်ကဿပဂေါပကအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်ဌေးထံမှ သိရသည်။

"ကျွန်တော်တို့က မော်တော်ကားတွေ ဒီအချိန်မှာသွားရင် မိုးရွာပြီးပိတ်မိနေမှာ စိုးတာပါ။ ကောင်းလှပါတယ်ပြောတဲ့ ဒီနှစ်ဖွင့်လှစ်အပြီး အချိန်မှာတောင် ရာသီမဟုတ် မိုးရွာလို့ ခရီးသွားတွေအချိန် အနည်းငယ်ပိတ်မိနေလို့ ဒေသခံတွေ ကူညီခဲ့ကြရပါသေးတယ်။ အခုဖြစ်ရင် အလောင်းတော်ကဿပမှာလည်း ဂေါပကအဖွဲ့မရှိတော့သလို လုံခြုံရေးအဖွဲ့တွေလည်း သိမ်းလိုက်ပြီဖြစ်လို့ မလာကြတော့ဖို့ ဆရာတော်ကြီးက မေတ္တာရပ်ခံထားပါတယ်" ဟု ဦးမောင်မောင်ဌေးက ပြောပြသည်။

မျိုးဝင်းထွန်း (မုံရွာ)

ရေဘေးအတွက် ကြိုတင်ပြင်ဆင်ခြင်း

(၁) **ရေမကြီးမီ ဆောင်ရွက်ရန်အချက်များ**

- (က) မိုးလေဝသသတင်းကို ဂရုပြုနားထောင်ပါ။
- (ခ) ရေဘေးမှ လွတ်ကင်းနိုင်သည့် အခိုင်အမာအဆောက်အအုံများ၊ ကုန်းမြင့်များ ကြိုတင်သတ်မှတ်ထားပါ။
- (ဂ) သတ်မှတ်နေရာများသို့ ရောက်ရှိမည့် ပြေးလမ်းကြောင်းများ ကြိုတင်ရွေးချယ်ထားပါ။
- (ဃ) ရေတွင်ပေါ်နိုင်သည့် ငှက်ပျောပင်ကဲ့သို့အပင်များ စိုက်ပျိုးထားပါ။
- (င) အရေးကြီးစာရွက်စာတမ်းများ ရေမစိုနိုင်အောင် ပလတ်စတစ်ဖြင့် သေချာစွာ ထုပ်ပိုးထားပါ။
- (စ) အဝတ်အစား၊ အစားအစာ၊ ဆေးဝါး၊ ဓာတ်မီး၊ မီးခြစ်၊ ဖယောင်းတိုင် စသည့်ပစ္စည်းများ အသင့်ဆောင်ထားပါ။
- (ဆ) သယ်ယူပို့ဆောင်သွားလာရေးအတွက် လှေ၊ ပဲ့ထောင်၊ မော်တော်၊ စက်သုံးဆီစသည်များ ကြိုတင်စီစဉ်ထားပါ။
- (ဇ) ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုများ၌ ပူးပေါင်းပါဝင် ဆောင်ရွက်ပါ။
- (ဈ) သရုပ်ပြအစမ်းလေ့ကျင့်မှုများ ပြုလုပ်ထားပါ။

(၂) **ရေကြီးခြင်းသတိပေးချက်ရရှိပါက ဆောင်ရွက်ရန်အချက်များ**

- (က) အစားအစာ၊ ဆေးဝါး၊ သောက်ရေတို့နှင့်အတူ လုံခြုံစိတ်ချရသော အဆောက်အအုံနှင့်ကုန်းမြေမြင့်သို့ အချိန်မီရွှေ့ပြောင်းပါ။
- (ခ) သစ်တုံး၊ ဝါးဖောင်ငယ်၊ ကားတာယာကျွတ်၊ ဗောကွင်း၊ လူတစ်ဦးဖက်တွယ်နိုင်သည့် ဝါးပိုးဝါးအဆစ်ပိတ်များ ဆောင်ထားပါ။
- (ဂ) ကလေးငယ်များအား ရေစီးတွင်မျောပါမည်စိုး၍ ကြိုးဖြင့်ချည်နှောင်ထားခြင်းမျိုး မိသားစုလိုက် ချည်နှောင်ထားခြင်းမျိုးကို ရှောင်ရှားပါ။
- (ဃ) ရေဘေးအန္တရာယ် သတိပေးချက်ရရှိပါက ပင်လယ်ကမ်းခြေဒေသများ၊ အနိမ့်ပိုင်းဒေသများ၊ လယ်ကွင်းပြင်များတွင်နေထိုင်ခြင်းမှရှောင်ရှားပါ။
- (င) မြစ်ချောင်း၊ ကမ်းပါးမြေပြိုနိုင်သည့်ဒေသများသို့ သွားလာခြင်းမှ ရှောင်ရှားပါး။

၃။ **ရေကြီးစဉ်ဆောင်ရွက်ရန်အချက်များ**

- (က) မြစ်ရေအခြေအနေသတင်းထုတ်ပြန်ချက်ကို အမြဲနားထောင်ပါ။
- (ခ) ရေလွှမ်းနေသည့်နေရာများသို့ လမ်းလျှောက်သွားလာခြင်းမှ ရှောင်ရှားပါ။
- (ဂ) ခြောက်လက်မခန့်မြင့်သောရေစီးသည် လူကိုမျောပါစေနိုင်သောကြောင့် ရေထဲဖြတ်ကူးခြင်း၊ ဖြတ်လျှောက်ခြင်းမပြုရ၊ မလွှဲမရှောင်သာ၍ဖြတ်လျှောက်ရပါက တုတ်ဖြင့်စမ်းထောက်ပြီးမှ သွားပါ။
- (ဃ) မြွေနှင့်အဆိပ်ရှိသော သတ္တဝါများ၏အန္တရာယ်ကို သတိထား ရှောင်ရှားပါ။
- (င) လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေရန် လျှပ်စစ်မီးကြိုး/တိုင်များနှင့်ဝေးရာတွင် နေထိုင်ပါ။
- (စ) မြစ်ချောင်း၊ ကမ်းပါး၊ မြေပြိုနိုင်သည့်နေရာများသို့ သွားလာခြင်းမှ ရှောင်ရှားပါ။
- (ဆ) သောက်သုံးရေသန့်ရှင်းမှုကို တတ်နိုင်သမျှလုပ်ဆောင်ပါ။ ဝမ်းရောဂါမဖြစ်စေရန် ရေကိုကျိုချက်သောက်ပါ။

(၄) **ရေကြီးပြီးနောက် ဆောင်ရွက်ရန်အချက်များ**

- (က) တာဝန်ရှိသူများက အန္တရာယ်မရှိကြောင်း ကြေညာမှအိမ်ကိုပြန်လာပါ။
- (ခ) မိသားစုဝင်အားလုံး စုံ၊ မစုံစစ်ဆေးပါ။
- (ဂ) ကျန်းမာရေးအခြေအနေစစ်ဆေးပါ။ လိုအပ်ပါက ဆေးခန်း၊ ဆေးရုံပို့ပါ။
- (ဃ) မိမိ အိမ်/ခြံ၊ လမ်း၊ ရပ်ကွက်၊ ကျေးရွာများအတွင်း သန့်ရှင်းရေး ဆောင်ရွက်ပါ။
- (င) ရေနစ်မြုပ်ထားသော လျှပ်စစ်ပစ္စည်းများကို ကျွမ်းကျင်သူများဖြင့် သေသေချာချာစစ်ဆေးပြီးမှ သုံးစွဲပါ။
- (စ) ရေကြီးထားသောကြောင့် လမ်း၊ တံတား၊ အိမ်များ အချိန်မရွေး ပြိုကျနိုင်သည့်အတွက် သတိပြုပါ။
- (ဆ) အဆိပ်ရှိသတ္တဝါများ ခိုအောင်းနေတတ်သဖြင့် သတိပြုပါ။
- (ဇ) ရေကိုကျိုချက်သောက်ပါ။

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန

ပြည်တွင်းသတင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)တွင် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၈/L) ရပ်ကွက်မိသားစုများ စုပေါင်း၍ ဒုတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၉ ရက် ညနေ ၃ နာရီက အမှတ် ၁၈ ရပ်ကွက် ဓမ္မရက္ခိတ ဓမ္မာရုံ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားတွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ် ၁၈ ရပ်ကွက် မြို့ဦးကျောင်းတိုက် ဆရာတော် အရှင်ဇဝနက သြဝါဒတရား ဟောကြားတော်မူခဲ့ပြီး သက်ကြီးပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးရန်ရှင်းက အမှာစကားပြောကြားကာ အမှတ် ၁၈ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ၇၅ နှစ်နှင့် အထက် အဘိုးအဘွား ၆၆ ဦးအား အလှူငွေနှင့် အသုံးအဆောင်ပစ္စည်းများကို ရပ်ကွက်နေပြည်သူများက လှူဒါန်းကြပြီး ထိုကန်တော့ခံ အဘိုး၊ အဘွားများကိုယ်စား အဘိုးဦးမောင်ကြိုင်နှင့် အဘွားဒေါ်သန်းလှက ယခုကဲ့သို့ ကန်တော့ကြသော ရပ်ကွက်သူ ရပ်ကွက်သားများအား ကျေးဇူးတင်စကားများ ပြောကြားခဲ့ကြောင်း သိရသည်။

စိုးဝင်း(SP)

ဦးခေါင်းပေါ်ရောက်နေသော ဘောင်းဘီများ

ဈေးသည်များ၏ လုပ်မှုဘဝကို စာနာနားလည်သောအားဖြင့် ရန်ကုန်မြို့လယ်တွင် ဈေးသည်များ ဈေးရောင်းချခွင့် မြို့တော်စည်ပင်က ညနေ ၃ နာရီ နောက်ပိုင်းမှစတင်၍ လူသွားလမ်းပလက်ဖောင်းများတွင် ဆိုင်ခင်းရောင်းချခွင့် ပေးခဲ့သည်။

အချို့သော ဆိုင်များက ယာယီ အခင်းအကျင်းဖြင့် ပလက်ဖောင်းပေါ်တွင် မျက်နှာချင်းဆိုင် တည်ခင်းရောင်းချလျက်ရှိနေသည်။ ထို့အပြင် ရွက်ဖျင်တဲ၊ ထီး အမိုးများဖြင့်အမိုးအကာပြု ရောင်းချလျက်ရှိသည်။

မျက်နှာချင်းဆိုင်ရောင်းချသော ဆိုင်များမှာ များသောအားဖြင့် နောက်ဘက်တွင် နေရာချန်လှပ်၍ရှေ့သို့ ရနိုင်သမျှတိုးကာ ခင်းကျင်းရောင်းချလျက်ရှိနေသည်။ ဈေးသည်များ၏ အဆိုအရ ခလုတ်တိုက်မှ အမှတ်ရ၍ ဝယ်သည်ဆိုသည့်နှယ် တစ်ယောက်စာ လမ်းလျှောက်၍ လွတ်ရုံမျှသာ ချန်၍ခင်းကျင်းရောင်းကြသည်။

လူသွားလမ်း ပလက်ဖောင်းမှာ မျက်နှာချင်းဆိုင်လျှောက်သူတို့ပင် တစ်ယောက်နှင့် တစ်ယောက် ဘေးတစောင်းရှောင်တိမ်း သွားလာနေရသည်အထိ ကျပ်တည်းမှုများ ဖြစ်ပေါ်လျက်ရှိနေသည်။ ထို့ကြောင့် ခရီးသွားအများစုမှာ ပလက်ဖောင်းပေါ်မှသည် ကားလမ်းမကြီးပေါ်သို့ ရောက်ကုန်ကြသည်။

ထို့ထက် အမြင်ဆိုးသည်မှာ အနော်ရထာလမ်းနှင့် ၃၄ လမ်းထောင့်တွင် ဖြစ်ပါသည်။ ပလက်ဖောင်းပေါ်တွင် ရွက်ဖျင်တဲထိုးထားပြီး လမ်းတစ်ခြမ်းတွင် အထည်များခင်းကျင်းကာ ရွက်ဖျင်အမိုးတွင် "တန်း"ပြု၍ ၄င်းတန်းတွင် ဘောင်းဘီများ ချိတ်ဆွဲရောင်းချနေခြင်းဖြစ်ပါသည်။ **(ဝဲအောက်ပုံ)**

လမ်းထောင့်၊ လမ်းဆုံဖြစ်၍ ထိုနေရာမှ ခရီးသွားပြည်သူများ၊ သံဃာတော်များ၊ သက်ကြီးမိဘများ မဖြတ်မနေဖြတ်သန်း နေရသော လမ်းတစ်ခုဖြစ်ပါသည်။

ဤသို့ သက်ကြီးဝါကြီးများနှင့် အမိအဖအရွယ်ရှိသူများပါမကျန် ပြည်သူများသွားရာ လမ်းပေါ်တွင် ဘောင်းဘီများ ချိတ်ဆွဲထားခြင်းမှာ မသင့်တော်သော အမြင်တစ်ရပ်ဖြစ်ပါသည်။

သို့ပါ၍ ပလက်ဖောင်းပေါ်တွင် ရောင်းချခွင့်ပေးထားသော မြို့တော်စည်ပင်အနေဖြင့် "အမြင်မတော် ဆင်တော်နှင့်ခလောက်" မဖြစ်ရလေအောင် ဦးခေါင်းပေါ်ရောက်နေသော ဘောင်းဘီများကိုစွန့်ပလက်ဖောင်းများအပေါ်မှ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစွာ သွားလာနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူတို့အနေဖြင့် ကွင်းဆင်းဆောင်ရွက်ပေးစေလိုကြောင်း ခရီးသွားပြည်သူများ၏ ဆန္ဒမှန်ဖြင့် မြန်မာ့အလင်းသတင်းစာ စာမျက်နှာမှတစ်ဆင့် ထင်ဟပ်ဖော်ပြလိုက်ရပါသည်။

ကိုကြီးတင်

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂၁

ရှမ်းပြည်နယ် အမှတ်(၂၂) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (မူဆယ်)မှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ဧပြီ ၂၀ ရက် ညနေ ၄ နာရီခွဲက မူဆယ်မြို့နယ် နမ့်အွမ်ကျေးရွာ နမ့်အွမ်-တီးမကားလမ်းပေါ်တွင် တီးမရွာဘက်မှ ကွတ်ခိုင်မြို့နယ် တက္ကနိုင်းကျေးရွာအုပ်စုနေ ချိန်ကွေ့စိန် (၁၉ နှစ်) မောင်းနှင်ပြီး ကွတ်ခိုင်မြို့နယ် တာမိုးညဲမြို့နယ်ခွဲနေ တွမ်ရှင်းကောင်း (၄၂နှစ်) လိုက်ပါသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ တွမ်ရှင်းကောင်း ဝတ်ဆင်ထားသည့် အတွင်းခံဘောင်းဘီတိုအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈ ပြားပါ ၁၀ ထုပ်၊ တန်ဖိုးငွေကျပ် ၃၉ ဒသမ ၆ သိန်းကို သိမ်းဆည်းရမိခဲ့သောကြောင့် တွမ်ရှင်းကောင်းနှင့် ချိန်ကွေ့စိန်တို့နှစ်ဦးတို့ကို မူဆယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အောက်ပုံ)**

ကိုရဲ

ခင်ပွန်းဖြစ်သူက နေအိမ်ကို ဓာတ်ဆီလောင်းမီးရှို့ ဇနီးနှင့်မရီးဖြစ်သူ ညီအစ်မနှစ်ဦး မီးလောင်သေဆုံး

ပုသိမ် ဧပြီ ၂၁

ပုသိမ်မြို့နယ် ငွေဆောင်မြို့နယ်ခွဲ ဖုန်းမောင်ချိုင်လမ်းခွဲ ငွေဆောင်ကားလမ်း ၂၁ မိုင်အနီး သပြေခုံကျေးရွာအုပ်စု တောင်ကုန်းအထက်၌ နေထိုင်သော ဇင်နိုင်လင်း (၂၃နှစ်)သည် ဧပြီ ၁၄ ရက် သင်္ကြန်အကျနေ့ ည ၉ နာရီက အရက်သောက်စားပြီး နေအိမ်သို့ ပြန်လည်ရောက်ရှိခိုက် ဇနီးဖြစ်သူ မဇင်နွယ်ထွန်း (၂၃ နှစ်)နှင့်မရီးဖြစ်သူ မချိုနွယ်ထွန်း (၃၃ နှစ်)၊ ဝမ်းကွဲ မချမ်းမီလာ (၃၀နှစ်)တို့သည် ဈေးရောင်းဈေးဝယ် စကားပြောနေကြသည်ကို မကျေမနပ်ဖြစ်၍ လင်မယားချင်း စကားများကြရာ ခင်ပွန်းဖြစ်သူ ဇင်နိုင်လင်းက နေအိမ်ဆိုင်၌ ရောင်းချရန်ထားရှိသော သုံးဂါလန်ဝင် ဓာတ်ဆီပုံးကို အိမ်ပတ်လည်လောင်းချ၍ မီးရှို့လိုက်ရာမှ နေအိမ်ပျဉ်ထောင် ဓနိမိုး သုံးပင်အိမ်တစ်လုံး မီးလောင်ကျွမ်းသွားသည်။

ထိုစဉ် နေအိမ်အိပ်ခန်းအတွင်း၌ အိပ်ပျော်နေသော သမီးဖြစ်သူ မအိမွန် (နှစ်နှစ်)ကို မိခင်မဇင်နွယ်ထွန်းနှင့် မချိုနွယ်ထွန်း၊ မချမ်းမီလာတို့ ညီအစ်မ သုံးဦးက အပြေးဝင်ရောက် ကယ်ဆယ်ရာမှ ကလေးနှင့်အတူ အမျိုးသမီးသုံးဦးစလုံး မီးလောင်ကျွမ်းခြင်းခံရကြောင်းသိရသည်။ အဆိုပါ မီးလောင်သည့်အိမ်ကို ပတ်ဝန်းကျင်တွင် နေအိမ်အဆောက်အအုံများမရှိခြင်းကြောင့် အိမ်တစ်လုံးတည်းသာ မီးလောင်ကျွမ်းခြင်းဖြစ်သည်။ အဆိုပါ မီးလောင်ကျွမ်းမှုကို ငွေဆောင်မြို့နယ်ခွဲ နယ်မြေရဲစခန်းက စစ်ဆေးလျက်ရှိပြီး မီးလောင်ကျွမ်းခြင်းခံရသော မဇင်နွယ်ထွန်း၊ မချိုနွယ်ထွန်း၊ မချမ်းမီလာ၊ မအိမွန်တို့ လေးဦးကို ဧပြီ ၁၅ ရက် နံနက် ၃ နာရီက ငွေဆောင်မြို့နယ်ခွဲ ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသလျက်ရှိရာမှ စိုးရိမ်မီးလောင်ဒဏ်ရာရရှိသော မဇင်နွယ်ထွန်း၊ မချိုနွယ်ထွန်းနှင့် မအိမွန်တို့သုံးဦးကို ဧပြီ ၁၅ ရက် နံနက် ၆ နာရီက ပုသိမ်ဆေးရုံကြီးသို့ ပြောင်းလွှဲတင်ပို့ကုသခဲ့ရာ ဧပြီ ၁၉ ရက် ညနေ ၄ နာရီခန့်တွင် မဇင်နွယ်ထွန်းနှင့် မချိုနွယ်ထွန်းညီအစ်မနှစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ငွေဆောင်မြို့နယ်ခွဲ နယ်မြေရဲစခန်းက ဇင်နိုင်လင်းကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ပုသိမ်လှကြည်

ပျောက်ဆုံးမလေးရှားလေယာဉ်ရှာဖွေရေးလုပ်ငန်းကို ခြိမ်းခြောက်နေသော ဂျက် ဆိုင်ကလုန်းမုန်တိုင်း

ဘာသာပြန် - ကျော်သဲအိမ်

အိန္ဒိယပင်လယ်ပြင် ဝေးလံခေါင်ဖျားအရပ်၌ ပျောက်ဆုံးမလေးရှားလေယာဉ်ကို ရှာဖွေမှုပြုလုပ်စဉ် ဧပြီ ၂၁ ရက်နေ့က ဆိုင်ကလုန်း မုန်တိုင်းတစ်ခု၏ ခြိမ်းခြောက်မှုခံနေရကြောင်း၊ မောင်းသူမဲ့ ရေငုပ်သင်္ဘောငယ်ကလည်း သင်္ဘောအပျက်အစီးအပိုင်းအစနှင့်တူသော မည်သည့်အရာမျှ ရှာဖွေတွေ့ရှိခြင်း မရှိသည့်အတွက် ၎င်း၏ ရှာဖွေရေးလုပ်ငန်းကို အဆုံးသတ်တော့မည်ဖြစ်ကြောင်း ရှာဖွေရေးအဖွဲ့မှ တာဝန်ရှိသူများက ပြောကြားသည်။

လူပေါင်း ၂၃၉ ဦး စီးနင်းလိုက်ပါပြီး မတ်လ ၈ ရက်က ပျောက်ဆုံးသွားခဲ့သော မလေးရှားလေယာဉ်ရှာဖွေရေးနယ်နိမိတ်မှာ ဧပြီ ၂၀ ရက်ဆိုလျှင် ၁၀ စတုရန်းကီလိုမီတာသာရှိသော ပင်လယ်ကြမ်းပြင်၌ အဓိကထားရှာဖွေနေကြပြီး ယင်းနယ်နိမိတ်မှာ ပတ်သ်မြို့အနောက်ဘက် ကီလိုမီတာ ၂၀၀၀ (၁၂၀၀ မိုင်) ခန့်အကွာအဝေးတွင်ရှိသည်။

ရှာဖွေရေးအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဩစတြေးလျနှင့်မလေးရှားအစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များက ယခင်က ရှာဖွေနယ်နိမိတ်အတွင်း ဆိုနာအချက်ပြများ (သို့) အသံလှိုင်းအချက်ပြများ ထောက်လှမ်းရရှိပြီး ယင်းအချက်ပြမှုများမှာ ပျောက်ဆုံးလေယာဉ်၏ Black Box မှ လာသည်ဟု ယူဆရကြောင်း၊ ထို့ကြောင့် ယင်းရှာဖွေနယ်နိမိတ်အနီးတစ်ဝိုက်တွင် ပျောက်ဆုံး လေယာဉ်ရှိနေသည်ဟု ယူဆရကြောင်း၊ သို့သော်လည်း လွန်ခဲ့သောရက်သတ္တနှစ်ပတ်ကစပြီး မည်သည့်အချက်ပြမှုကိုမျှ ထပ်မံထောက်လှမ်းရရှိခြင်းမရှိတော့ကြောင်း၊ ထို့ကြောင့် Black Box မှ ဘက်ထရီအားကုန်ပြီး အချက်ပြမှုများ ထုတ်လွှင့်နိုင်ခြင်းမရှိတော့ဟု ယူဆရကြောင်းဆိုသည်။

Bluefin-21 အမျိုးအစား အမေရိကန်ခေတ်မီရေငုပ်သင်္ဘောငယ်သည် အသံလှိုင်းအချက်ပြမှုများလာရောက်သည်ဟုယူဆရသော ပင်လယ်ကြမ်းပြင်တစ်လျှောက်ရှာဖွေမှုကိုးကြိမ်ပြုလုပ်ပြီးဖြစ်သော်လည်း သဲလွန်စတစ်စုံတစ်ရာကိုမတွေ့ရှိနိုင်သေးပေ။ ပင်လယ်ကြမ်းပြင်၏ သတ်မှတ်ရှာဖွေနယ်နိမိတ်၏ သုံးပုံနှစ်ပုံကိုဝင်ရောက်ရှာဖွေမှုပြုခဲ့ပြီးဖြစ်သည်။ သို့သော်လည်း မည်သည့်သဲလွန်စကိုမျှထောက်လှမ်းနိုင်ခြင်းမရှိသေးပေ။

ရာသီဥတုကောင်းမွန်မှုကြောင့်ပျောက်ဆုံးလေယာဉ်ရှာဖွေရေးကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နေကြချိန်တွင် တောင်ဘက်မှစပြီးအိန္ဒိယသမုဒ္ဒရာထဲ ဦးတည်နေသောအပူပိုင်းဒေသဆိုင်ကလုန်းမုန်တိုင်း "ဂျက်"က ရှာဖွေရေးလုပ်ငန်းကို ခြိမ်းခြောက်နေပြီဖြစ်သည်။

မြောက်ဘက်နှင့် အရှေ့တောင်ဘက်မှ မိုးစတင်ရွာသွန်းမှုနှင့်အတူ အိန္ဒိယသမုဒ္ဒရာထဲဂျက်ဆိုင်ကလုန်းမုန်တိုင်း မကြာမီရောက်ရှိလာတော့မည်ဟု သက်ဆိုင်ရာအာဏာပိုင်များက ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ရာ လေယာဉ်ရှာဖွေရေးလုပ်ငန်းအတွက် အဟန့်အတားများဖြစ်လာခဲ့သည်။

လေကြောင်းမှ ရှာဖွေမှုရှိနေဆဲ

ဧပြီ ၁၉ ရက်ကထုတ်ပြန်ချက်အရ အမေရိကန်ခေတ်မီရေငုပ်သင်္ဘောငယ်သည် ၎င်း၏ရှာဖွေရေးလုပ်ငန်းကို မကြာမီအဆုံးသတ်တော့မှာဖြစ်ကြောင်း၊ သို့သော်လည်း ရှာဖွေရေးတွင်ပါဝင်သော အာဏာပိုင်များအနေဖြင့် မိမိတို့၏နောက်ထပ်မဟာဗျူဟာရေးဆွဲကြရန် ဖိအားပေးခံနေရကြောင်း ဆိုသည်။

ဧပြီ ၂၁ ရက် ရှာဖွေမှုတွင် စစ်ဘက်ဆိုင်ရာလေယာဉ် ၁၀ စင်းနှင့် သင်္ဘော ၁၄ စင်းတို့ပါဝင်ပြီး ၄၉၄၉၁ စတုရန်းကီလိုမီတာ(၁၉၁၀၀ စတုရန်းမိုင်)ခန့် ကျယ်ဝန်းသော ရှာဖွေနယ်နိမိတ်တစ်ခုအတွင်း အဓိကထားရှာဖွေမှုပြုလုပ်နေကြသည်။

မလေးရှားအစိုးရက လေယာဉ်ရှာဖွေရေးမှာ အလွန်အရေးကြီးသည့်အဆင့်သို့ရောက်ရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့်အဝေးထိန်းစနစ်ပါ မောင်းသူမဲ့ရေငုပ်သင်္ဘောများ ထပ်မံစေလွှတ်ရန် စီစဉ်နေပါကြောင်း သတင်းထောက်များကို ပြောကြားသည်။

ရိုက်တာ

နတ်မောက်မြို့နယ်အတွင်း စာတတ်မြောက်ရေးလှုပ်ရှားမှု အောင်မြင်စွာသင်ကြားလျက်ရှိ

နတ်မောက် ဧပြီ ၂၁

၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိသည် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုကာလ ဖြစ်သည်နှင့်အညီ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအနက် မင်းဘူးမြို့နယ်နှင့် နတ်မောက်မြို့နယ်တို့သည် စာတတ်မြောက်ရေး လှုပ်ရှားမှုတွင် ပါဝင်ပြီး နတ်မောက်မြို့နယ်ရှိ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုကို မတ် ၃၁ ရက်က စတင်လျက်ရှိသည်။

နတ်မောက်မြို့နယ်တွင် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုကို ဧပြီ ၁ ရက်က စတင်ခဲ့ရာ ကျေးရွာအုပ်စု ၅၈ အုပ်စုမှ ကျေးရွာပေါင်း ၁၄၇ ရွာကို မကွေးတက္ကသိုလ်မှ တက္ကသိုလ်ကျောင်းသား ကျောင်းသူပေါင်း ၂၂၀ နှင့် ဒေသခံဆရာပေါင်း ၂၂၀ တို့က သင်ကြားလျက်ရှိသည်။

"အခုလို ငယ်ငယ်ကတည်းက ဘာစာမှ မသင်ကြားခဲ့ရတဲ့ ကလေး၊ လူကြီးတွေကို ကိုယ်သိတဲ့၊ တတ်တဲ့ ပညာနဲ့ သင်ကြားပေးခွင့်ရတဲ့အတွက် ကြည်နူးပီတိဖြစ်ရပါတယ်။ ကိုယ်သင်ပေးလိုက်တဲ့အရာက ဘာမှ မဟုတ်ပေမယ့် ဂရုတစိုက်နဲ့ အားတက်သရော သင်ယူကြတဲ့အတွက် မိမိကိုယ်ကိုလည်း ဂုဏ်ယူမိပါတယ်" ဟု မကွေးတက္ကသိုလ်မှ တတိယနှစ် အင်္ဂလိပ်စာကျောင်းသူ မနေခြည်နုက ပြောသည်။

အခြေခံ စာတတ်မြောက်ရေး လှုပ်ရှားမှုတွင် အများအားဖြင့် သက်ကြီးစာသင်သားများကိုသာ တွေ့ရပြီး နတ်မောက်မြို့နယ်ရှိ ရပ်ကွက်ကျေးရွာများတွင် စာသင်သားအများစုမှာ ကျောင်းနေအရွယ်ကလေးများ ဖြစ်သည်ကို တွေ့ရသည်။ အဆိုပါကလေးများမှာ မိသားစုစားဝတ်နေရေးကြောင့် ကျောင်းနေအရွယ်တွင် ကျောင်းနေခွင့်မရခဲ့သော ကလေးများနှင့် ကျောင်းတက်ရမည်ကို ကြောက်သည့်ကလေးများကိုပါ တွေ့ရသည်။

"သားက အိမ်မှာ အကြီးဆုံးသားပါ။ အိမ်က စီးပွားရေးအဆင်မပြေတော့ ကျောင်းမနေခဲ့ရဘူး။ ဆိတ်ကျောင်းရပြီး တောထဲမှာ မိဘတွေကို ကူလုပ်ပေးနေရလို့ပါ။ အခု ဒီစာသင်တာကို သားတက်ချင်လို့ ညဘက်အားတဲ့အချိန်မှာ လာသင်တာပါ။ အရင်က ကကြီးဆိုတာ ဘာမှန်း မသိခဲ့ပါဘူး။ အခုဆို ကိုယ့်နာမည်ကိုတောင် ကောင်းကောင်းပေါင်းတတ်နေပါပြီ။ သင်ပြပေးတဲ့ ဆရာမလေးတွေနဲ့ ဆရာကြီးတွေကိုပါ အများကြီး ကျေးဇူးတင်ပါတယ်။ စိတ်ထဲမှာလည်း တစ်မျိုးကြီးပါပဲ" ဟု အသက် ၁၃ နှစ်အရွယ် မြို့မရပ်ကွက်မှ မောင်ကျော်လှိုင်ဦးက ပြောသည်။

အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုများကြောင့် သက်ကြီးစာသင်သားများမှာလည်း သတင်းစာ၊ စာစောင်များ၊ ဘုရားစာအုပ်များပါ ပေါင်း၍ ဖတ်တတ်နေပြီဖြစ်သောကြောင့် အထူးပင် ဝမ်းသာပီတိဖြစ်နေကြပြီး အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေခဲ့ကြသော ကလေးများသည်ပင် ယင်းလှုပ်ရှားမှု၏ အကျိုးကြောင့် ကျောင်းပြန်နေချင်သည့်စိတ်များ ဖြစ်ပေါ်လျက်ရှိသည်။ နတ်မောက်မြို့နယ်ရှိ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုတွင် စာသင်တစ်ဝိုင်းလျှင် ၁၀ ဦးနှုန်းဖြင့် သင်ကြားနေပြီး သင်ယူသည့် ကျောင်းသားဦးရေ ၂၂၁၉ ဦးရှိကြောင်း သိရသည်။

သိမ့်သိမ့်မိုး

အရင်က ကကြီးဆိုတာ ဘာမှန်းမသိခဲ့ပါဘူး။ အခုဆို ကိုယ့်နာမည်ကိုတောင် ကောင်းကောင်းပေါင်းတတ်နေပါပြီ . . .

သရက်မြို့နယ် ရွာသစ်ကြီး-ရမ္မဏီ ပန်းတင် တောင်ဖြတ်မြေသားလမ်းဖွင့်

သရက် ဧပြီ ၂၁

သရက်မြို့နယ် ရွာသစ်ကြီးကျေးရွာနှင့် ရမ္မဏီကျေးရွာတို့ကို စည်းခြားထားသည့် ပန်းတင်တောင်ဖြတ်ကျောက်သလားမြေသားလမ်းကို ဧပြီ ၂၀ ရက် နံနက် ၁၀ နာရီက ပန်းတင်တောင်ခြေမုခ်ဦး၌ ကင်းမွန်ခြံကျောင်း ဆရာတော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်လှနှင့် အလှူရှင်ဦးမြင့်အုန်း-ဇနီးဒေါ်တင်လှိုင်မိသားစုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ရမ္မဏီကျေးရွာမှ ဒေသခံပြည်သူတစ်ဦးက ရမ္မဏီနှင့် ကျောက်မဲကျေးရွာတို့သည် ပဲစင်းငုံ၊ ပဲတီစိမ်းအထွက်ကောင်းသောဒေသဖြစ်ကြောင်း၊ အဆိုပါသီးနှံများ စျေးကွက်အတွင်း ရောက်ရှိရန် ယခင်က ၁၀ မိုင်ခန့်ဝေးသော ဘော်ကျေးရွာသို့ လှည်း၊ ထိုမှတစ်ဆင့် သရက်မြို့သို့လည်းကောင်း၊ တစ်ဖန် ပေ ၃၀၀ ကျော်မြင့်ပြီး လှည်းမောင်းရန် ခက်ခဲသော ပန်းတင်တောင်ကိုဖြတ်၍ ၅ မိုင်ခွဲခန့်ဝေးသော ဧရာဝတီမြစ်ကမ်း ရွာသစ်ကြီးကျေးရွာမှ စက်လှေဖြင့် အောင်လံ၊ သရက်မြို့များသို့ ခက်ခဲစွာသွားခဲ့ရကြောင်း၊ ယခုအခါ ၅ မိုင်ခွဲခန့်အရှည် ပန်းတင်တောင်ဖြတ်လမ်းကို မြေသားဖို့ ပေ ၃၀၀ ကျော်အမြင့်ကို ၁၂ ပေခန့် နှိမ့်ချနိုင်ခဲ့သဖြင့် မော်တော်ဆိုင်ကယ်ဖြင့် အလွယ်တကူသွားလာနိုင်သဖြင့် ဒေသခံပြည်သူများ၏ စီးပွား၊ လူမှု၊ ပညာကဏ္ဍများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ပြောပြခဲ့သည်။

အဆိုပါ ပန်းတင်တောင်ဖြတ်ကျောက်သလားမြေသားလမ်းကို ရန်ကုန်မြို့နေ အလှူရှင် ဦးမြင့်အုန်း-ဒေါ်တင်လှိုင်၊ သမီးမမျိုးမိမိသားစုတို့၏ ထည့်ဝင်ငွေကျပ် ၅၅ သိန်း၊ ဆရာတော်နှင့် သံဃာတော်များဦးဆောင်သည့် ဒေသခံပြည်သူများ၏ လုပ်အားထည့်ဝင်ငွေကျပ် ၆၅ သိန်းတို့ဖြင့် ရာသီမရွေးသွားလာနိုင်ရန် ခက်ခက်ခဲခဲ စုပေါင်းဖောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ကိုကိုအောင်

ဆိပ်ဖြူ-ပခုက္ကူ RBE ရထားအချိန်မှန်ပြေးဆွဲ

ဆိပ်ဖြူ ဧပြီ ၂၁

ခရီးသွားပြည်သူများ ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရန်အတွက် မြန်မာ့မီးရထား တိုင်းအမှတ် (၁၀) ကြံခင်း-ပခုက္ကူ ရထားလမ်းပိုင်း ပခုက္ကူ-ဆိပ်ဖြူ RBE ရထားကို ပြေးဆွဲပေးလျက်ရှိရာ သင်္ကြန်အကျနေ့မှ သင်္ကြန်အတက်နေ့အထိ ရထားခရီးစဉ်များ ခေတ္တရပ်နားခဲ့ရာမှ ဧပြီ ၁၆ ရက်မှ ပခုက္ကူ-ဆိပ်ဖြူခရီးစဉ်ကို အချိန်မှန်ပြန်လည်ပြေးဆွဲပေးခဲ့သည်။ ပခုက္ကူ-ဆိပ်ဖြူ ရထားကို ပခုက္ကူဘူတာမှ နံနက် ၅ နာရီခွဲတွင် စတင်ထွက်ခွာခဲ့ပြီး ဆိပ်ဖြူ-ပခုက္ကူရထားခရီးစဉ်ကို ဆိပ်ဖြူဘူတာမှ မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင် အချိန်မှန်ပြေးဆွဲလျက်ရှိပြီး ရထားစီးနင်းသည့် ခရီးသွားပြည်သူများအတွက် ခရီးသွားလာမှု အဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရသည်။

စိုးလင်းနိုင်(iprd)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လောက်ကိုင်ခရိုင်အတွင်းရှိ လောက်ကိုင်မြို့နယ်နှင့် ချင်းရွှေဟော်မြို့နယ်ခွဲအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်နယ်၊ လမ်း၊ တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လမ်းခင်းကျောက်မျိုးစုံနှင့် လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက် အပိုင်းအလိုက်(မြန်မာကျပ်ငွေ) ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများတင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ် **အမှတ်(၁)(၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်)**

၁။ လမ်းခင်းကျောက်မျိုးစုံ
၂။ ဘိလပ်မြေ
၃။ ၂'အချင်း၁'-၆"အရှည်သံကူကွန်ကရစ်ရေပြွန်
၄။ သံချောင်းလုံးရှယ်စုံ
၅။ ရေသဲ
၆။ အုတ်နီ

တင်ဒါပိတ်မည့်ရက်/အချိန် - ၆-၅-၂၀၁၄ ရက် ၁၆း၃၀နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၇-၅-၂၀၁၄ ရက် ၀၉း၀၀နာရီ
တင်ဒါ/တင်သွင်းစိစစ်ရွေးချယ်မည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လောက်ကိုင်ခရိုင်၊ လောက်ကိုင်မြို့၊ ဖုန်း-၀၈၂-၇၂၀၄၄

အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

နိုင်ငံ့တာဝန်
ကျေပွန်ဖို့
အခွန်မှန်မှန်
ထမ်းဆောင်စို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၂၊ လူနေရပ်ကွက်အမှတ် ၈၂၊ မြေကွက်အမှတ် ၆၉၉၊ ဧရိယာ (၄၀'×၆၀') အကျယ်အဝန်းရှိ တပ်ကြပ်မြင့်သိန်း ၁၂/မဂဒ(နိုင်)၀၀၈၇၃၈ အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ကျော်ညွန့် ၁၁/မအန(နိုင်)၀၂၂၆၆၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးခိုင် LL.B,DBL, DIL,DML
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၇၃၀၄၄၂၈၁
အခန်း ၂၊ ရှေ့နေများနားနေခန်း၊ ဒဂုံတောင်တရားရုံးဝင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

စစ်ဘေးရှောင်တိုင်းရင်းသားများ နမ့်ခမ်းသို့ ထပ်မံရောက်ရှိ

နမ့်ခမ်း ဧပြီ ၂၁

ကချင်ပြည်နယ် မန့်ဝိန်းကြီး ဒေသတိုက်ပွဲဖြစ်ပွားမှုကြောင့် ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ် နယ်စပ် နမ့်ခမ်းမြို့နယ် ရန်ဝူးရွာ၊ ကတော့ကောင်ရွာ၊ မန်ကန်ကျေးရွာများရှိ အိမ်ထောင်စု ၁၀၈ စု၊ လူဦးရေ ၄၄၇ ဦး ဧပြီ ၁၁ ရက်က နမ့်ခမ်းမြို့သို့ ရောက်ရှိလာကြသည်။ ရောက်ရှိလာသော စစ်ဘေးရှောင်တိုင်းရင်းသားများကို နမ့်ခမ်းမြို့ အထက(၂)တွင် ယာယီနေရာချထားပြီး ဧပြီ ၁၈ ရက်က အမှတ်(၂)ရပ်ကွက် ပန်လုံခရစ်ယာန်ဘုရားရှိခိုးကျောင်းဝင်းအတွင်းသို့ ပြောင်းရွှေ့ပြီး UNHCR အဖွဲ့၏ ကူညီပေးခဲ့သော ရွက်ဖျင်တဲများဖြင့် မိသားစုဝင်များကို နေရာချထားပေးခဲ့သည်။

ဧပြီ ၁၉ ရက် နေ့လယ်ပိုင်းက အချို့ထပ်မံရောက်ရှိလာသဖြင့် ဧပြီ ၂၁ ရက်အထိ အိမ်ထောင်စု ၁၃၄၊ လူဦးရေ ၅၄၃ ဦးအတွက် နေရာထိုင်ခင်း အခက်အခဲရှိကာ အချို့ကို ကျေးဇူးကမ္ဘာကိုယ်ပိုင်အထက်တန်းကျောင်းခြံအတွင်း ရွက်ဖျင်တဲများဖြင့် ဧပြီ ၂၀ ရက်က နေရာချထားပေးခဲ့ကြသည်။ စစ်ဘေးရှောင်တိုင်းရင်းသားများ၏ စားနပ်ရိက္ခာအတွက် တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများက ထောက်ပံ့လှူဒါန်းခဲ့ကြသည်။ ရပ်ကွက် (၂)ရှိ ရပ်မိရပ်ဖများ၊ ဆရာဆရာမများနှင့် လူငယ်များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

"အလှူရှင်တွေက လှူဒါန်းတဲ့ စားနပ်ရိက္ခာအတွက် လောလောဆယ် ပူစရာမလိုပေမယ့် ဆက်လက်ပြီး စားသောက်ဖို့အတွက်တော့ တကယ်လိုအပ်နေပါတယ်။ ရက်ကဘယ်လောက်ကြာမယ်ဆိုတာ မသိနိုင်ဘူးလေ၊ သောက်ရေသန့်အလှူရှင်တွေက သောက်ရေအတွက်လှူကြတယ်။ သုံးရေအတွက် လုံလောက်အောင်တော့ ထပ်ပြီးလုပ်ရဦးမယ်" ဟု ကူညီလုပ်ကိုင်ဆောင်ရွက်ပေးနေသူ အမှတ်(၂)ရပ်ကွက် (ပန်လုံ)နေ ဆရာမဒေါ်ဂျာဖန်က ပြောပြသည်။

(ဝ၁၇)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၁-၄-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	၆၆၀၅၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	၆၂၁၆၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	၆၆၀၂၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newdayစက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ်၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ်၉၅၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ်၉၄၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ်၁၁၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ်၉၅၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးနိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	ကျပ် ၃၅၀၀-၄၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	ကျပ် ၂၈၀၀-၃၂၀၀
၃။	ငါးရံ့	တစ်ပိဿာ	ကျပ် ၆၅၀၀-၇၂၀၀
၄။	ငါးဖယ်	တစ်ပိဿာ	ကျပ် ၆၀၀၀-၁၂၀၀၀
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	ကျပ် ၈၀၀၀-၁၀၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	ကျပ် ၁၄၀၀၀-၂၅၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၃၀၀၀
၈။	ကြက်	တစ်ပိဿာ	ကျပ် ၇၅၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	ကျပ် ၇၅၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	ကျပ် ၁၃၀၀၀-၁၅၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၉၆၀-၉၇၀
ဥရောပ	တစ်ယူရို	ကျပ် ၁၃၃၅-၁၃၄၀
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၇၇၅-၇၈၀
ထိုင်း	တစ်ဘတ်	ကျပ် ၃၀.၅-၃၀.၇
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၅.၂-၁၅.၅
တရုတ်	တစ်ယွမ်	ကျပ် ၁၅၇-၁၆၅
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၂၉၅-၃၀၂

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည့်သည်အသစ်)	တစ်အိတ်	၁၆၂၀၀
ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၉၀၀၀
ပေါ်ဆန်း(အသစ်)	တစ်အိတ်	၂၄၅၀၀-၂၈၅၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၆၀၅
ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၃၀၀-၄၅၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၀၀-၁၆၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၃၀၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၀၀-၆၅၀
ငရုတ်ရှည်(ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၄၀၀-၂၄၅၀
ငရုတ်ပွ(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၀၀၀-၄၈၀၀
သကြား	တစ်ပိဿာ	၈၈၀-၉၂၀

ကုန်စည်ဈေးနှုန်းဖြစ်ပြီးအချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ စုစည်းသည်။ | ခင်ဆိုင် ဓာတ်ပုံ

သင်္ကြန်ကာလမှုခင်းဖြစ်ပွားမှုများ ယခင်နှစ်ကထက်ပိုမိုများပြား

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုနှစ်မဟာသင်္ကြန်ကာလမှုခင်းဖြစ်ပွားမှုများ ယခင်နှစ်ကထက်ပိုမိုများပြားလာကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ မဟာသင်္ကြန်မှုခင်းဖြစ်ပွားမှု အခြေပြဇယားထုတ်ပြန်ချက်များအတွင်း ၂၀၁၄ ခုနှစ် သင်္ကြန်နှင့် ဆက်နွှယ်သည့် မှုခင်းဖြစ်ပွားမှုများအရ လူသတ်မှု တစ်မှု(သေဆုံးတစ်ဦး၊ ဒဏ်ရာရ သုံးဦး) ယာဉ်တိုက်မှု ၁၇ မှု(သေဆုံး နှစ်ဦး၊ ဒဏ်ရာရ ၆၁ ဦး)၊ ခိုက်ရန်ဖြစ်ပွားမှု ၁၇မှု (ဒဏ်ရာရ ၂၃ ဦး) သေမှုသေခင်းတစ်မှု(သေဆုံးတစ်ဦး)၊ ကာယိန္ဒြေဖျက်ဆီးမှု ခြောက်မှု (ဒဏ်ရာရ လေးဦး)၊ မူးယစ်ရမ်းကားမှု ၁၁မှုနှင့် အခြားအမှု ၁၀၆ မှုတို့ဖြင့် စုစုပေါင်း ၁၅၉ မှု (သေဆုံးလေးဦး၊ ဒဏ်ရာရ ၉၁ဦး)တို့ဖြစ်ပြီး သင်္ကြန်နှင့်မပတ်သက်သည့် မှုခင်းဖြစ်ပွားမှုများအရ လူသတ်မှု ရှစ်မှု(သေဆုံး ရှစ်ဦး)၊ မုဒိမ်းမှုသုံးမှု၊ ယာဉ်တိုက်မှု ၄၄ မှု၊ (သေဆုံး ငါးဦး၊ ဒဏ်ရာရ ၁၀၃ ဦး)၊ ခိုက်ရန်ဖြစ်ပွားမှု ၄၁ မှု (ဒဏ်ရာရ ၄၉ ဦး)၊ ဝတ္တရားနှောင့်ယှက်မှု တစ်မှု (ဒဏ်ရာရ နှစ်ဦး)၊ သေမှုသေခင်း ၂၆မှု (သေဆုံး ၂၆ ဦး)၊ ကာယိန္ဒြေဖျက်ဆီးမှု ငါးမှု (ဒဏ်ရာရ သုံးဦး)၊ မူးယစ်ရမ်းကားမှု ၈၆ မှုနှင့် အခြားအမှု ၂၀၅ မှုတို့ဖြင့် စုစုပေါင်းအမှု ၄၁၉မှု (သေဆုံး ၃၉ ဦး၊ ဒဏ်ရာရ ၁၅၇ ဦး)တို့ဖြစ်ကာ စုစုပေါင်း အမှု ၅၇၈ မှုရှိနေကြောင်း သိရသည်။

ပြီးခဲ့သော ၂၀၁၃ ခုနှစ် သင်္ကြန်နှင့်ဆက်နွှယ်သော မှုခင်းဖြစ်ပွားမှုများ စာရင်းအရလည်း လူသတ်မှု နှစ်မှု (သေဆုံး နှစ်ဦး၊ ဒဏ်ရာရ တစ်ဦး)၊ ယာဉ်တိုက်မှု တစ်မှု(သေဆုံး တစ်ဦး)၊ ခိုက်ရန်ဖြစ်ပွားမှု ၁၅မှု(ဒဏ်ရာရ ၁၈ဦး)၊ ကာယိန္ဒြေဖျက်ဆီးမှု လေးမှု (ဒဏ်ရာရ သုံးဦး)၊ မူးယစ်ရမ်းကားမှု တစ်မှုနှင့် အခြားအမှု ၁၄၆မှုတို့ဖြင့် စုစုပေါင်းအမှု ၁၆၉မှု(သေဆုံး သုံးဦး၊ ဒဏ်ရာရ ၂၂ ဦး)တို့ဖြစ်ပြီး သင်္ကြန်နှင့်မပတ်သက်သည့် မှုခင်းဖြစ်ပွားမှုများအရ လူသတ်မှု တစ်မှု(သေဆုံး တစ်ဦး)၊ မုဒိမ်းမှု တစ်မှု၊ ယာဉ်တိုက်မှု ၃၈မှု(သေဆုံး သုံးဦး၊ ဒဏ်ရာရ ၈၃ ဦး)၊ ခိုက်ရန်ဖြစ်ပွားမှု ၅၉ မှု(ဒဏ်ရာရ ၇၈ ဦး)သေမှုသေခင်း ၁၈မှု (သေဆုံး ၁၈ ဦး)၊ ကာယိန္ဒြေဖျက်ဆီးမှု ၃၀၊ မူးယစ်ရမ်းကားမှု ၃၀၊ စည်းကမ်းပျက်မှု တစ်မှု(ဒဏ်ရာရ နှစ်မှု)နှင့် အခြားအမှု ၈၉ မှုတို့ဖြင့် စုစုပေါင်းအမှု ၂၃၈မှု(သေဆုံး ၂၂ဦး၊ ဒဏ်ရာရ ၁၆၃ ဦး)တို့ဖြစ်ကာ စုစုပေါင်းအမှု ၄၀၇ မှုရှိနေကြောင်း သိရသည်။

နှိုင်းယှဉ်ချက်များအရ ယခု ၂၀၁၄ ခုနှစ် သင်္ကြန်ကာလမှုခင်းဖြစ်ပွားမှုပေါင်း စာရင်းများအရ ရဲတပ်ဖွဲ့မှကြိုတင်ကာကွယ်ဖော်ထုတ်ဖမ်းဆီးမှု(ခါးပိုက်နှိုက်၊ ယစ်မျိုး၊ လက်နက်ပုန်း)၂၈၁မှုနှင့် ဖြစ်ပွားတိုင်တန်းမှုခင်း(အမှုကြီး၊ အခြားအမှု၊ ခိုက်ရန်ဖြစ်ပွားမှု၊ ယာဉ်တိုက်မှု၊ မူးယစ်ရမ်းကားမှု၊ ကာယိန္ဒြေဖျက်ဆီးမှု)၂၉၇ မှုတို့ဖြင့် အမှုပေါင်း ၅၇၈ မှုရှိနေကြောင်း သိရပြီး ပြီးခဲ့သော ယခင် ၂၀၁၃ ခုနှစ် သင်္ကြန်ကာလမှုခင်းဖြစ်ပွားမှုပေါင်း စာရင်းများအရ ရဲတပ်ဖွဲ့မှ ကြိုတင်ကာကွယ်ဖော်ထုတ်ဖမ်းဆီးမှု(ခါးပိုက်နှိုက်၊ ယစ်မျိုး၊ လက်နက်ပုန်း)၁၅၁မှုနှင့် ဖြစ်ပွားတိုင်တန်းမှုခင်း (အမှုကြီး၊ အခြားအမှု၊ ခိုက်ရန်ဖြစ်ပွားမှု၊ ယာဉ်တိုက်မှု၊ မူးယစ်ရမ်းကားမှု၊ ကာယိန္ဒြေဖျက်ဆီးမှု) ၂၅၆ မှုတို့ဖြင့် အမှုပေါင်း ၄၀၇မှု ရှိနေကြောင်း သိရကာ ယခု ၂၀၁၄ ခုနှစ် သင်္ကြန်ကာလမှုခင်းဖြစ်ပွားမှုများသည် ပြီးခဲ့သော ယခင် ၂၀၁၃ ခုနှစ် သင်္ကြန်ကာလမှုခင်းဖြစ်ပွားမှုများထက် ၁၇၁ မှုပိုမိုများပြားလာကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ထုတ်ပြန်ခဲ့သည်။

စိုးဝင်း(SP)

Junction Cineplex

18 . 4 . 2014 တွင် Junction Cineplex ၌ စတင်ပြသမည့် ဇာတ်ကားများ

Like us on facebook
JunctionCineplex

3D ရသများဖြင့် စိတ်လှုပ်ရှားဖွယ်ကောင်းသော အက်ရှင် ဇာတ်ကားကြီး

Junction Square (Ph - 01 527 055)		
Captain America(3D)	Sun to Thu	10 AM . 1 PM . 4 PM . 7 PM
	Fri & Sat	10 AM . 1 PM . 4 PM . 7 PM . 9 : 30 PM
Non- Stop	Sun to Thu	10 AM . 1 PM . 4 PM . 7 PM
	Fri & Sat	10 AM . 1 PM . 4 PM . 7 PM . 9 : 30 PM
အချစ်များနှင့်ဖန်ဆင်းမယ်	Sun to Thu	10 AM . 12 : 30 PM . 3 : 30 PM . 6 : 30 PM
	Fri & Sat	10 AM . 12 : 30 PM . 3 : 30 PM . 6 : 30 PM . 9 : 30 PM
Junction Maw Tin (Ph - 01 225 244)		
Captain America(3D)	Sun to Thu	10 AM . 1 PM . 4 PM . 7 PM
	Fri & Sat	10 AM . 1 PM . 4 PM . 7 PM . 9 : 30 PM
အချစ်များနှင့်ဖန်ဆင်းမယ်	Sun to Thu	10 AM . 12 : 30 PM . 3 : 30 PM . 6 : 30 PM
	Fri & Sat	10 AM . 12 : 30 PM . 3 : 30 PM . 6 : 30 PM . 9 : 30 PM
Junction Nay Pyi Taw (Ph - 067 421 615)		
စေတနာရဲ့ကချေသည်	Mon to Thu	11 AM . 2 PM . 6 : 30 PM
	Fri to Sun	10 : 30 AM . 1 : 30 PM . 4 : 30 PM . 7 : 30 PM

သည်းထိတ်ရင်ဖို အက်ရှင်ဇာတ်ကားကြီး

အစ်ကိုရဲ့ (၃၅)နှစ်မြောက် မွေးနေ့ဆုတောင်း

၂၂-၄-၂၀၁၄ရက် (အင်္ဂါနေ့) မွေးနေ့ရက်မင်္ဂလာမှစ၍ ဘဝတစ်လျှောက်တွင် ရိုးသားကြိုးစား ပျော်ရွှင်စွာဖြင့် ကျန်းမာချမ်းသာပါစေ ဘေးအန္တရာယ်ရှင်းအနှောင့်အယှက်ကင်းဝေးပါစေ၊ လောကီလောကုတ္တရာကုသိုလ်များ ပွားများနိုင်ပြီး ဆန္ဒနှင့်ဘဝတစ်ထပ်တည်းကျ၍ ပေးထားသောကတိကို တည်နိုင်ပါစေလို့ ဆုတောင်းလျက်-

ထာဝရ
ညီမလေး

နှစ်သစ်ဆုတောင်း

ချစ်ခင်ပွန်း ဗိုလ်ကြီးသန်းထက်အောင်(ခ) An Sham (ဆေးမှူး၊ အမှတ်-၃ လေ့ကျင့်ရေးသင်တန်းကျောင်း) မင်္ဂလာအပေါင်းနှင့်ပြည့်စုံသောနှစ်သစ်ကို ချစ်ဇနီးနှင့်အတူ ကြိုဆိုနိုင်ပါစေ။

ချစ်ဇနီး
ဒေါ်ခင်ရတနာထွန်းထွန်း
(ထွန်းဝေဆာ)မိသားစု

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

သင်္ကြန်ရက်များအတွင်း ငါးဈေး သုံးဆနီးပါး ဈေးတက်ခဲ့သော်လည်း ယခုအခါ ပုံမှန်ဈေးနှုန်းပြန်ဖြစ်

ရန်ကုန် ဧပြီ ၂၁

သင်္ကြန်ရက်များအတွင်း ငါးဖမ်းစက်လှေများ ရန်ကုန်ဆိပ်ကမ်း စံပြငါးဈေးကြီးသို့ ဝင်ရောက်မှုနည်းခဲ့ခြင်းကြောင့် ငါးဈေးနှုန်း သုံးဆနီးပါး တက်ခဲ့သော်လည်း သင်္ကြန်အပြီး နှစ်ဆန်းနှစ်ရက်နေ့မှစတင်ကာ ငါးဈေးနှုန်း ပုံမှန်ပြန်ဖြစ်သွားပြီဖြစ်ကြောင်း ကြည့်မြင်တိုင်မြို့နယ် စံပြငါးဈေးကြီးမှ တာဝန်ရှိသူတစ်ဦးက မြန်မာ့အလင်းသို့ ပြောသည်။

"သင်္ကြန်ကာလမှာ ဗဟိုစံပြငါးဈေးကြီးသို့ ငါးဖမ်းစက်လှေ ဝင်ရောက်မှု နေ့စဉ် သုံးစင်းလောက်ပဲ ရှိတယ်။ ပုံမှန်က ၁၅ စင်း အစင်း ၂၀ လောက်ဝင်ပါတယ်။ သင်္ကြန်ကာလမှာ ငါးဖမ်းစက်လှေအများစုက နားကြတယ်။ အခါကြီး ရက်ကြီးဆိုတော့ အခြားလုပ်ငန်းတွေလို နားကြပါတယ်။ ဒီ့အတွက်ကြောင့် ငါးဝယ်လိုအားများပြီး ရောင်းလိုအားနည်းသွားတဲ့အတွက် ဈေးနှုန်းအဆမတန်မြင့်တက်ခဲ့တာဖြစ်ပါတယ်။ အခုတော့ ပုံမှန်ပြန်ဖြစ်သွားပါပြီ" ဟု ဗဟိုစံပြငါးဈေးကြီးမှ ဈေးတာဝန်ရှိသူ ကိုဝင်းဇော်ဦးက ရှင်းပြသည်။

သင်္ကြန်ကာလအတွင်း ငါးဈေးနှုန်း အဆမတန်မြင့်တက်ပြီး ပုံမှန်ဈေးနှုန်းပြန်ဖြစ်သော်လည်း ရေခဲဈေးမှာ တန့်နေဆဲဖြစ်သည်။ ငါးများရေခဲရိုက်ရာတွင် အသုံးပြုရသည့် ရေခဲတစ်ပုံးလျှင် သင်္ကြန်မတိုင်မီက ငွေကျပ် ၁၃၀၀ သာရှိခဲ့သော်လည်း သင်္ကြန်ကာလအတွင်း ငွေကျပ် ၁၈၀၀ အထိ မြင့်တက်ခဲ့ပြီး ဈေးပြန်မကျသေးဘဲ တန့်နေဆဲဖြစ်သည်။ အချို့က မီတာခကို အကြောင်းပြုပြီး ဈေးပြန်ချမရောင်းနိုင်ဟု ဆိုသည်။ အမှန်မှာ သင်္ကြန်ကာလ ရေခဲဈေးမြင့်တက်ရခြင်း အဓိကအကြောင်းမှာ ရေပက်ရာတွင် ရေခဲအသုံးပြုမှုများ ပြားလာခြင်းကြောင့် ဖြစ်သည်။

■ အခါကြီးရက်ကြီးဆိုတော့ အခြားလုပ်ငန်းတွေလို နားကြပါတယ်။ ဒီ့အတွက်ကြောင့် ငါးဝယ်လိုအားများပြီး ရောင်းလိုအားနည်းသွားတဲ့အတွက် ဈေးနှုန်းအဆမတန်မြင့်တက်ခဲ့တာဖြစ် . . .

သင်္ကြန်ရက်များအတွင်း လူအများစု စားသုံးလေ့ရှိသော ငါးမြစ်ချင်းနှင့် ငါးကြင်းဈေးနှုန်းမှာ တစ်ပိဿာ ငွေကျပ် ၉၀၀၀ မှ ၁၀၀၀၀ နီးပါးအထိ ဈေးမြင့်တက်ခဲ့ကြောင်း သိရသည်။ ယခုအခါ ပင်လယ်ငါးနှင့် ရေချိုမွေးမြူရေးကန်ငါးများ အလုံးအရင်းဖြင့် ဝင်ရောက်လာပြီဖြစ်၍ ငါးဈေးမှာ ပုံမှန်အနေအထားသို့ ရောက်ရှိလာပြီဖြစ်သည်။

သတင်း-ကြဲတိုင်းအောင်
ဓာတ်ပုံ-သဏ္ဍ

မြင်းမူမြို့မရပ်ကွက်များ အရန်မီးသတ်တပ်ဖွဲ့စခန်းမှ သင်တန်းသားတပ်ဖွဲ့ဝင် ၃၅ ဦးသည် နည်းပြဆရာများနှင့်အတူ မီးငြိမ်းသတ်ယာဉ်ဖြင့် လက်တွေ့မီးငြိမ်းသတ်နည်း လက်တွေ့လေ့ကျင့်မှုကို ဧပြီ ၁၈ ရက်က ဧရာဝတီမြစ်ကမ်းပါးတွင် လေ့ကျင့်ခဲ့ရာ မြို့မရပ်ကွက်များ၊ အရန်မီးသတ်တပ်ဖွဲ့စခန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဌေးနှင့် ကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ ကြည့်ရှုအားပေးစဉ်။

ကိုကိုနိုင်(မြင်းမူ)

ပြင်ဦးလွင်တွင် အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိ

ပြင်ဦးလွင် ဧပြီ ၂၁

မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်ကြီးကို ပျော်ပါးစွာ ဆင်နွှဲခဲ့ကြပြီး နှစ်ဆန်းတစ်ရက်နေ့တွင် မိမိရပ်ရွာများတွင် ကောင်းမှုကုသိုလ်များ ပြုလုပ်ကြပြီး နှစ်ဆန်းနှစ်ရက်နေ့ (ဧပြီ ၁၈ ရက်)တွင် အပန်းဖြေအနားယူသည့်အနေဖြင့် ပြင်ဦးလွင် တောင်ပေါ်မြို့တွင် အနားယူသူများဖြင့် စည်ကားလျက်ရှိသည်။

နှစ်ဆန်းတစ်ရက်နေ့တွင် မန္တလေးမြို့တွင် မဟာမြတ်မုနိဘုရားကြီး၌ ကုသိုလ်ပြုသူ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်။ မြန်မာနှစ်ဆန်းနှစ်ရက်နေ့တွင် မန္တလေးမြို့နှင့် အခြားမြို့များမှ အပန်းဖြေအနားယူလိုသူများသည် ပြင်ဦးလွင်မြို့ ကန်တော်ကြီး၊ ရေတံခွန်တောင်၊ ပိတ်ချင်းမြောင်တို့တွင် ပျော်ပျော်ပါးပါး မိသားစုများဖြင့် အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။ ထို့ပြင် မန္တလေးတောင်၊ ဦးပိန်တံတားတို့တွင်လည်း ပျော်ရွှင်စွာလာရောက်အနားယူသူများနှင့်စည်ကားလျက်ရှိသည်။

ခင်ခင်ဝင်း(ပညာရေး)

သုံးခွမြို့တွင် မိုးကုတ်ဝိပဿနာတရားစခန်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲအမှတ်(၈၄)တွင် သင်္ကြန်ကာလ (၁၅၈)ကြိမ်မြောက် ၁၃ ရက် တရားစခန်းပွဲကို ဧပြီ ၆ ရက်မှ ၁၈ ရက်ထိ ကျင်းပခဲ့ပြီး ဓမ္မကထိက ဘဒ္ဒန္တကေတုမာလာ (ပန်းတနော်) ဆရာတော်ကပဋ္ဌိစ္စသမုပ္ပာဒ်သင်တန်း တရားတော်များနှင့် ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး တရားတော်များကို ဟောကြားတော်မူခဲ့ကြောင်းသိရှိရပြီး ယောဂီ ၁၇၄ ဦး တရားဝင် တရားအားထုတ်ကြကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

မွေးနေ့မင်္ဂလာ ဆုတောင်း

နှစ်သစ်ဦးမင်္ဂလာနေ့ဖြစ်သော (17.4.2014) နေ့တွင်ကျရောက်သည့် **ဦးချမ်းသာ** ၏မွေးနေ့ မင်္ဂလာရက်မြတ်မှ သည် မိသားစုနှင့်အတူဗုဒ္ဓဘုရားရှင်၏ အဆုံးအမတရားများ လိုက်နာကျင့်သုံး၍ငြိမ်းအေးချမ်းသာစွာဖြင့် ကျန်းမာသက်ရှည်ပါစေကြောင်း မေတ္တာဆုတောင်းလျက် . . . . . .

ဇနီး – သုခမ္မသိဂီ၊သီတာသုခမ္မသိဂီဒေါ်ဥမ္မာမြင့်(သုခစုစံ မန်နေဂျင်းဒါရိုက်တာ)
သမီး – မဖြူစင်ချမ်းသာ [Grade VI အ.ထ.က(၁)ဒဂုံ]
သား – မောင်ပြည့်စုံချမ်းသာ [Grade IV အ.ထ.က(၁)ဒဂုံ]
ဝန်ထမ်းများ – ချမ်းသာအောင်မြင် – Travels &Tours Co.,Ltd
သုခစုစံ – ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုကုမ္ပဏီ ၊ သုခစုစံ – ဆန်စက်
သုခစုစံ – စက်မှုလက်မှု သင်တန်းကျောင်း ၊ သုခစုစံ – M & E Services

KBZ Industries Ltd.,

ကျောက်မီးသွေးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ KBZ Industries Ltd., တောင်ကြီး (ပင်းပက်ဒေသ)ရှိ တစ်ရက် တန်၁၀၀၀ကျ ကမ္ဘောဇ ဘိလပ်မြေစက်ရုံအတွက် ကျောက်မီးသွေးများအား စက်ရုံအရောက်နေ့စဉ် တန် ၁၀၀ စဉ်ဆက်မပြတ် ထုတ်လုပ်ပေးသွင်းရေးလုပ်ငန်း အပ်နှံဆောင်ရွက်လိုပါသည်။

၂။ ၂၂-၄-၂၀၁၄ ရက်မှစ၍ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်မေးမြန်း စုံစမ်းနိုင်ပါသည်-

KBZ Industries Ltd
အမှတ် ၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊
Strand Condo (၃)ထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၇၃၆၄၇၊ ၀၁-၃၇၃၆၄၈

စည်းကမ်းကောင်း၊အောင်ချက်ကောင်း၊စာသင်ကောင်း၊စသောကောင်းခြင်းများနှင့်ပြည့်စုံသောကြောင့် ရန်ကုန်မြို့တွင် ကျောင်းသားအများဆုံးရရှိနေသော...
ပညာရေးဝန်ကြီးဌာနတရားဝင်အသိအမှတ်ပြုသော ကျောင်းမှတ်ပုံတင် (ကက-၁၃/၀၁/၀၀၇)

PRIVATE HIGH SCHOOL
TS
U THAN SEIN

ဆရာ
ဦးသန်းစိန်
လူငယ်ဘက်စုံထူးချွန်ရေး
ကိုယ်ပိုင်အထက်တန်းကျောင်း
(၅၊၆၊၇၊၈၊၉၊၁၀)တန်းများ
၁၀၊၅၊၂၀၁၄ စမည်။
ရှယ်စိုင်း၊ဟော်ဒါ

◆တန်းခွဲများပြည့်တော့မည်ဖြစ်ပါသဖြင့် စရံပေးထားသော ကျောင်းသား၊သူများ အမြန်ဆုံး ကျောင်းအပ် ပေးပါရန်◆

■ ဆရာဦးသန်းစိန်(လူငယ်ဘက်စုံထူးချွန်ရေး)ကိုယ်ပိုင်အထက်တန်းကျောင်း
ပြည်တော်သာမှတ်တိုင်ရှေ့၊ ရွာမအရှေ့ရပ်ကွက်၊ ရွာမလမ်းဆုံထောင့်၊အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
■ (၄၈)၊(၅၇)၊(၇၄)၊ ဗိုလ်ဥတ္တမလမ်း၊ဘောဂရပ်ကွက်၊ ဗားဂရာမီးပွိုင့်အနီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
Phone: 09 5167915, 09 5190862, 09 450014699, 09 73016839, 01-210501
e-mail: zinnimyint@gmail.com Facebook Page - Saya U Than Sein Private High School website: http //: utsschoolwall.fm

ကြော်ငြာ

GOLDEN CITY
NATIONAL LANDMARK
EXCLUSIVELY YOURS

လက်လွှတ်မဆုံးရှုံးသင့်သော အခွင့်အရေးကောင်း GOLDEN CITY အားပိုင်ဆိုင်ခွင့်

GOLDEN CITY ကစတင်ခရီးဆက်တော့မည်...

သင့်ရဲ့ ရွေးချယ်မှုကို ချွင်းချက်မရှိ ပြီးပြည့်စုံအောင် ဖြည့်စွက်ပေးနိုင်တဲ့ အခွင့်ကောင်း

ဂယ်လိုအားအဆက်မပြတ် မြင့်မားနေပြီး DISCOUNT ခံစားခွင့်နှုန်းကို တဖြည်းဖြည်းလျှော့ချနေတာကြောင့် လက်လွှတ်မခံသင့်တဲ့ အခွင့်အရေးဖြစ်ပါတယ်။

NATIONAL LANDMARK • EXCLUSIVELY YOURS

•Bringing Global Knowledge Together •Modern Classical Fusion •Comfortable Luxury Living Space
•Royal Treatment At Our Hotel •International Office Building •Premium Luxury Shopping •Elite Community
•Platinum Privilege Club •French Inspired Garden •The World's Most Advanced Security Systems

G O L D E N C I T Y

Hotline:+95(0)1-8605111 +95(0)1-8605222

Golden Land Real Estate Development Co.,Ltd.

Address: Yankin Road,CMA Old Building,Yankin Township,Yangon Myanmar **Http:**//www.glredcl.com

ဌာနဆိုင်ရာ

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းဆောင်ရွက်ချက်များ

ရှမ်းပြည်နယ်

ကလောမြို့နယ်၊ ရေယား၊ ရေယောင်းမ၊ ဝက်ဖြူရေ၊ မဂွေ၊ နန်းပန်တက်၊ သရက်ပုကျေးရွာနှင့် တောင်ကြီးမြို့နယ် တောင်လေးလုံးရွာ စာသင်ကျောင်း၊ ကျောက်တဲ၊ ဖက်နမ်နှင့်ဘုရားနီကျေးရွာများတွင် လျှပ်စစ်ဓာတ်အားရရှိရေး တင်ပြချက်များအပေါ် စွမ်းအင်သယံဇာတနှင့်ဓာတ်သတ္တုဆိုင်ရာဆပ်ကော်မတီမှ ဆောင်ရွက်ချက်

ရှမ်းပြည်နယ်၊ ကလောမြို့နယ်နှင့်တောင်ကြီးမြို့နယ်များအတွင်း ပြည်သူလူထုမှတင်ပြလာသည့်ကျေးရွာများ၏ လျှပ်စစ်မီးရရှိရေး လိုအပ်ချက်များအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကွင်းဆင်းစစ်ဆေးတိုင်းတာခဲ့ရာ အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရန်လိုအပ်ပါသည်-

စဉ်	မြို့နယ် အမည်	ကျေးရွာအမည်	ဆောင်ရွက်ရန်လုပ်ငန်းများ	ခန့်မှန်းကုန်ကျငွေ (ကျပ်သန်း)
၁	ကလော	ရေယား၊ ရေယောင်းမ၊ ဝက်ဖြူရေ၊ မဂွေ၊ နန်းပန်တက်ငါးရွာ	(က) ၃၃ကေဗွီဓာတ်အားလိုင်း ၁၈ မိုင် (ခ) ၄၀၀ ဗို့ဓာတ်အားလိုင်း ၅ မိုင် (ဂ) ၃၃/၀. ၄ ကေဗွီ ၁၀၀ ကေဗွီ ၅လုံး အေထရန်စဖော်မာ	၈၂၂ . ၁၃၂ ၁၅၂ . ၄၂၅ ၂၅ . ၅
၂	ကလော	သရက်ပု	(က) ၁၁ ကေဗွီဓာတ်အားလိုင်း ၁. ၅၇ မိုင် (ခ) ၄၀၀ ဗို့ဓာတ်အားလိုင်း ၂ မိုင် (ဂ) ၁၁/၀. ၄ ကေဗွီ ၂၀၀ ကေဗွီ ၂ လုံး အေထရန်စဖော်မာ	၁၀ . ၉၈၉ ၆၁ . ၀၉ ၄၃
၃	တောင်ကြီး	တောင်လေးလုံးရွာ စာသင်ကျောင်း	(က) ၁၁ ကေဗွီဓာတ်အားလိုင်း ၀. ၄၂ မိုင် (ခ) ၁၁/၀. ၄ ကေဗွီ ၁၆၀ ကေဗွီ ၁ လုံး အေထရန်စဖော်မာ	၈ . ၀၉၇ ၂၀ . ၅
၄	တောင်ကြီး	ကျောက်တဲ	(က) ၁၁ ကေဗွီဓာတ်အားလိုင်း ၀. ၃၅ မိုင် (ခ) ၄၀၀ ဗို့ဓာတ်အားလိုင်း ၀. ၅ မိုင် (ဂ) ၁၁/၀. ၄ ကေဗွီ ၂၀၀ ကေဗွီ ၁ လုံး အေထရန်စဖော်မာ	၆ . ၇၄၇ ၁၅ . ၂၇၂ ၂၀ . ၅
၅	တောင်ကြီး	ဖက်နမ်	(က) ၁၁ ကေဗွီ ဓာတ်အားလိုင်း ၀. ၁၂ မိုင် (ခ) ၄၀၀ ဗို့ဓာတ်အားလိုင်း ၁. ၅၅ မိုင် (ဂ) ၁၁/၀. ၄ ကေဗွီ ၃၁၅ ကေဗွီ ၁ လုံး အေထရန်စဖော်မာ	၂ . ၃၁ ၄၇ . ၃၄၄ ၂၀ . ၅
၆	တောင်ကြီး	ဘုရားနီ	(က) ၁၁ ကေဗွီဓာတ်အားလိုင်း ၀. ၄၂ မိုင် (ခ) ၄၀၀ ဗို့ဓာတ်အားလိုင်း ၀. ၅ မိုင် (ဂ) ၁၁/၀. ၄ ကေဗွီ ၁၆၀ ကေဗွီ ၁ လုံး အေထရန်စဖော်မာ	၈ . ၀၉၇ ၁၅ . ၂၇၂ ၂၀ . ၅
			စုစုပေါင်း	**၁၃၀၄·၅၇၅**

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ကျေးရွာမီးလင်းရေးများအား ဆောင်ရွက်နေကြရာ လျှပ်စစ်မီးရယူသုံးစွဲလိုသည့်ကျေးရွာများမှ မိမိအစီအစဉ်ဖြင့် ကိုယ့်အားကိုယ်ကိုးမီးလင်းရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြပါသည်။ ကျေးရွာများအနေဖြင့် ဆောလျင်စွာဓာတ်အားအသုံးပြုလိုပါက ကိုယ့်အားကိုယ်ကိုးဆောင်ရွက်မှသာ အဆင်ပြေနိုင်မည်ဖြစ်ပါသည်။

၃၃ ကေဗွီ၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းများတည်ဆောက်၍ ၃၃/၀. ၄ ကေဗွီနှင့် ၁၁/၀. ၄ ကေဗွီထရန်စဖော်မာများဖြင့် ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်း ၄၀၀ ဗို့ ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းများအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်က ဘဏ္ဍာငွေထောက်ပံ့ငွေကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၏ ဘတ်ဂျက်တွင် ထည့်သွင်းဆောင်ရွက်ရန် သတ်မှတ်ထားပြီးဖြစ်ပါသည်။

သို့ဖြစ်၍ ကျေးရွာများ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ပေးရမည့်လုပ်ငန်းများအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ဘဏ္ဍာငွေလျာထားချက်တွင် ထည့်သွင်းရေးဆွဲထားရန်ဖြစ်သော်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေလျာထားချက်များမှာ တောင်းခံဆောင်ရွက် ပြီးဖြစ်ပါ၍ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသော ၃၃/၀. ၄ ကေဗွီထရန်စဖော်မာ၊ ၁၁ ကေဗွီဓာတ်အားလိုင်း၊ ၄၀၀ ဗို့လိုင်းနှင့် ၁၁/၀. ၄ ကေဗွီ ထရန်စဖော်မာ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေလျာထားချက်တွင် ထည့်သွင်း၍ တောင်းခံတည်ဆောက်သွားရမည်ဖြစ်ပါကြောင်း ပြန်ကြားအပ်ပါသည်။

တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာအုပ်စု ဥမှင်ကျေးရွာတွင် ကျေးရွာစာကြည့်တိုက် တစ်လုံးဆောက်လုပ်ပေးပါရန် တင်ပြချက်အပေါ် ပြန်ကြားရေးဝန်ကြီးဌာနမှ ဆောင်ရွက်ချက်

တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာအုပ်စု ဥမှင်ကျေးရွာမှ ဦးညွန့်လွင်(ရာအိမ်မှူး)၏ ကျေးရွာစာကြည့်တိုက်တစ်လုံး ဆောက်လုပ်ပေးပါရန် တင်ပြချက်အပေါ် ပြန်ကြားရေးဝန်ကြီးဌာနမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ အောက်ပါအတိုင်း အကြောင်းကြားထားပြီးဖြစ်ပါသည်-

(က) တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာအုပ်စု ဥမှင်ကျေးရွာတွင် ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရေးအတွက် အဆိုပါကျေးရွာတွင် စာကြည့်တိုက်ဆောက်လုပ်ရန် သင့်တော်သည့်မြေနေရာအကျယ်အဝန်း၊ တရားဝင် သတ်သတ်မှတ်မှတ် ရရှိထားမှုကိုဖော်ပြ၍ မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းထံသို့ စာကြည့်တိုက် ဆောက်လုပ်နိုင်ရေးအတွက် မတည်ထောက်ပံ့ငွေကျပ် ၁၀ သိန်း ခွင့်ပြုပေးရေးညှိနှိုင်းဆောင်ရွက်သွားရန်၊

(ခ) စာကြည့်တိုက်အဆောက်အအုံအတွက် ထပ်မံလိုအပ်ချက်ငွေများကို ကျေးရွာလူထုမှ ပူးပေါင်းထည့်ဝင်ခြင်း၊ အလှူရှင်ရရှိရေးအတွက် စည်းရုံးရှာဖွေစုပေါင်းပါဝင်ဆောက်လုပ်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန်၊

(ဂ) ယင်းအခြေအနေများကို ဥမှင်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖများနှင့်ကျေးရွာပြည်သူလူထုတို့ထံ ကြိုတင်အသိပေးထားရန်။

သို့ဖြစ်ပါ၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ကြီးခရိုင်ရုံးမှ တောင်ကြီးမြို့နယ်အတွင်းရှိ တောင်လေးလုံးကျေးရွာအုပ်စု၊ ဥမှင်ကျေးရွာတွင်စာကြည့်တိုက် အဆောက်အအုံ ဆောက်လုပ်နိုင်ရေးအတွက် မတည်ထောက်ပံ့ငွေကျပ် ၁၀ သိန်း ခွင့်ပြုချက်ရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း ပြန်ကြားအပ်ပါသည်။

ကျိုက်ပျော်မြို့နယ်ရှိ ရှားခဲကျေးရွာ၊ သောင်ကြီးကျေးရွာ၊ ကျိုတနီကျေးရွာနှင့် အင်းရဲကျေးရွာတို့တွင် GSM Tower တိုင် လေးတိုင် တိုးချဲ့တပ်ဆင်တည်ဆောက်ပေးနိုင်ရန် တင်ပြချက်အပေါ် ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီမှ ဆောင်ရွက်ချက်

ကျိုက်ပျော်မြို့နယ်ရှိ ရှားခဲကျေးရွာ၊ သောင်ကြီးကျေးရွာ၊ ကျိုတနီကျေးရွာနှင့် အင်းရဲကျေးရွာတို့တွင် GSM Tower တိုင်လေးတိုင် တိုးချဲ့တပ်ဆင်တည်ဆောက်ပေးရန် ပေးပို့လာခြင်းအပေါ် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေအား အောက်ပါအတိုင်း ပြန်ကြားအပ်ပါသည်-

(က) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် တယ်လီဖုန်းသိပ်သည်းဆ တိုးတက်မြင့်မားလာစေရန်နှင့် ပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေးဆိုင်ရာ လုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို နှစ်စဉ်စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

(ခ) ယင်းကဲ့သို့ ဆောင်ရွက်ပေးလျက်ရှိရာတွင် ကျိုက်ပျော်မြို့နယ်ရှိ မြို့ပေါ်ရပ်ကွက် ရှစ်ခု၊ ကျေးရွာအုပ်စု ၈၉ အုပ်စု၊ ကျေးရွာပေါင်း ၅၂၃ ရွာမှ ပြည်သူများအနေဖြင့် မိုဘိုင်းတယ်လီဖုန်းများကို အဆင်ပြေချောမွေ့စွာ ဆက်သွယ်ပြောဆိုနိုင်စေရန် CDMA-800 Tower တစ်ခု၊ CDMA -450 Tower တစ်ခုနှင့် GSM/ WCDMA Tower သုံးခုကို တည်ဆောက်တပ်ဆင်ပေးခဲ့ပါသည်။

(ဂ) ယခုအခါတွင်လည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ GSM/ UMTS (လိုင်းအသစ် တစ်သန်းနှင့် လဲလှယ်တပ်ဆင်ခြင်း သုံးသန်း) တိုးချဲ့တပ်ဆင်ခြင်း စီမံကိန်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် မိုဘိုင်းရေဒီယိုစခန်းတိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ကျိုက်ပျော်မြို့နယ်ရှိ ရှားခဲကျေးရွာ၊ သောင်ကြီးကျေးရွာ၊ ကျိုတနီကျေးရွာနှင့် အင်းရဲကျေးရွာတို့မှ မူလလျာထားချက်တွင် ပါဝင်ခြင်းမရှိပါသဖြင့် လောလောဆယ်တွင် တည်ဆောက် တပ်ဆင်ပေးနိုင်ခြင်းမရှိပါ။

(ဃ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းတယ်လီဖုန်းတိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ ဆက်လက်ဆောင်ရွက်မည့်စီမံကိန်းများတွင် ကျိုက်ပျော်မြို့နယ်ရှိ အဆိုပါကျေးရွာများ၌ မိုဘိုင်းတယ်လီဖုန်းများကို အဆင်ပြေချောမွေ့စွာ ဆက်သွယ်ပြောဆိုနိုင်စေရန်အတွက် သင့်လျော်သည့်နေရာများတွင် တပ်ဆင်ပေးနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး ၎င်းတို့၏ ဦးစားပေးအစီအစဉ်အလိုက် တင်ပြမှုပေါ်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာဆပ်ကော်မတီ

ထီးလင်းမြို့နယ် ကျင်းအထက (ခွဲ) ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီး

ထီးလင်း ဧပြီ ၂၁

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ် ကျင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ရွှေမန်းကုမ္ပဏီမှ တာဝန်ယူ၍ ကျောင်းဆောင်သစ် ဆောက်လုပ်လျက်ရှိရာ ယခုအခါ အဆိုပါကျောင်းဆောင်သစ်မှာတည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း တာဝန်ခံဦးမျိုးညွန့်ထံမှသိရသည်။

အဆိုပါ ကျောင်းဆောင်သစ်ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ပေ (၁၂၀× ၃၀×၁၂) အုတ်ညှပ်၊ သွပ်မိုး၊ သမံတလင်းခင်းတစ်ထပ်ဆောင်ဖြစ်ကာ ပညာရေးဝန်ကြီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၂၃ သိန်းဖြင့် ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ပညာရေးဝန်ကြီးဌာနမှ ကျောင်း ၁၁ ကျောင်းအတွက် ကျောင်းဆောင်သစ်များ ဆောက်လုပ်ရန်ခွင့်ပြုခဲ့ရာ အဆိုပါ ကျင်းအထက (ခွဲ) ကျောင်းဆောင်သစ် အပါအဝင် ပြင်ဘ အထက (ခွဲ) အတွက် ပေ(၁၂၀×၃၀×၁၂) ကျောင်းဆောင် ဆောက်လုပ်ရန်အတွက် ငွေကျပ် ၄၃၂ သိန်း၊ အင်းနား (မူလွန်) အတွက်ပေ (၉၀×၃၀×၁၂) ကျောင်းဆောင် ဆောက်လုပ်ရန် ငွေကျပ် ၃၂၄ သိန်းနှင့်လျှော်ဖြူပင်၊ ရင်းရောင်၊ လက်ပန်၊ ကျောက်စာရေး အမကများ၌ ပေ (၆၀×၃၀× ၁၂)ရှိ ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် တစ်ကျောင်းလျှင် ငွေကျပ် ၂၁၆ သိန်းနှုန်းဖြင့် ကျောင်းဆောင်လေးဆောင်၊ အထက်ကျော်၊ စင်းစယ်၊ အညာတောနှင့်ထီးလင်း အမက(၂) ကျောင်းများ၌ ပေ (၆၀× ၃၀×၁၂) ရှိ ကျောင်းဆောင်ဆောက်လုပ်ရန် တစ်ကျောင်းလျှင်ငွေကျပ် ၁၄၄ သိန်းနှုန်းဖြင့် ကျောင်းဆောင်လေးဆောင်တို့ကို ခွင့်ပြုပေးခဲ့ရာ အထက(ခွဲ) နှစ်ကျောင်း၊ မူလွန် တစ်ကျောင်းနှင့် အမကကျောင်း ရှစ်ကျောင်း၊ စုစုပေါင်း ၁၁ ကျောင်းအတွက် ကျောင်းဆောင် ၁၁ ဆောင် ဆောက်လုပ်ရန်ခွင့်ပြုခဲ့သည်။ အဆိုပါ ကျောင်းဆောင်သစ်များကို ရွှေမန်း၊ ရွှေပုံညာနှင့်M&Nကုမ္ပဏီတို့က တာဝန်ယူဆောက်လုပ်လျက်ရှိကြောင်း သိရသည်။ **ဖိုးသားလေး(ယောမြေ)**

သတင်းဆောင်းပါးနှင့် ကြော်ငြာ

ဆင်းရဲခြင်းလွတ်ကင်းအောင်

စံလွင်(ငါးဦးစီး)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ကျင်းပရာမှာ နိုင်ငံတော်သမ္မတကြီးက တိုင်းပြည်ချမ်းသာရေးထက် ဆင်းရဲမှုလျှော့ချနိုင်ရေးဟာ ဦးစားပေးဆောင်ရွက်ရမယ့် ကိစ္စဖြစ်တယ်လို့ ပြောကြားသွားတာကို ဖတ်ရှုလိုက်ရပါတယ်။

တစ်ဆက်တည်းမှာပဲ ကျွန်တော်တို့နိုင်ငံဟာ အဆင်းရဲဆုံးစာရင်းဝင်(Least Developing Country) နိုင်ငံဖြစ်နေပါတယ်လို့ ဝန်ခံပြောကြားခဲ့တာကိုလည်း စိတ်မကောင်းခြင်းကြီးစွာနဲ့ ဆက်လက်ဖတ်ရှုရပါတယ်။

တစ်ချိန်က ကျွန်တော်တို့နိုင်ငံဟာ ဆန်စပါးထွက်ရှိမှု၊ တင်ပို့နိုင်မှု၊ သန့်ရှင်းလှပမှုနဲ့ကောင်းမွန်သော ပညာရေးစနစ်တို့ကြောင့် ဒေသတွင်းနိုင်ငံတွေထက် ခေါင်းတစ်လုံးမကမြင့်ကာ အသာစီးရခဲ့တဲ့ အချိန်တွေရှိခဲ့ဖူးပါတယ်။ အိမ်နီးချင်းနိုင်ငံအချို့က အခြေခံလူတန်းစားတွေ အလုပ်အကိုင်အခွင့်အလမ်းအတွက် ကိုယ့်နိုင်ငံအတွင်း စီးဝင်လာကြဖူးတယ်လို့လည်း ဘိုးဘွားများစကားအရ ကြားသိခဲ့ရပါတယ်။

အဲသည်လို ကာလမျိုးနဲ့ ပြောင်းပြန်ဖြစ်နေတဲ့ ကျွန်တော်တို့နိုင်ငံကို ယခုလက်ရှိ အစိုးရအဖွဲ့ဟာ ပြုပြင်ပြောင်းလဲရေးတွေ ဖော်ဆောင်ပြီး မီးကုန်ယမ်းကုန် ဆွဲတင်နေတာကို နိုင်ငံသားတစ်ဦးအနေနဲ့ ထိတွေ့ခံစားနေရတာ အမှန်ပါ။ ယနေ့ကာလမှာ ကျေးလက်နေ လူဦးရေအများစုရှိကြတဲ့ ကမ္ဘာ့နိုင်ငံအတော်များများဟာ ဆင်းရဲနွမ်းပါးခြင်းဆိုတဲ့ စိန်ခေါ်မှုကြီးနဲ့ ရင်ဆိုင်နေကြရတာပါ။ မြန်မာနိုင်ငံမှာတော့ ဆင်းရဲမှု လျှော့ချရေးအတွက် နိုင်ငံတော်အပိုင်းက အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွေကျင်းပပြီး နည်းလမ်းအသွယ်သွယ် ချမှတ်ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဆောင်ရွက်နေကြရာမှာ-

(၁) လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး
(၂) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး
(၃) ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး
(၄) အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး
(၅) သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး
(၆) ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး
(၇) ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး
(၈) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဆိုတဲ့ လုပ်ငန်းစဉ် (၈)ရပ်နဲ့ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေကြတာကို တွေ့ရှိနေရပါတယ်။

ဒါ့အပြင် အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်း(INGO)၊ လူမှုအဖွဲ့အစည်း (Civil Society) စတာတွေကလည်း နိုင်ငံဖွံ့ဖြိုးရေးနဲ့လူမှုရေးဆိုင်ရာ ပရဟိတလုပ်ငန်းတွေကို ဝိုင်းဝန်းဆောင်ရွက်ပေးရင်းနဲ့ ကျွဲကူးရေပါသလို ဆင်းရဲနွမ်းပါးမှုလျှော့ချတဲ့ အထောက်အကူပြုလုပ်ငန်းတွေကို နိုင်ငံအနှံ့ဆောင်ရွက်ပေးနေတာကိုလည်း အားပါးတရတွေ့နေရပါသေးတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ အဆင်းရဲဆုံးအခြေခံလူတန်းစားများဟာ ကျေး

> **ချေးငွေတွေဟာ အမှန်လိုအပ်သူတွေ လက်ထဲရောက်ဖို့ ကိုတော့ချေးငွေပေးတဲ့တာဝန်ရှိသူများက သမာသမတ်ကျစွာ စိစစ်ပေးဖို့လိုအပ်လှပါတယ်။ ငွေချေးတဲ့စည်းကမ်း ချက်တွေကလည်း သူ့ဘက် ကိုယ့် ဘက်မျှတရမှာဖြစ်ပြီး ချေးယူသူများအပိုင်းကလည်း ချေးငွေကိုမှန်ကန်ထိရောက်စွာရင်းနှီး သုံးစွဲဖို့လိုပါတယ်။**

လက်မှာဆိုရင် လယ်ယာနဲ့ငါးဖမ်းလုပ်ငန်းတွေပေါ်မှာ အခြေပြုနေကြတဲ့ လက်လုပ်လက်စားတွေဖြစ်ပြီး မြို့ပေါ်ရပ်ကွက်များမှာတော့ ရရာလုပ်ငန်းပေါ်မှာ တည်မှီ ပြီးတစ်နေ့လုပ်မှ တစ်နေ့စားရတဲ့နေ့စားအလုပ်သမား၊ ငွေအရင်းအနှီးမရှိလို့ နေ့စဉ်/လစဉ် မတန်မရာအတိုးကြီးပေးပြီး ရောင်းဝယ်စားသောက်နေရတဲ့ ခေါင်းရွက်ဗျပ်ထိုးလမ်းဘေးဈေးသည်လေးတွေ ဖြစ်ကြပါတယ်။

ငွေတစ်သိန်းဖိုးလောက် ဈေးတစ်ဗန်းရင်းရင်နေ့သွင်းလေးထောင်နဲ့ ရက် ၃၀ သွင်းရလို့ တစ်လကိုအတိုးနှစ်သောင်းကျပါတယ်။ သည့်ထက်ဆိုးတာက နေ့ပြန်တိုးပါ။ ငွေတစ်သိန်းယူရင် နေ့စဉ်ငွေနှစ်ထောင်ကိုအရင်းမကျေမချင်း အတိုးအဖြစ်ပေးရတာမို့ တစ်လလောက်အရင်းမဆပ်နိုင်ခဲ့ရင် အတိုး ခြောက်သောင်းဖြစ်သွားပါပြီ။ သည့်ထက်ပိုဆိုးတဲ့အတိုးနှုန်းတွေလည်းရှိပါသေးတယ်။ အကြောင်းကြောင်းကြောင့် ဈေးရောင်းမကောင်းတဲ့၊ ဈေးမထွက်နိုင်တဲ့ နေ့မျိုးဆိုရင် အတိုးပိပြီး နာလန်လံမထူနိုင်ဘဲဆင်းရဲတွင်းနက်နေကြသူတွေဟာ ဒုနဲ့ဒေးပါ။

သည်လိုသူများအတွက် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများကို သက်သာလှသော အတိုးနှုန်းထားများနဲ့ ရပ်ကွက်၊ ကျေးရွာတွေမှာ သမဝါယမဝန်ကြီးဌာနရဲ့ အစီအမံနဲ့ကွင်းဆင်းပြီး ငွေချေးပေးနေတာကို တွေ့မြင်ကြားသိနေရလို့ ကောင်းလေစွလို့ သာခုခေါ်မိပါတယ်။ အသေးစားချေးငွေထုတ်ပေးတဲ့လုပ်ငန်းဟာ အရင်းမပျောက်ဆောင်ရွက်ရတဲ့လုပ်ငန်းဖြစ်လို့မို့ လုပ်ငန်းဆိုင်ရာစည်းကမ်းနည်းလမ်းများ သတ်မှတ်ထားတာမျိုးရှိပါတယ်။ ချေးငွေတွေဟာ အမှန်လိုအပ်သူတွေ လက်ထဲရောက်ဖို့ကိုတော့ ချေးငွေပေးတဲ့ တာဝန်ရှိသူများက သမာသမတ်ကျစွာ စိစစ်ပေးဖို့လိုအပ်လှပါတယ်။

ငွေချေးတဲ့စည်းကမ်းချက်တွေကလည်း သူ့ဘက်ကိုယ့်ဘက်မျှတရမှာဖြစ်ပြီး ချေးယူသူများအပိုင်းကလည်း ချေးငွေကို မှန်ကန်ထိရောက်စွာ ရင်းနှီးသုံးစွဲဖို့လိုပါတယ်။ ရတဲ့ချေးငွေကို လောင်းကစား၊ အပျော်အပါးနဲ့၊ တစ်ဆင့်ခံအတိုးကြီးနဲ့ ပြန်ချေးကြတာမျိုးဆိုရင် ခုတ်ရာတခြား၊ ရှရာတလွဲဖြစ်ပြီး ပေးကားပေး၏မရ ဆိုတာမျိုးလို အကျိုးမရှိဖြစ်တတ်ပါတယ်။

မကြာသေးခင်က သတင်းစာတစ်စောင်မှာ လယ်ယာစိုက်ပျိုးစရိတ်အဖြစ် လယ်တစ်ဧကကို ချေးငွေတစ်သိန်းနှုန်းနဲ့အများဆုံး၁၀ဧကအထိ ခွင့်ပြုရာမှာ လယ်ဧကအများပိုင်ဆိုင်သူတွေက မိသားစု နာမည်တွေခွဲပြီး ချေးငွေတွေပိုထုတ်ကြဖို့ မသင့်ပါကြောင်း ပညာပေး ဆောင်းပါးတစ်ပုဒ်ဖတ်ရှုလိုက်ရပါသေးတယ်။ အကြွေးရရင် အလွယ်ယူတတ်ကြတာမို့ **ကြွေးတင်ဘုရင်ဆပ်လိမ့်မယ်**၊ အကြွေးလေးရတုန်း ဆင်သက်စေ့လွှတ် ဦးမှဆိုသူမျိုးတွေလည်းရှိတတ်ကြပါတယ်။

ဆင်းရဲရခြင်းဇာစ်မြစ်ကိုလိုက်ရင် ဆွေးနွေးရမယ့်အကြောင်းရင်းတွေဟာ အထူးများပြားလှပါတယ်။ အနီးစပ်ဆုံးနဲ့ အလွယ်ကူဆုံးလုပ်နိုင်တဲ့ ရေတိုနည်းက အလုပ်အကိုင်အခွင့်အလမ်းနဲ့ အရင်းအနှီးရှာဖွေထောက်ပံ့ပေးခြင်းကို စနစ်တကျ လုပ်ဆောင်ပေးတာမျိုးဖြစ်ပြီး ရေရှည်နည်းအနေနဲ့ကတော့ အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်၊ ကိုယ်ကျင့်သိက္ခာစောင့်စည်းမှုနဲ့ ဉာဏ်ပညာကြီးရင့်မှု စသည်များကို ဖြစ်စေနိုင်တဲ့ အစီအမံ၊ အထောက်အပံ့မျိုးတွေကို ပျိုးထောင်ဖန်တီးပေးရလိမ့်မယ်လို့ စဉ်းစားမိပါတယ်။

နိုင်ငံအတွင်းမှာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ လူမှုစီးပွားဘဝမြှင့်မားရေးကို အမျိုးသားရေးအသွင်နဲ့ အရှိန်အဟုန်မြှင့်တင်နေတဲ့ ယခုလိုအချိန်မျိုးမှာ အစိုးရဌာနများနဲ့ ပြည်သူလူထုအား ပေါင်းစပ်ကာ ပြိုင်တူတွန်းလိုက်ရင် ရွေ့သွားမှာပါ။ ဇာတိပုည ဂုဏ်မာနရှိတဲ့ မြန်မာတွေဟာ အဆင်းရဲဆုံးနိုင်ငံအဖြစ် မျက်နှာငယ်မခံလိုကြသူတွေချည်းပါ။ သည့်အတွက် အစိုးရတစ်ဌာနတည်းသာမကပဲ ပုဂ္ဂလိကတစ်ဦးချင်းဖြစ်စေ၊ လူမှုအသင်းအဖွဲ့များအနေနဲ့ဖြစ်စေ၊ မိမိတို့အတွေ့အကြုံ၊ အတွေးအခေါ်၊ အကြံအစည်၊ စေတနာများနဲ့ မေတ္တာပွားဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရင်ဖြင့် ဆင်းရဲတွင်းထဲက ဆင်းရဲခြင်းများကို အမှန်ဖယ်ထုတ် လျှော့ချနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း စိတ်ရင်းဖြင့် ရေးသားတင်ပြလိုက်ပါတယ်။



မိုးရာသီတွင် ကျွန်းသစ် သစ်မာပင်၊ အရိပ်ရပင်၊ ဆေးဖက်ဝင်အပင်များ စိုက်ပျိုးနိုင်ရန် သစ်စေ့များဖြင့် ပျိုးပင်ပေါက်ရရှိရေးအတွက် မေ ၁၂ ရက်က ထန်းတပင်မြို့နယ် သစ်တောဦးစီးဌာနနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ မျိုးစေ့များ စိုက်ပျိုးခြင်းကို သစ်တောဦးစီးဌာန ပျိုးခြံ၌ ဆောင်ရွက်ကြစဉ်။ (၀၁၉)

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန်လိုအပ်ပါသည်။ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

မကျီးစုရွာ စိန်ပေါ်မေ ကျောင်းဆောင်သစ်ပေးအပ်ပွဲကျင်းပ

မြိုင် မေ ၂၁

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် မကျီးစုကျေးရွာအုပ်စု မကျီးစုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းဝင်းအတွင်းရှိ စိန်ပေါ်မေ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၁၂ရက် နံနက် ၉နာရီက အဆိုပါကျောင်းရှေ့၌ကျင်းပရာ ပခုက္ကူခရိုင် လက်ထောက်ပညာရေးမှူး ဦးဟန်ဆင့်၊ မြိုင်မြို့နယ် တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဝင်းနှင့်အလှူရှင် ရန်ကုန်မြို့နေ ဦးမြမိုးနှင့် ဒေါ်သူဇာနွယ်(သား)မောင်ခန့်ကျော်ဇတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် အဆိုပါကျောင်းဆောင်အတွင်း၌ ကျောင်းဆောင်သစ်ပေးအပ်ပွဲကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနိုင်လင်းအောင်၊ ခရိုင်လက်ထောက်ပညာရေးမှူး ဦးဟန်ဆင့်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးမြင့်လွင်၊ မကျီးစုကျေးရွာ ကျောင်းအုပ်ဆရာကြီးဦးသစ်လွင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဖိုးအောင်တို့က ကျေးလက်ဒေသကျေးရွာများသို့ ယခုလိုပညာရေးငွေပဒေသာပင်စိုက်ထူခြင်းအတွက် ဂုဏ်ယူဝမ်းသာကြောင်း ပြောကြားပြီး အလှူရှင်မိသားစုက ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ဒုတိယမြို့နယ်ပညာရေးမှူး ဦးမြင့်လွင်ထံ လွှဲပြောင်းပေးအပ်သည်။

တက်ရောက်

အဆိုပါ စိန်ပေါ်မေ ကျောင်းဆောင်သစ်သည် အနံ့ပေ ၃၀၊ အလျား ၁၂၁ပေ၊ အမြင့် ၁၂ပေ၊ အာရ်စီအုတ်ကာ၊ သွပ်မိုး၊ သမံတလင်းအခင်းဖြင့် ကုန်ကျငွေကျပ် သိန်း ၃၂၀ ပေးအပ်လှူဒါန်းပွဲသို့ ဌာနဆိုင်ရာ ပညာရေးဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသားကျောင်းသူ ၂၇၀ ကျော် တက်ရောက်ကြောင်းသိရသည်။ **(၁၈၃)**

ယဉ်ကျေးလိမ္မာသင်တန်းအတွက် စာအုပ်စာတမ်းများ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၂၁

မေ ၁၀ ရက်က နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင့်ကျော်လွင်နှင့် တာဝန်ရှိသူများသည် ပုဗ္ဗသီရိမြို့နယ် ညောင်လူးကျေးရွာအုပ်စုရှိ ကျေးရွာနှစ် ရွာနှင့် ဖြူတ်ခဲ့ကျေးရွာအုပ်စုရှိ ကျေးရွာခြောက်ရွာတို့တွင် ဖွင့်လှစ်ထားရှိသော ယဉ်ကျေးလိမ္မာသင်တန်းများသို့ သွားရောက်၍ သင်ခန်းစာ စာအုပ်နှင့် ဗလာစာအုပ် အစုံ ၈၀၀ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈-D၊ မြေကွက်အမှတ် (၈၅-၁၁၅/၃)၊ မြေဧရိယာ ၀ဒသမ၀၂၉ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ဝါးခယ်မလမ်း၊ အမှတ် ၄၄ခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသည့် ပိုင်ရှင်ဖြစ်သူ ဦးဆွေလင်းအေး ၁၂/စခန(နိုင်)၀၀၉၄၁၉ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ကန့်ကွက်ခြင်းမရှိလျှင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကြည်ရွှင်
အမှတ် ၃၅၊ အခန်း ၉၀၁ (ကိုးလွှာ) ဖျာပုံလမ်း၊
စမ်းချောင်း၊ ဖုန်း-၀၉-၅၁၀၁၀၇၅၊ ၀၉-၇၃၁၃၁၉၈၃

၁-၄-၂၀၁၄ရက်စွဲ မြန်မာ့အလင်းသတင်းစာပါ အထက်တန်းရှေ့နေ ဒေါ်ယဉ်ယဉ်ကြည်၏ ကန့်ကွက်နိုင်ပါကြောင်းကြေညာချက်အပေါ် အများသိစေရန်ပြန်လည်ရှင်းလင်းကန့်ကွက်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ တောင်ငူလမ်းနှင့် ပင်းယ(၁၃)လမ်းထောင့်၊ မြေကွက်အမှတ် (၃၀၄)၊ မြေအကျယ်အဝန်းပေ (၄၀×၆၀)ရှိ နှစ်၆၀ ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးခင်မောင်နှင့်ဒေါ်မမကြီးတို့ပိုင်ဆိုင်ခဲ့သော အမွေပစ္စည်းများဖြစ်ကြောင်းနှင့် အမွေဆိုင်သားသမီးနှစ်ဦးဖြစ်သော ဒေါ်သန်းသန်းဝင်း ၁၂/ဥကတ(နိုင်)၀၉၅၈၁၁နှင့် ဦးခင်မောင် (၁၉၉၅ကွယ်လွန်) တို့၏ သားသမီး (၆)ဦးဖြစ်သော ဒေါ်ခင်ခင်ဝင်း၊ ဒေါ်ခင်ခင်ရီ၊ ဦးညဏ်ထွန်း၊ ဒေါ်ခင်မျိုးသန့်၊ ဦးထွန်းထွန်းရွှေနှင့် ဦးအေးမင်း (အမွေမမီမြေးများ) တို့မှ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသောပစ္စည်းများဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်သန်းသန်းဝင်းနှင့် ဒေါ်သိန်းသန်းတို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံချက်တို့မှာ မှန်ကန်မှုမရှိပါကြောင်းနှင့် ရောင်းချခြင်းကို ကန့်ကွက်ပါကြောင်း၊ အဆိုပါမြေနှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်း ကန့်ကွက်ကြေညာအပ်ပါသည်။

ဦးခင်မောင်(ကွယ်လွန်)၏ သားသမီး (၆)ဦးတို့၏
လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကြည်လင်း	**ဒေါ်သူဇာဟန်**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
စဉ်-၄၈၅၀	**စဉ်-၂၄၅၃၇**

အမှတ်(၄၁)၊ သမ္မာဒိဋ္ဌိလမ်း၊ မလွကုန်းဌေးကြွယ်(က)ရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၁၀၄၂၁၇၊ ၀၉-၄၂၅၂၇၂၁၆၁

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ရေးမြို့၌ သက်ကြီးပူဇော်ပွဲ ကျင်းပ

ရေး မေ ၂၁

မွန်ပြည်နယ် ရေးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁၄ ရက် နံနက် ၉ နာရီက သက်ကြီးပူဇော်ပွဲကို ကျင်းပရာ အခမ်းအနားတွင် နမောတဿ သုံးကြိမ် ရွတ်ဆို ဖွင့်လှစ်ပြီး မြို့နယ်ရှိ ဌာနဆိုင်ရာများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ အထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များက အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွား ၁၅၁ ဦးအား တစ်ဦးလျှင် ကျပ် ၁၅၀၀၀ နှုန်း လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ခဲ့ကြောင်း သိရသည်။

နေမျိုးထွန်း(ရေး)

ပြည်သူ့အကျိုးဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

အကြိုအခြေခံမီးသတ်ပညာ(လက်နက်မဲ့) သင်တန်းဆင်းပွဲ ပူတာအိုဌ်ကျင်းပ

ပူတာအို မေ ၂၁

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးစွမ်းရည်မြင့်မားလာစေရန်နှင့် နိုင်ငံတော်အတွက်အရေးကြုံလာပါက လုံခြုံရေးတာဝန်များကိုပါ ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်သော အကြိုအခြေခံမီးသတ်ပညာ(လက်နက်မဲ့) သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၁၀ ရက် မွန်းလွဲ ၂ နာရီက ကချင်ပြည်နယ် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပရာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူးကြည်သာဆွေက သင်တန်းသား ၄၀ အတွက် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာသင်တန်းသားများက တစ်ဦးချင်း လက်ခံယူသည်။

ပူတာအိုမြို့နယ်တွင် မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက အရေးပေါ်အသုံးပြုနိုင်ရန်အတွက် မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနရုံးချုပ်(နေပြည်တော်)က ပူတာအိုမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းသို့ ပေးပို့လာသော ရေဂါလန် ၁၂၀၀ ဆံ့ ဒေါင်ဖန်းအမျိုးအစား မီးငြိမ်းသတ်ယာဉ်ဖြင့် သင်တန်းကာလအတွင်း မီးသတ်ကားသုံးစွဲနိုင်ရန်လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးကြည်သာဆွေထံမှ သိရသည်။

(ခရိုင် ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အထွေထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် မေ ၁၀ ရက်က စုဋ္ဌဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုး စာအောင်သံဃာ ၂၂ ပါးနှင့် ပင့်သံဃာ ၂၆ ပါးတို့အား ဆက်ကပ်လှူဒါန်းစဉ်။

ခင်ကို (ကျောက်တံခါး)

သကြံန်လည်သည့်ယာဉ်ပေါ်မှ အမျိုးသားတစ်ဦး ပြုတ်ကျသေဆုံး

ရန်ကုန် မေ ၂၁

သဃ်န်းကျွန်းမြို့နယ်အတွင်း မေ ၁၄ ရက် ညနေပိုင်းက သကြံန်လည်သည့် ယာဉ်ပေါ်မှ အမျိုးသား တစ်ဦးပြုတ်ကျကာ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၄ ရက် ညနေ ၅ နာရီက သဃ်န်းကျွန်းမြို့နယ် ရတနာလမ်းအတိုင်း တောင်ဥက္ကလာပမြို့နယ်ဘက်မှ စံပြဈေးဘက်သို့ ယာဉ်မောင်းခရစ်တိုဖာ(ခ) ရောထွန်း(၃၅နှစ်) မှော်ဘီမြို့နယ်နေသူ မောင်းနှင်သော ၉င/. . . . နစ်ဆန်းအက်တလက်အဖြူရောင် သကြံန်လည်ပတ်သည့် ယာဉ်သည်ကျိုက္ကစံဘုရားဝင်ပေါက်ရှေ့အရောက်တွင် ယာဉ်ပေါ်ပါသူ ဇော်ဇော်ထက်(၁၈နှစ်) ၂၃ ရပ်ကွက် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်နေသူမှာ ယာဉ်ပေါ်မှ ပြုတ်ကျခဲ့သဖြင့် ဒဏ်ရာများရရှိကာ မြောက်ဥက္ကလာပဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

ယင်းသို့ ယာဉ်ပေါ်မှပြုတ်ကျသေဆုံးခဲ့သည့်အတွက် ယာဉ်မောင်း ခရစ်တိုဖာ(ခ) ရောထွန်းကို သဃ်န်းကျွန်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ပို့ကုန်/သွင်းကုန် လုပ်ထုံးလုပ်နည်းရက်တိုသင်တန်းနှင့် ပညာပေးဟောပြောပွဲများကျင်းပရန် စီစဉ်နေ

ကျိုင်းတုံ မေ ၂၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၂)ရပ်ကွက် တာယော်ရပ် တာချီလိတ်လမ်း မြို့မဈေးကြီးအရှေ့ဘက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန နယ်စပ်ကုန်သွယ်ရေးစခန်း (ကျိုင်းတုံ) ကို မေ ၉ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ ကျိုင်းတုံမြို့တွင် ပို့ကုန်/သွင်းကုန်လိုင်စင်များကို ထုတ်ပေးတော့မည်ဖြစ်သည်။ ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်လိုကြသည့် ဒေသခံပြည်သူများအနေဖြင့် ပို့ကုန်/သွင်းကုန်လုပ်ထုံးလုပ်နည်းများ၊ ကုန်သွယ်မှုဆိုင်ရာမူဝါဒများ၊ ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားပုံ၊ အကောက်ခွန်လုပ်ထုံး လုပ်နည်းများ၊ ကုမ္ပဏီမှတ်ပုံတင်ကိစ္စ၊ ဘဏ်လုပ်ငန်းများအကြောင်းတို့ကို စနစ်တကျပြည့်ပြည့်စုံစုံသိရှိနားလည် ကြစေရန်အတွက် အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနတို့မှ တာဝန်ရှိသူများက ရက်တိုသင်တန်းဖွင့်လှစ်သင်ကြားပို့ချသွားနိုင်ရန်နှင့် အသိပညာပေး ဟောပြောပွဲများကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိနေကြောင်း နယ်စပ်ကုန်သွယ်ရေးစခန်း (ကျိုင်းတုံ)မှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

နိုင်နိုင်အောင်ဝေ

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှုတိုး

ဂေါ်ရခါးရိုးရာယဉ်ကျေးမှုစာပေဟောပြော၊ ကျန်းမာရေးစစ်ဆေးကုသ

တာချီလိတ် မေ ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးအဖွဲ့ချုပ်နှင့်တာချီလိတ် ဂေါ်ရခါးယဉ်ကျေးမှုအဖွဲ့၏ စီစဉ်မှုဖြင့် နယ်လှည့်ကျန်းမာရေးဝန်ဆောင်မှုအစီအစဉ်ကို မေ ၁၄ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးယဉ်ကျေးမှုပညာပေးနှင့် ကျန်းမာရေးပညာပေးဥက္ကဋ္ဌ ဦးဒီပတ်က ဂေါ်ရခါးရိုးရာယဉ်ကျေးမှုအကြောင်းအရာများအား ရှင်းလင်းပြောကြားခြင်း၊ ထို့နောက် တာချီလိတ်ဂေါ်ရခါးယဉ်ကျေးမှုအဖွဲ့က ကြွရောက်လာသော ဧည့်သည်တော်များအား အကပဒေသာဖြင့် ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးယဉ်ကျေးမှု၊ ပညာရေးနှင့်ကျန်းမာရေးအဖွဲ့ဥက္ကဋ္ဌ ဦးဒီပတ်က ဆေးပဒေသာပင်အတွက်အလှူငွေကျပ်ငါးသိန်းနှင့်တာချီလိတ် ဂေါ်ရခါးယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးပါရ်သာ(န်)တို့က ဆေးပဒေသာပင် တန်ဖိုးငွေကျပ်သုံးသိန်းဖိုးကို တာချီလိတ်ခရိုင်ဆရာဝန်ကြီး ဦးမျိုးမင်းထံ လှူဒါန်းကြသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာဂေါ်ရခါးအဖွဲ့ချုပ်၏ Health & Education Tour Program အစီအစဉ်ဖြင့် ဆရာဝန် ၁၆ ဦးက ကျန်းမာရေးအသိပညာပေးအကြောင်းအရာများ ကဏ္ဍအလိုက်ဟောပြောပြီးနောက် သွားဘက်ဆိုင်ရာဆရာဝန်များ၊ ဆေးဝါးဆိုင်ရာကျွမ်းကျင်သူများ၊ သူနာပြုများနှင့်တာဝန်ရှိသူများပါဝင်သောဆေးဝါးကုသရေးအဖွဲ့ဝင် ၆၂ ဦးတို့ ပူးပေါင်းကာ ဂေါ်ရခါးတိုင်းရင်းသား ၅၀ အား ကျန်းမာရေးစစ်ဆေးခြင်း၊ ဆေးဝါးကုသခြင်းများကို ဆောင်ရွက်ပေးကြသည်။ **(အပေါ်ပုံ) မြင့်မိုရ်(တာချီလိတ်)**

အမျိုးသမီး အရောင်းဝန်ထမ်း အလိုရှိသည်

နယ်ဘက်သွားနိုင်သောသူများကို ရန်ကုန်နှင့် နယ်ဘက်များတွင် အဆောင်စီစဉ်ပေးမည်။
နယ်ဘက်မှ အလုပ်လာလုပ်လိုသူများလည်း ရန်ကုန်အပြင် နယ်ဘက်များပါ သွားနိုင်ပါက အဆောင်စီစဉ်ပေးမည်။
မှတ်ချက် ။ ။ ဆိုင်ခန်းတွင်သာ ခန့်ထားရန်။
ဆက်သွယ်ရန်- ဖုန်း-၀၉-၄၃၁၇၂၃၄၀၊ ၀၉-၅၁၉၅၇၂၁ (ရုံးအချိန်အတွင်းသာ)

အပူပိုင်းဒေသ စိမ်းစိုဖို့ သစ်တော သစ်ပင်တွေ ထိန်းသိမ်းစို့

ဘဏ္ဍာရေးဝန်ကြီးဌာန
တိုင်းဒေသကြီးရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ပဲခူးတိုင်းဒေသကြီး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့တွင် အောက်ဖော်ပြပါ အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသား ပုဂ္ဂလိက၊ ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

RC တစ်ထပ် ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများသည် ဖော်ပြပါလုပ်ငန်းအတွက် တင်ဒါအဆိုပြုလွှာကို ၂၅-၄-၂၀၁၄ရက်မှ စတင်ဝယ်ယူနိုင်ပြီး ၉-၅-၂၀၁၄ရက် နောက်ဆုံးထား ပေးပို့တင်သွင်းသွားရန် ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာများတွင် ပါဝင်ရမည့်အချက်အလက်များကို တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့တွင်ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၅၂-၂၀၀၀၈၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ပဲခူးတိုင်းဒေသကြီး

ကျောင်းအလှူဒါနပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက် ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ/စာသင် သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀×၆၇)အကျယ်အဝန်းရှိ ကျောင်းဆောင်သစ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါနပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်
ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆

Beauty Queen Batik

ပြည်တွင်း၌သာခန့်ထားရန်

(၁)	မန်နေဂျာ	(MBA ဘွဲ့ရ)	ကျား/မ ၂ ဦး
(၂)	Sales Manager	(ဘွဲ့ရ)	ကျား/မ ၂ ဦး
(၃)	လက်ထောက်စီမံမန်နေဂျာ	(ဘွဲ့ရ)	ကျား/မ ၁ ဦး
(၄)	ဈေးကွက်ဝန်ထမ်း	(၁၀ တန်းအောင်)	ကျား/မ ၄ ဦး
(၅)	အရောင်းဝန်ထမ်း	(၁၀ တန်းအောင်)	ကျား/မ ၄ ဦး
(၆)	စာရင်းကိုင် (ရွှေလင်ပန်းစက်မှုဇုန်)	Level-II,III	ကျား/မ ၂ ဦး
(၇)	စာရင်းကိုင် (လှည်းကူးရော်ဘာခြံ) (အိပ်/စားငြိမ်း)	Level-II,III	ကျား/မ ၂ ဦး
(၈)	စိုက်ပျိုးရေးကြီးကြပ်(အိပ်/စားငြိမ်း)	(B.Ag)ဒီပလိုမာ (စိုက်ပျိုးရေး)	ကျား ၃ ဦး
(၉)	စတိုတာဝန်ခံ (တာမွေ)	(ဘွဲ့ရ)	ကျား ၂ ဦး
(၁၀)	မော်တော်ယာဉ်မောင်း		ကျား ၂ ဦး
(၁၁)	Marketing Supervisor	(ဘွဲ့ရ)	ကျား/မ ၂ ဦး

၁၊ ၂၊ ၃၊ ၄၊ ၅၊ ၉၊ ၁၀၊ ၁၁ သည် ရန်ကုန်မြို့တွင်း၌လည်းကောင်း၊ (၆)သည် ရွှေလင်ပန်းစက်မှုဇုန် လှိုင်သာယာမြို့နယ်၌လည်းကောင်း၊ (၇၊၈)သည် လှည်းကူးမြို့၊ မင်းကုန်းကျေးရွာအနီး ရော်ဘာစိုက်ပျိုးရေးခြံ၌လည်းကောင်း တာဝန်ထမ်းဆောင်နိုင်ရမည်။ အမှတ်စဉ်(၁)သည် လုပ်ငန်းတစ်ခုလုံးကို စီမံခန့်ခွဲနိုင်ရမည်။ အထူးသဖြင့် အရောင်းနှင့် ဈေးကွက်ကိုစီမံကွပ်ကဲနိုင်သူကို ဦးစားပေးမည်။ လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိသူဖြစ်ရမည်။ အမှတ်စဉ်အားလုံးအတွက်ပါ လျှောက်ထားသူများသည် သက်ဆိုင်ရာ ရာထူးအလိုက် အတွေ့အကြုံရှိသူဖြစ်ရမည်။ စိတ်ပါဝင်စားသူများသည် အမှတ်(၆၄၃)၊ ဘောဂရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး ဖုန်း-၀၁-၂၂၀၃၅၇ သို့ ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ကျန်းမာရေးဆောင်းပါး
ခေါင်းတစ်ခြမ်းကိုက်ဝေဒနာအတွက် ကုထုံးသစ်

ဒေါက်တာဘီရော်

လူတွင် ကျားမမရွေးဖြစ်တတ်သော ရောဂါတစ်မျိုးမှာ မိဂရိန်း (Migraime) ခေါ် ခေါင်းတစ်ခြမ်းကိုက်ရောဂါပင်ဖြစ်သည်။ ခေါင်းတစ်ခြမ်းကိုက်လာပြီဆိုလျှင် မူးဝေ၊ အော့အန်၊ မျက်လုံးများပြာလာပြီး လွန်စွာခံရခက်ပါသည်။

လည်ပင်းသွေးကြော (Carotid Artery) ကျဉ်းလိုက် ကျယ်လိုက်ဖြစ်ရာမှ ဝေဒနာဖြစ်ပေါ်သည်ဟု ဆိုပါသည်။ အကြောင်းရင်းဇာစ်မြစ်ကို ဂဃနဏ မသိရှိပါ။ တစ်ခါကိုက်ပြီးပြီဆိုလျှင် အတော်လေးကြာမှ ပြန်ပေါ်လာတတ်ပါသည်။

ခေါင်းတစ်ခြမ်း ကိုက်လာပါက အသုံးများသောဆေးများမှာ အက်စ်ပီရင် (၆၀၀-၉၀၀) မီလီဂရမ် သို့တည်းမဟုတ် ပါရာစီတမောလ်(၁)ဂရမ် ဖြစ်သည်။ ဤအကိုက်အခဲပျောက်ဆေးများကို သောက်ဖန်များလာသောအခါ ဘေးဖြစ်စေကြောင်း၊ အသည်းကိုပင်ထိခိုက်စေကြောင်း၊ အစာအိမ်သွေးကြောပေါက်၍လည်း သွေးယိုစီးနိုင်ကြောင်း အစားအစာနှင့်ဆေးဝါး ကွပ်ကဲရေးအဖွဲ့ (FDA) မှ မကြာသေးမီက သတိပေးထားပြီးဖြစ်သည်။

တစ်ဖန် ခေါင်းထိုးကိုက်လာပါက ပါရာစီတမောလ်နှင့် မတိုးသောအခါ ဒိုင်ယာဇီပမ် စိတ်ငြိမ်ဆေးကိုပင် အသုံးပြုရတတ်ပါသည်။ ဒိုင်ယာဇီပမ်ကိုသုံးဖန်များပါက ဆေးစွဲမည့်ဘေးအန္တရာယ်လည်း ရှိပါသည်။

ဘယ်လ်ဂျီယံနိုင်ငံ STX-Med ဆေးကုမ္ပဏီမှထုတ်လုပ်သော စီဖာလီ (C Faly) အမည်ရှိ အရေပြားအောက်ထိုးရသောလျှပ်စစ်ကိရိယာ (TENS) တစ်မျိုးသည် ခေါင်းတစ်ခြမ်းကိုက်ဝေဒနာကို ဘေးဥပဒ်တစ်စုံတစ်ရာမပေးဘဲ ပျောက်ကင်းစေသည်ဟု ဆိုပါသည်။

ဘယ်လ်ဂျီယံနှင့် ပြင်သစ်နိုင်ငံများမှ လူပေါင်း ၂၃၀၀ ကျော်တွင် စမ်းသပ်အောင်မြင်ခဲ့ပြီ ဖြစ်သည်။ ပလတ်စတစ်ကြိုးကို နားရွက်အထက်ကနေ နဖူးကိုပတ်ထားရပြီး မျက်လုံးနှစ်လုံးအထက် နဖူးအလယ်တည့်တည့်တွင် လျှပ်စစ်အဖိုစွန်း အမစွန်းကိုချိန်ရွယ်ထားရပါသည်။

ခလုတ်နှိပ်လိုက်သည်နှင့် လျှပ်စစ်ဓာတ်သည် အရေပြားအောက်ရှိ တစ်သျှူးများဆီရောက်ကာ ခေါင်းကိုက်ဝေဒနာကို ဖြစ်ပေါ်စေသည့် အာရုံကြော (Trigemined nerve) ၏ အခက်အလက်များကို နှိုးဆွပါသည်။ လျှပ်စစ်အစွန်းများနေရာတွင် စပ်ဖျဉ်းဖျဉ်းဖိညှစ်သလို ခံစားရပြီး ခေါင်းကိုက်ဝေဒနာ ပျောက်ကင်းပြီး ဘေးထွက်ဆိုးကျိုးလည်း မရှိပါ။

စီဖာလီကို အသက် ၁၈ နှစ်အထက် လူမမာများတွင် တစ်နေ့တစ်ကြိမ် မိနစ် ၂၀ အသုံးပြုရန် FDA က ခွင့်ပြုလိုက်ပြီဖြစ်သည်။ ဈေးကွက်တွင် မကြာမီရောင်းချတော့မည် ဖြစ်ပါသည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဆပ်ကော်မတီ မြန်မာ့အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(SMEs) ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ကောင်းများပေါ်ထွက်လာရေး

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ လူမှုစီးပွားတိုးတက်မှုတို့အတွက် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကမောင်းနှင်အားတစ်ခု ဖြစ်ပါသည်။ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုသည် ပြည်သူများအား အလုပ်အကိုင်ပိုမိုရရှိစေနိုင်ပြီး လုပ်သားပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာစေနိုင်ပါသည်။ လက်ရှိမြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု ၂၆ ရာခိုင်နှုန်းကို ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ရန်အတွက် ပြည်သူတစ်ဦးချင်းနှင့် အိမ်ထောင်စုအလိုက် ဝင်ငွေတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ဖန်တီးနိုင်ရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs)ကို ထောက်ပံ့မှုအစီအစဉ် တိုးမြှင့်ရေးတို့ကို နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယနေ့ခေတ်တွင် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) ဖွံ့ဖြိုးတိုးတက်လာစေရန် သက်ဆိုင်ရာနိုင်ငံအလိုက် အစိုးရဌာနများမှ ပေါ်လစီများ၊ နည်းဗျူဟာများ၊ စီမံကိန်းကောင်းများဖြင့် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၌ ၂၀၁၂ ခုနှစ်မှစ၍ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ပံ့ပိုးပေးရေးအစီအစဉ်များကို နိုင်ငံတော်အစိုးရမှ တစိုက်မတ်မတ်စတင်ဆောင်ရွက်ခဲ့ရာ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဆပ်ကော်မတီများကို National Level ၌ဖွဲ့စည်းခဲ့ပါသည်။ SMEs များအတွက် စီးပွားရေးဝန်းကျင်ကောင်းများရရှိရေး၊ မူဝါဒကောင်းများဖြင့် ပံ့ပိုးလျက် အကောင်အထည်ဖော်နိုင်ရေးကို ကြိုးပမ်းမြှင့်တင်ဆောင်ရွက်သွားရန်ဖြစ်ပါသည်။ ဗဟိုကော်မတီ၏ လမ်းညွှန်မှု၊ လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုများဖြင့် ယခင်ကမရှိခဲ့သည့် SMEs ဥပဒေမူကြမ်းကို ပြည်တွင်းပြည်ပပညာရှင်များဖြင့် ညှိနှိုင်းရေးဆွဲခြင်း၊ ရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်ရယူခြင်း၊ သမ္မတရုံးသို့တင်ပြလျက် အကြံပြုချက်ရယူခြင်းများ ဆောင်ရွက်ခဲ့ပြီး ယင်းSMEs ဥပဒေမူကြမ်းကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်သို့တင်ပြခဲ့ရာ လွှတ်တော်တွင်း ပြန်လည်သုံးသပ်ဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိပါသည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများ လွယ်ကူစွာ လုပ်ငန်းစတင်ထူထောင်နိုင်ရေး၊ ပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက်များ၌ ယှဉ်ပြိုင်ရပ်တည်နိုင်ရေး၊ ဈေးကွက်ချဲ့ထွင်လျက် ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားသည့် လုပ်ငန်းကြီးများအဖြစ်သို့ ကူးပြောင်းလာရေးတို့အတွက် အောက်ပါကဏ္ဍများဆိုင်ရာ ပေါ်လစီ၊ နည်းဗျူဟာနှင့်စီမံကိန်းများအား ပုံစံအမျိုးမျိုးဖြင့် ဒေသအနှံ့ ပူးပေါင်းအကောင်အထည်ဖော်ကြရန်လိုပါသည်-

(က) **အဓိကကဏ္ဍ**
- လူ့စွမ်းအားအရင်းအမြစ်
- နည်းပညာဖွံ့ဖြိုးမှုနှင့်တီထွင်ဖန်တီးတတ်မှု
- ငွေကြေးအရင်းအမြစ်

(ခ) **အထောက်အကူပြုကဏ္ဍ**
- အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး
- လုပ်ငန်းဈေးကွက်အထောက်အကူပေးခြင်း
- သင့်လျော်သော အခွန်အကောက်နှင့်လုပ်ထုံးလုပ်နည်းများ

SMEs ဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးပါက National Level, Regional Level နှင့် Local Level များ၌ ဖွဲ့စည်းထားသည့်ဌာနများ၊ အဖွဲ့အစည်းများသည် အထက်ဖော်ပြပါ အဓိကကဏ္ဍများနှင့် အထောက်အကူပြုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို စည်းနှောင်အားရှိရှိဖြင့် စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သော အခြားဌာနများ၊ အဖွဲ့အစည်းများနှင့် အကောင်အထည်ဖော်ခြင်း၊ ဖြေလျှော့ပေးခြင်း၊ ထောက်ကူပေးခြင်း၊ ဝန်းကျင်ကောင်းများ ပုံဖော်ပေးခြင်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

သတင်းတိုများ

ဝန်းသိုမြို့၌ ရေကစားမဏ္ဍပ်တွင် ရေကစားကြရာမှ လူသတ်မှုဖြစ်ပွား

ကသာခရိုင် ဝန်းသိုမြို့နယ် ဒုံးဒုတ်ကျေးရွာ ရေကစားမဏ္ဍပ်တွင် ရေကစားကြရာမှ လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဝန်းသိုမြို့နယ် လွင်ကြီးကျေးရွာအုပ်စု အိုးပြည့်ရွာနေ ဦးထွေးမောင်သည် ဧပြီ ၁၁ ရက် ည ၇ နာရီက ဘုန်းတော်ကြီးကျောင်းတွင် ဥပုသ်စောင့်နေစဉ် ဖုန်းဖြင့်အကြောင်းကြားချက်အရ ဒုံးဒုတ်ကျေးရွာရေကစားမဏ္ဍပ်တွင် ရေကစားကြရင်း ညနေ ၄ နာရီကျော်က အိုးပြည့်ရွာမှ ထိန်လင်းစိုး၊ ကျော်သူဝင်း၊ ညီညီအောင်တို့အား အမည်မသိ တောင်မော်ကျေးရွာနေသူတစ်ဦးက အရိုးအသွား ၁၀ လက်မခန့်ရှိ ဓားဦးချွန်ဖြင့်ထိုး၍ ထွက်ပြေးသွားကြောင်း၊ ထိန်လင်းစိုး (၂၂နှစ်) အိုးပြည့်ရွာ ဝန်းသိုမြို့နယ်နေသူမှာ ရင်ဘတ်ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိပြီး ဝန်းသိုဆေးရုံတွင် ဆေးကုသနေစဉ် သေဆုံးသွားကြောင်း၊ တစ်ရွာတည်းနေ ညီညီအောင် (၁၉ နှစ်)မှာ ဝမ်းဗိုက်ထိုးသွင်းဒဏ်ရာတစ်ချက်၊ ကျော်သူဝင်း (၂၄ နှစ်) မယ်ဇလီရွာ ဝန်းသိုမြို့နယ်နေသူမှာ ဝမ်းဗိုက်ဝဲဘက် ပြတ်ရှဒဏ်ရာတစ်ချက်ရရှိခဲ့ကြောင်း သိရသည်။ ဓားဖြင့်ထိုး၍ ထွက်ပြေးသွားသူ အောင်တင်ဝင်း(၂၂နှစ်) တောင်မော်ရွာနေသူအား အမှုစစ်နှင့်အဖွဲ့က ချက်ချင်းလိုက်လံဖမ်းဆီးခဲ့ပြီး ဦးထွေးမောင် ကျေးရွာအုပ်ချုပ်ရေးမှူးက တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ဝန်းသိုမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

ကာလတန်ဖိုး ၆၆ သိန်းဖိုးခန့်ရှိ တရားမဝင် နွားထီး ၁၁ ကောင် ပိုင်ရှင်မဲ့တွေ့ရှိ

ကသာခရိုင် ဝန်းသိုမြို့နယ် ဇီးဖြူကုန်းကျေးရွာအနီးမှ တရားမဝင် မှောင်ခိုနွားထီး ၁၁ကောင်ကို ပိုင်ရှင်မဲ့ တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ကသာခရိုင်ရဲတပ်ဖွဲ့မှူး၏ တရားမဝင် မှောင်ခိုကျွဲ၊ နွားများ ဖမ်းဆီးရေးညွှန်ကြားချက်အရ ဂျိုးတောင်ရဲကင်းစခန်းမှ ဒုရဲအုပ် ကျော်ကျော်စိုး၊ တပ်ကြပ် လိန်းမန်၊ ဒုတပ်ကြပ် တင်ဌေးတို့အဖွဲ့သည် တရားမဝင် မှောင်ခိုနွားများ ရောက်ရှိနေကြောင်း သတင်းအရ ကြည်ကုန်းရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်၊ ရာအိမ်မှူး ဦးထွန်းမောင်၊ ထွေ/အုပ်စာရေး ဦးချစ်နိုင်တို့နှင့်အတူ ဝန်းသိုမြို့နယ် ဇီးဖြူကုန်းရွာသစ် မြောက်ဘက် ၃ ဖာလုံခန့်အကွာ ခန့်မှန်းမြေပုံညွှန်း GB-869533 ၊ဆင်တွင်ချောင်းလယ်ကွင်းတွင် လွှတ်ကျောင်းထားသော နွားထီး ၁၁ ကောင်၊ ကာလတန်ဖိုး ငွေကျပ် ၆၆ သိန်းခန့်အား တွေ့ရှိရ၍ပိုင်ရှင်အား စုံစမ်းသော်လည်း စုံစမ်းမရရှိသဖြင့် ပိုင်ရှင်မဲ့အဖြစ် သိမ်းဆည်းထားကြောင်း သိရသည်။ ပိုင်ရှင်မဲ့တွေ့ရှိသိမ်းဆည်းရမိခဲ့သည့် နွားထီး ၁၁ ကောင်ကို ဂျိုးတောင်ရဲကင်းစခန်းတွင် ထိန်းသိမ်းထားရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနတွင် လုပ်ငန်းအသုံးပြုရန် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က)	Kodak Microfilm 16 mmx100ft	(60) Rolls
(ခ)	Kodak Prostar Developer	(5) Bottles
(ဂ)	Kodak Prostar Fixer	(5) Bottles
(ဃ)	Japanese Tissue (Kozo Natural 11g/m^2) Dimension; 100cmx60cm	(8) Rolls

၂။ **တင်ဒါပုံစံထုတ်ယူရမည့် ရက်/နေရာ** - ၂၄-၄-၂၀၁၄ရက်မှ ၂၂-၅-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ ၁၁၄၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါတင်သွင်းရမည့်ရက်** - ၂၃-၅-၂၀၁၄ရက် နံနက် ၁၀နာရီမှ ၁၂ နာရီအတွင်း အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက် ဦးစီးဌာနရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ **တင်ဒါဖွင့်မည့်ရက်** - ၂၃-၅-၂၀၁၄ရက် မွန်းလွဲ ၁း၀၀နာရီ

၅။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါရွေးချယ်ရေးအဖွဲ့
အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန
ဖုန်း-၀၁-၃၇၀၇၇၈၊ ၀၁-၃၇၉၉၇၈

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မေတ္တာ ၃ လမ်းအတွင်းရှိ မေဃဝန်ပရိယတ္တိစာသင်တိုက်ကြီး၏ (၄)ထပ်ကျောင်းဆောင်သစ်ကြီး သာသနာ့ဝိကာသိမ်သိမ်တော်ကြီးနှင့် ဆုတောင်းပြည့်မဟာဗောဓိစေတီတော်မြတ်ကြီး

ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနား ဖိတ်ကြားလွှာ

ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အလှူရှင် အလှူအစ်မအပေါင်းတို့အား ရေစက်သွန်းချ အနုမောဒနာ တရားနာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၇-၄-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၈ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအထိ
နေရာ - မေဃဝန်ကျောင်းစာသင်တိုက်၊ အောင်မေတ္တာ ၃ လမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်။

အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဆရာတော်ဘဒ္ဒန္တဝိဇ္ဇောဒယ ဖုန်း-၀၉-၃၁၀၆၆၆၅၀
ဦးကျင်စု ဖုန်း-၀၉-၅၃၉၈၄၅၀
ဦးကိုကိုကြီး ဖုန်း-၀၉-၃၁၃၅၂၇၀၇

ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါအမှတ်	**ပစ္စည်းအမျိုးအမည်**
၁၆/မမ/ပတ(CE)	၆"×၉" ကျောက်ကြီး ၅၇၆၀ကျင်းအား ဥသျှစ်ပင် ကွန်ကရစ်ဇလီဖားစက်ရုံမှ ၁၅ မိုင်အတွင်းရှိ ကျောက်ကွင်းမှ အထိုင်ဈေးဖြင့်ဝယ်ယူရန်
တင်ဒါပိတ်မည့်နေ့/အချိန် -	၂၈-၄-၂၀၁၄ ရက် (တနင်္လာနေ့) ၁၂း၃၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၂-၄-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၉၄၃၅၂၊ ၂၉၁၉၉၄

အိမ်ခြံမြေအကျိုးဆောင်မှ ဝန်ဆောင်ပေးမည်

လူကြီးမင်းတို့၏ Condo များ၊ တိုက်ခန်းများကို ငှားရမ်းလိုပါက တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၅၉၄၅၀၄၂

ဦးသန့်ဇင်
၁၂/ဥကတ(နိုင်)၀၉၈၆၉၀နှင့် အများသိစေရန်ကြေညာခြင်း

အိမ်အမှတ် ၁၈၉၊ သီရိမင်္ဂလာလမ်း၊ အင်းစိန်မြို့နယ်နေ ကျွန်မသည် ဦးသန့်ဇင် ၁၂/ဥကတ(နိုင်)၀၉၈၆၉၀နှင့် ၂၀၀၇ခုနှစ်တွင် လက်ထပ်ခဲ့ပြီး သားတစ်ယောက်ထွန်းကားခဲ့ပါသည်။ ယခုအခါ ဦးသန့်ဇင်သည် လင့်ဝတ္တရား(၅)ပါးနှင့်ညီညွတ်ခြင်းမရှိဘဲ အရက်သေစာ သောက်စားမူးယစ်ပြီး ကိုယ်ထိလက်ရောက်စော်ကားခြင်း၊ အိမ်ထောင်ရေးဖောက်ပြန်မှုများပြုလုပ်ခြင်း၊ ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၁၈-၁၂-၁၃ရက်တွင် အိမ်ပေါ်မှ အပြီးဆင်းသွားပါသဖြင့် ယနေ့ ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ကျွန်မနှင့် မည်သို့မျှ မသက်ဆိုင်တော့ပါကြောင်း ၎င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှသည် ကျွန်မနှင့် လုံးဝ(လုံးဝ) ပတ်သက်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သန်းသန်းဌေး
၁၂/ဥကမ(နိုင်)၀၀၂၀၇၂

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

မီးလောင်မှုဖြစ်ပွား

ကသာခရိုင် ကသာမြို့နယ် တုန်းပေါ ကျေးရွာအုပ်စု တုန်းပေါဘုန်းကြီးကျောင်းမြောက်ဘက် စာသင်ကျောင်းအနောက်ဘက် လူနေအိမ်များနှင့် တစ်ဖာလုံခန့်ဝေးသော လယ်ကွင်းဘေးရှိ တောင်သူကျော်နိုင်ဦး၏ ၁၀ ပေပတ်လည် သက်ငယ်မိုး ထရံကာတစ်ထပ်၌ ကောက်ရိုးများရှိပြီး ကူဘိုတာ ၅/၆ စက်မှာ အပူရှိန်ကြောင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။ စတင်မီးလောင်သည့် တဲနှင့် ကပ်လျက်ရှိသော သွပ်မိုး၊ ထရံကာ တစ်ထပ် အဆောက်အအုံကို မီးကူးစက် လောင်ကျွမ်းရာ ညနေ ၄ နာရီ ၁၀ မိနစ်တွင် မီးညွှန့်ကျိုးပြီး ၄ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။ မီးလောင်သည့်နေရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်အောင်မြင့်နှင့်အဖွဲ့၊ မီးသတ်ဦးစီးမှူး ဦးသန်းဝင်းနှင့်အဖွဲ့၊ ရွာသူရွာသားများရောက်ရှိပြီး မီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။ **ငြိမ်းငြိမ်း(ကသာ)**

ရေမြောင်းထဲ ကားထိုးကျ

ကသာခရိုင် ကောလင်းမြို့နယ်တွင် ဧပြီ ၁၃ ရက်က ယာဉ်မောင်းလှိုင်လှိုင်ဝင်း(ခ) အောင်တိုး သဲတောဝမ်းတွင်း မြို့နယ် မောင်းနှင်ပြီး ယာဉ်နောက်လိုက် ကျော်မိုးဆွေ စီနင်းပါရှိ မန္တလေးမြို့နေသူ လိုက်ပါသည့် ယာဉ်အမှတ် န/. . . ခြောက်ဘီး ဖြူစိမ်းရောင် ဒိုင်နာကားသည် တမလန်းသစ်စားရွှေတုံး ၂၃ တုံး၊ ၁ ဒသမ ၆၄၂၈ တန်၊ တမလန်းသစ်တုံး နှစ်လုံး ၀ ဒသမ ၂၁၆ တန်တို့ကို တင်ဆောင်၍ ကျောက်တန်းရွာမှ ကောလင်းမြို့ဘက် မောင်းနှင်လာစဉ် ညောင်ကိုင်းရွာအရှေ့ ဒုံးဒုတ်တံတားအနီး ညာဘက်ရေမြောင်းအတွင်းသို့ထိုးကျပြီး ကျော်မိုးဆွေနှင့် ယာဉ်မောင်း အောင်တိုးတို့ဒဏ်ရာများရရှိခဲ့သည်။ အဆိုပါအမှုကို ကောလင်းမြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ငြိမ်းငြိမ်း(ကသာ)**

သမိုင်းဝင် ဘော်ကြိုမြတ်ဘုရားသို့ အလှူငွေများ လှူဒါန်း

သီပေါ ဧပြီ ၂၁

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ဧပြီ ၂၁ ရက် ညနေ ၄ နာရီခွဲက ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုမြတ်ဘုရားကြီးသို့ ရောက်ရှိဖူးမြော်ရာ ကျောက်မဲခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်၊ သီပေါမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ ဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် မိသားစုသည် ဘော်ကြိုမြတ်ဘုရားလေးဆူကို ဆီမီးအမွှေးနံ့သာတိုင်များဖြင့် ထွန်းညှိပူဇော်ပြီး ဉည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ ဂေါပကအဖွဲ့ဥက္ကဋ္ဌထံ အလှူငွေများပေးအပ်လှူဒါန်းသည်။

ထို့နောက် ဘော်ကြိုမြတ်ဘုရားကြီးဘက်စုံ ပြုပြင်မွမ်းမံနေမှုများကို ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသရာ ဝန်ကြီးချုပ်က ရှေးမူရှေးဟန်မပျက် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားရေး ကိစ္စများကို လမ်းညွှန်မှာကြားကြောင်း သိရသည်။ **နိုင်း(သီပေါ)**

ကြော်ငြာဆိုင်းဘုတ်ပြုတ်စဉ် လျှပ်စစ်ဓာတ်တိုင်များပေါ်သို့ ပြုတ်ကျ

ရန်ကုန် ဧပြီ ၂၁

ကမာရွတ်မြို့နယ်အတွင်း ဧပြီ ၁၄ ရက် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်က အမှတ်(၇)ရပ်ကွက် ကျွန်းတောလမ်း Junction Square ရှေ့တွင် စိုက်ထူထားသောအလျား ပေ ၂၀၊ အနံ ၁၅ ပေ၊ အလေးချိန် ၃ တန်ခန့်ရှိ Junction Square ကြော်ငြာဆိုင်းဘုတ်ကိုဖြုတ်ယူရန် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေသူများဖြစ်သည့် ယာဉ်မောင်း ကိုထွန်းနှင့် ဝန်ချီစက်ကြိုးချိတ်လုပ်သား မော်တာလေး(ခ)မျိုးမြင့်အောင်တို့က ၆၀/. . . ကရိန်းယာဉ်ဖြင့်ကြိုးချိတ်ပြီး မူလီလေးလုံးအနက် တစ်လုံးကိုဖြုတ်၍ ကြိုးတင်းစဉ်ဆိုင်းဘုတ်မှာ အောက်သို့ပြုတ်ကျသွားခဲ့ကြောင်း သိရသည်။

၎င်းဆိုင်းဘုတ်ပြုတ်ကျစဉ် လမ်းဘေးရှိ လျှပ်စစ်ဓာတ်တိုင်ပေါ်သို့ကျသွားခဲ့ရာ ဓာတ်တိုင်ကိုးတိုင် လဲကျပျက်စီးသွားခဲ့သဖြင့် Junction Square တာဝန်ခံ ဒေါ်မိုးမိုးအေးက မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သို့ အကြောင်းကြားကာ ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရပြီး ယင်းကဲ့သို့ ပေါ့လျော့စွာပြုလုပ်ခဲ့၍ ဆိုင်းဘုတ်ပြုတ်ကျပြီး လျှပ်စစ်ဓာတ်တိုင်များ လဲကျပျက်စီးခဲ့သဖြင့် အရေးယူသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နိုးဝင်း(SP)**

အောင်ပွဲရမြန်မာပီတန်းအားကစားအဖွဲ့ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၂၁

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ဧပြီ ၉ ရက်မှ ၁၂ ရက်အထိ ကျင်းပပြီးစီးခဲ့သည့် ပထမအကြိမ် အရှေ့တောင်အာရှ ပီတန်းအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံအသင်းမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်သုံးခုဖြင့် နိုင်ငံအလိုက် စတုတ္ထရရှိခဲ့သည်။

ထိုပြိုင်ပွဲတွင် ကမ္ဘောဒီးယားနိုင်ငံကပထမ၊ လာအိုနိုင်ငံက ဒုတိယ၊ ဗီယက်နမ်နိုင်ငံကတတိယ၊ မြန်မာနိုင်ငံက စတုတ္ထ၊ အင်ဒိုနီးရှားနိုင်ငံက ပဉ္စမ၊ စင်ကာပူနိုင်ငံက ဆဋ္ဌမ အသီးသီးရရှိခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် လာအိုနိုင်ငံမှ (အေနှင့်ဘီ)အသင်းနှစ်သင်းဝင်ရောက်ယှဉ်ပြိုင်ကာ စုစုပေါင်း ခြောက်နိုင်ငံ ခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲအမျိုးအစားတွင် ရွှေတံဆိပ်ဆုကို ရရှိသွားသော အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ငြိမ်းချမ်းဖြိုးနှင့် လမ်းယောင်းကင်တို့ကလည်းကောင်း၊ ငွေတံဆိပ်ဆုကို အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် သဲစုအောင်နှင့် ယွန်းမီမီကျော်တို့က လည်းကောင်း၊ ကြေးတံဆိပ်ဆုကို အမျိုးသမီး Shooting ပြိုင်ပွဲတွင် သဲစုအောင်ကလည်းကောင်း၊ အမျိုးသားသုံးယောက်တွဲပြိုင်ပွဲတွင် ငြိမ်းချမ်းဖြိုး၊ လမ်းယောင်းကင်နှင့် သန့်ဇော်ဦးတို့ကလည်းကောင်း၊ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲတွင် သဲစုအောင်၊ ယွန်းမီမီကျော်၊ အေးအေးငြိမ်းတို့က အသီးသီး ဆွတ်ခူးရရှိခဲ့သည်။

အောင်မြင်မှုရရှိခဲ့သော မြန်မာပီတန်းအားကစားအဖွဲ့သည် ဧပြီ ၁၃ ရက် ည ၈ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့စီမံကိန်းနှင့် စီးပွားရေးရာဝန်ကြီး ဦးသန်းမြင့်၊ မြန်မာနိုင်ငံပီတန်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်ဆွေသင်္ဂဟများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။ **(သတင်းစဉ်)**

ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ၍ နေရာတွင်ပင် တစ်ဦးသေဆုံး

ဆားလင်းကြီး ဧပြီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ဖောင်းကားရွာအနီးတွင် ဧပြီ ၁၄ ရက် သင်္ကြန်အကျနေ့က ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ၍ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြပြီး တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သင်္ကြန်အကျနေ့ မွန်းတည့် ၁၂ နာရီခန့်က ကြေးစင်တောင်ရဲစခန်းမှူးသည် ကြေးစင်တောင်ရဲစခန်း၌ တာဝန်ထမ်းဆောင်နေစဉ် ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိကြောင်း သတင်းရရှိ၍ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ ညောင်ပင်ကြီး-ယင်းမာပင်သွားကားလမ်း မိုင်တိုင်အမှတ်(၅/၁) နှင့် (၅/၂)အကြား ဖောင်းကား(မ) ရွာအနီးတွင် အနောက်မှ အရှေ့သို့ ချစ်ဦး မောင်းနှင်လာသော စုပါကပ်အစိမ်းရောင် ဂျာလင်းဆိုင်ကယ်နှင့် အရှေ့မှအနောက်သို့ မောင်ထွေး(ခ)အငယ်လေး မောင်းနှင်ပြီး နောက်မှ ကိုထွန်းနိုင်လင်း စီးနင်းလိုက်ပါလာသော စုပါကပ် အစိမ်းရောင် ဂျာလင်းဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိကြောင်း တွေ့ရှိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် အငယ်လေး(ခ) မောင်ထွေးတွင် ဒဏ်ရာများရရှိပြီး နေရာတွင် သေဆုံးခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ ယာဉ်ကိုဆင်မခြင် ပေါ့ဆစွာမောင်းနှင်သူ ချစ်ဦးနှင့် မောင်ထွေး(ခ)အငယ်လေးတို့ကို ဆားလင်းကြီးရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **ဦးငယ်(ဆားလင်းကြီး)**

သီတဂူသုမေဓာဆေးရုံ လမ်းခင်းအလှူ ပါဝင်လှူဒါန်းနိုင်

ပန်းတနော်မြို့နယ် အစုကြီး၌ (၂၃.၄.၂၀၁၃) ရက်တွင် ဖွင့်လှစ်ပြီးဖြစ်သော သီတဂူသုမေဓာဆေးရုံနှင့်ပတ်ဝန်းကျင် ကျေးရွာများသို့ ဆက်သွယ်သွားလာနိုင်ရန် ဖောက်လုပ်ပြီးဖြစ်သော မြေသားကမ်းလမ်း (အရှည် - ၂ မိုင်)ကို မြဲတောင်ဆရာတော်နှင့် ရွှေပြည်ဟိန်းဆရာတော်တို့ ဦးဆောင်လျက် ကွန်ကရစ်လမ်းအဖြစ်တိုးမြှင့်ခင်းလျက်ရှိရာ သုမေဓာသွင် ဆုမွန်ဆင်လျှော် လိုအင်ဆန္ဒ ပြည့်ဝစေရန် ရည်ရွယ်စိတ်သန်၍ ဘီလပ်မြေ(၁)အိတ် ၆၀၀၀ကျပ်/- ကျောက်သေ(၁)ကျင်း (၃၀၀၀၀ကျပ်/-) ပါဝင်လှူဒါန်းကာ လမ်းအလှူရှင်အဖြစ် ခံယူနိုင်ကြပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

သီတဂူရွှေပြည်ဟိန်းစက္ကူဒါနဆေးရုံ အလင်းဒါန ပါဝင်လှူဒါန်းနိုင်

ဧပြီလ (၂၈၊ ၂၉)ရက်တွင် ဦးရေ(၃၀၀၀)ပြည့် ၃၄-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါန ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀ကျပ်/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်း ပါးအပ်ပါသည်။

ဌာနစ- ရွှေပြည်ဟိန်းကျောင်းပြည်သာယာရန်ကင်း (တာမွေလေး၊ သံလမ်းအနီး)

သီတဂူရွှေပြည်ဟိန်းစက္ကူဒါနဆေးရုံ (ကျိုက္ကသံဘုရားပါဝင်မြေ တာမွေလေး၊ သံလမ်းအနီး) ဖုန်း-၀၁ ၅၄၁၄၉၃၊ ၀၉ ၅၁၀ ၂၈၇ မြဲတောင်ဆရာတော်၊ ပန်းတနော်မြို့ ဧရာဝတီတိုင်းဒေသကြီး၊ ဖုန်း-၀၄၆ ၃၀၃၄၇၊ ၀၉ ၄ ၂၂၂ ၅၉၄၉၂

ရွှေငွေတိုက်ကမ္ဘောဇဘဏ် KBZBank(AccountNo.00730200701690301) နှင့်အခြားဘဏ်များ အလှူငွေဘာသိရီလက်ခံ (၁၂/ရကန(သ)၀၀၀၀၀၅)၊ ဖုန်း-၀၉ ၅၁၀ ၂၈၇၊ ၀၁-၅၄၁၄၉၃

D.S.A 13th INTAKE မှ သူငယ်ချင်းများနှင့် မိသားစုဝင်များ

၂၃-၄-၂၀၁၄ရက်တွင် D.S.A 13th INTAKE ကျောင်းဆင်းခဲ့သည်မှာ (၄၃)နှစ်ရှိခဲ့ပါပြီ။ (၄၃)နှစ်အတွင်း တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့သော သူငယ်ချင်းများနှင့် အကြောင်းအမျိုးမျိုးဖြင့် ကွယ်လွန်ခဲ့ကြပြီးသော သူငယ်ချင်းများအားရည်စူး၍ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ပုဂံမြို့သစ်ရှိ လောကနန္ဒာစာသင်တိုက်မှ သံဃာတော်(၈၅)ပါးအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး လှူဖွယ်ပစ္စည်းအစုစုကပ်လှူပူဇော် ကုသိုလ်ကောင်းမှုပြုလုပ်ပါမည်။ ၂၂-၄-၂၀၁၄ရက် နံနက် ၁၀နာရီတွင် အမျှပေးဝေ သာဓုခေါ်ဆိုနိုင်ပါရန် သူငယ်ချင်းများနှင့် မိသားစုဝင်များအား အသိပေးအပ်ပါသည်။

၈၅၄ စိန်ဝင်း(မင်းသား)

ဖုန်း-၀၉-၅၀၇၇၆၂၆

MBE မှ တည်ထောင်ထားသော (BCB) Centre တွင်

Strategic Marketing Management (Intensive Course)

မြန်မာနိုင်ငံ၏ Sales and Marketing လောကတွင် ခေါင်းဆောင်နေသူများအတွက် မျက်မှောက်ခေတ် Competitive Marketing ကို ထိရောက်စွာ ထိုးဖောက်ဆောင်ရွက်နိုင်ရန် အောက်ပါဘာသာရပ်များဖြင့် ဖွင့်လှစ်ပို့ချပေးပါမည်။

♦ Marketing Strategy and Marketing Plan ♦ Strategic Advertising Management ♦ Promotional Management ♦ Understanding the Consumer Behavior ♦ Brand Building, Brand Positioning & Customer Relationship Management

❖ သင်တန်းချိန် - မွန်းလွဲ ၅း၀၀ နာရီ မှ ၈း၀၀ နာရီ (စနေ၊ တနင်္ဂနွေ)

❖ သင်တန်းစမည့်ရက် - မေလ (၃) ရက် ♦ သင်တန်းကာလ - (၁) လ

Ph:01 538531, 01 505972, E-mail: bcbcentre009@gmail.com

MBE မှ တည်ထောင်ထားသော BCB Centre တွင်

Business Management Course Part (1)

၂၀၁၄ ခုနှစ် မေလ (၃) ရက်နေ့တွင် ဖွင့်လှစ်မည်။

မိမိစီးပွားရေးလုပ်ငန်းကို နည်းစနစ်ကျသော စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး၊ အလားအလာကောင်းသည့် စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွန်းရေးနှင့် မိမိအဖွဲ့အစည်း၏ စွမ်းဆောင်ရည်အဆင့်မြှင့်မားတိုးတက်လာစေရေးအတွက် ဖော်ပြပါဘာသာရပ်များကိုပို့ချပါမည်။

♦Principles of Management ♦ Accounting Knowledge for Mangers ♦ Marketing Management ♦ Framework of Business Management ♦ Entrepreneurship & SME Management ♦ Productions & Operations Management

❖ သင်တန်းချိန် - မွန်းလွဲ ၁း၃၀ နာရီ မှ ၄း၃၀ နာရီ (စနေ၊ တနင်္ဂနွေ)

Ph: 01 538531, 01 505972, E-mail: bcbcentre009@gmail.com

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပြည်သူလူထုအား အသိပေးတင်ပြခြင်း

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အကြောင်းအမျိုးမျိုးကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုရှိပါက ဆောလျင်စွာ ဓာတ်အားပြန်ပေးနိုင်ရေးအတွက် အောက်ပါ ခရိုင်/မြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ အုပ်ချုပ်ရေးရုံး တယ်လီဖုန်းများသို့ ဆက်သွယ်အကြောင်းကြားနိုင်ပါကြောင်း မေတ္တာရပ်ခံ အသိပေးတင်ပြအပ်ပါသည်-

စဉ်	ခရိုင်/မြို့နယ်	တာဝန်ခံ	လက်ကိုင်ဖုန်းနံပါတ်
၃	တောင်ပိုင်းခရိုင်	ခရိုင်အုပ်ချုပ်ရေးမှူး	၀၉၅၀၅၅၉၇၄၊ ၀၉၈၆၀၀၆၉၄၊
		ခရိုင်လျှပ်စစ်အင်ဂျင်နီယာ	၀၉၈၆၀၀၉၈၇
	သန်လျင်	မြို့နယ်အုပ်ချုပ်ရေးမှူး	၀၉၅၁၇၈၉၂၉၊ ၀၉၅၁၂၉၄၈၀
		မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၅၁၂၉၄၈၀
	ကျောက်တန်း	မြို့နယ်အုပ်ချုပ်ရေးမှူး	၀၉၅၂၁၀၉၁၇
		မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၃၁၆၉၃၃၈၆
	ခရမ်း	မြို့နယ်အုပ်ချုပ်ရေးမှူး	၀၉၈၆၀၁၉၇၂
		မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၃၁၃၄၂၀၆၆
	သုံးခွ	မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၅၁၃၇၉၃၇၊ ၀၉၅၀၈၁၇၁၅
	တွံတေး	မြို့နယ်အုပ်ချုပ်ရေးမှူး	၀၉၈၆၀၃၀၁၃
		မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၄၂၀၀၁၂၀၂၂
	ကော့မှူး	မြို့နယ်အုပ်ချုပ်ရေးမှူး	၀၉၅၁၉၅၄၇၂
		မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၈၆၀၁၀၂၈
	ကွမ်းခြံကုန်း	မြို့နယ်အုပ်ချုပ်ရေးမှူး	၀၉၄၂၀၀၈၂၅၈၁၊ ၀၉၂၅၃၀၆၀၇၅
		မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၂၅၃၀၆၀၇၅
	ဒလ	မြို့နယ်အုပ်ချုပ်ရေးမှူး	၀၉၈၆၀၁၉၇၉၊ ၀၉၅၁၂၀၂၉၃
		မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၂၅၄၀၈၂၁၃၀
	ဆိပ်ကြီးခနောင်တို	မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၃၁၇၈၁၃၄၃၊ ၀၉၄၂၁၁၀၇၅၈၀
	လက်ခုပ်ကုန်း	မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၄၄၈၀၃၆၇၄၅၊ ၀၉၈၆၀၃၀၁၄
	ကျိုက်ထော်	မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၃၁၈၄၉၉၆၃၊ ၀၉၈၆၀၃၀၁၅
	တံတား	မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၄၄၈၀၀၃၉၃၇၊ ၀၉၈၆၀၃၀၁၇
	ကိုကိုးကျွန်း	မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၈၆၃၇၄၀၄

ကျေးရွာစာကြည့်တိုက်များသို့ SET TOP BOX များပေးအပ်

ထန်းတပင် မေ ၂၁

ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသော DVB-T2 SET TOP BOX များအား တောင်ငူခရိုင် ထန်းတပင်မြို့နယ်အတွင်း ၁၃၀၈ လုံး ရရှိခဲ့သည်။

အဆိုပါ DVB-T2 SET TOP BOX များကို မတ် ၃၁ ရက် ညနေ ၄ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမ၌ ရပ်ကွက်၊ ကျေးရွာများမှ ကိုယ်စားလှယ်များသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြသက်မောင်က ပေးအပ်ခဲ့ပြီး မေ ၁၁ ရက် မွန်းလွဲ ၁ နာရီက ရပ်ကွက်ကျေးရွာစာကြည့်တိုက်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၀၁၉)**

မီးသွေးတောင့်အလုပ်ရုံ အလုပ်သမားချင်း စကားများရန်ဖြစ်ပြီး ရိုက်နှက်၍ သေဆုံး

ရန်ကုန် မေ ၂၁

လှိုင်သာယာမြို့နယ်အတွင်း မီးသွေးတောင့်အလုပ်ရုံ အလုပ်သမားချင်း စကားများရန်ဖြစ်ပြီး ရိုက်နှက်၍ သေဆုံးခဲ့ရသောဖြစ်စဉ် မေ ၁၄ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လှိုင်သာယာမြို့နယ် (၂) ရပ်ကွက်နေ မစန်းစန်းကြည်မှာ ၎င်းသည် မေ ၁၄ ရက် နံနက် ၁၁ နာရီခွဲက နေအိမ်တွင်ရှိနေစဉ် (၂)ရပ်ကွက် ပီမိုးနင်းလမ်းရှိ မီးသွေးတောင့်အလုပ်ရုံမှ အလုပ်သမားဖြစ်သူ ဝင်းကိုနိုင် ရောက်ရှိလာပြီး ၎င်းအလုပ်ရုံတွင် အလုပ်လုပ်ကိုင်သည့် ခင်ပွန်းဖြစ်သူ နိုင်လင်းစိန်မှာ လုပ်ငန်းခွင်၌ မူးလဲသွားကြောင်း ပြောပြသိရှိရသဖြင့် သွားရောက်ကြည့်ရှုရာ ခင်ပွန်းဖြစ်သူမှာ သတိကောင်းစွာမရဘဲ လဲကျနေသည်ကို တွေ့ရှိရကြောင်း၊ ခင်ပွန်းဖြစ်သူအား အင်းစိန်ဆေးရုံမှတစ်ဆင့် ရန်ကုန်ဆေးရုံကြီးသို့ လွှဲပြောင်းကုသခဲ့ရာ သတိပြန်လည်ရရှိလာသဖြင့် မေးမြန်းသည့်အခါ စက်ဘီးမှောက်ခဲ့သည်ဟုသာ ပြောခဲ့ကြောင်း၊ ဆရာဝန်များ၏ စစ်ဆေးချက်အရ ဝဲချိုစောင်းတွင် ဖူးရောင်ဒဏ်ရာရရှိထားသည်ကို သိရှိရ၍ ဆေးကုသမှုခံယူနေစဉ် ည ၈ နာရီ မိနစ် ၂၀ တွင် သွေးအန်၍ သေဆုံးသွားခဲ့ကြောင်း၊ ၎င်းကဖြစ်စဉ်ကို စုံစမ်းရာ နံနက် ၁၁ နာရီခန့်က ခင်ပွန်းဖြစ်သူသည် မီးသွေးတောင့်အလုပ်ရုံ၌ လုပ်ကိုင်နေစဉ် နေအိမ်သို့လာရောက်ပြောကြားသူ ဝင်းကိုနိုင်နှင့် မီးသွေးတောင့်နေပူလှန်းသည်ကိုပြန်သိမ်းစဉ် စကားများရန်ဖြစ်ခဲ့ကြောင်း၊ ထိုသို့ရန်ဖြစ်စဉ် ဝင်းကိုနိုင်က သစ်သားတုတ်ဖြင့်ရိုက်၍ ဝဲချိုစောင်းဖူးရောင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်ကို သိရှိခဲ့ရကြောင်းနှင့် ဝင်းကိုနိုင်အား အရေးယူပေးရန် တိုင်တန်းခဲ့ခြင်းဖြစ်သည်။ အဆိုပါတိုင်တန်းချက်အရ လှိုင်သာယာမြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူ ဝင်းကိုနိုင်(၂၁နှစ်) (၂)ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူကို ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

မသင်္ကာသူကိုစစ်ဆေးရာမှ မူးယစ်ဆေးဝါးတွေ့ရှိ

ကသာ မေ ၂၁

ဗန်းမောက်မြို့နယ် မံစီကြီးနယ်မြေရဲစခန်း၏ အရှေ့တောင်ဘက် ၁၆ မိုင်ခန့်အကွာ နန့်ဟဲချောင်းအတွင်း မသင်္ကာသူတစ်ဦးကို စစ်ဆေးရာမှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကသာခရိုင်ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါးဖမ်းဆီးရေး ညွှန်ကြားချက်အရ မံစီကြီးနယ်မြေရဲစခန်းမှ နယ်ထိန်းဒုရဲအုပ်မောင်ဇော်နှင့်အဖွဲ့သည် ပင်ပုံရဲကင်းမှူး တပ်ကြပ်ကြီး မင်းမင်းထွေးအဖွဲ့နှင့် ပူးပေါင်းပြီး မူးယစ်ဆေးဝါး သတင်းအရ သက်သေများနှင့်အတူ မံပင်ကျေးရွာအနီး နန့်ဟဲချောင်းအတွင်း မေ ၁၄ ရက် နံနက် ၂ နာရီခွဲက စောင့်ဆိုင်းနေခဲ့စဉ် မသင်္ကာသူတစ်ဦးအားတွေ့ရှိ၍ စစ်ဆေးခဲ့ရာ ၎င်းမှာ မောင်ဖေဆိုသူဖြစ်ပြီး ၎င်းလွယ်ထားသော အနက်ရောင်လွယ်အိတ်အတွင်းမှ ပင်နီဆီလင်ပုလင်းဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်အလေးချိန် ၀ ဒသမ ၂ ဂရမ်ပါ တစ်လုံး ကာလတန်ဖိုး ငွေကျပ် ၂၀၀၀၀၊ ဘိန်းဖြူသုံးစွဲရာတွင် အသုံးပြုသည့် ငွေရောင်စက္ကူဝိုင်းနှစ်ခု၊ Red Ruby စာတန်းပါ ဆေးလိပ်ဘူးခွံတစ်ဘူး၊ အနက်ရောင်လွယ်အိတ်တစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးနှင့်အတူ တွေ့ရှိသူ မောင်ဖေ (၅၇ နှစ်) မံပင်ကျေးရွာ ဗန်းမောက်မြို့နေသူအား အရေးယူပေးရန် ဒုရဲအုပ်မောင်ဇော်က တရားလိုပြုတိုင်တန်းခဲ့ရာ မံစီကြီးနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းဆီးရမိ

မြဝတီ မေ ၂၁

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်တွင် မေ ၁၄ ရက်က စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့သည်။ မြဝတီမြို့ အမှတ်(၃၂) မူးယစ်တပ်ဖွဲ့စုမှ ရဲအုပ်ခင်မောင်လွင်၊ အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးမှ ဆယ်အိမ်မှူး ဦးခင်မောင်သန်း၊ ဦးဇော်ဦးတို့နှင့်အတူ မူးယစ်ဆေးဝါး သတင်းအရ မြဝတီမြို့ အမှတ်(၄) ရပ်ကွက် ပြည်သာယာ(၄)လမ်းသို့ သွားရောက်စဉ် ပြည်သာယာ(၄)လမ်း လမ်းသွယ်အနီးအရောက်တွင် ကြိုတင်သတင်းရရှိထားသူ မောင်မောင်စိုးအား ဓားကိုင်လျက် လမ်းလျှောက်လာသည်ကို တွေ့ရှိသဖြင့်ခေါ်ဆောင်၍ရှာဖွေစဉ် အနီးရှိအိမ်သာအတွင်းသို့ ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ မောင်မောင်စိုးသည် အိမ်သာအတွင်းရှိ အုတ်ကြားထဲသို့ ပစ္စည်းတစ်ခုထိုးသွင်းလိုက်သည်ကို တွေ့ရှိရသည်။ ထို့နောက် သက်သေများနှင့်အတူ ရှာဖွေရာ ၎င်းအုတ်ကြားထဲသို့ ထိုးသွင်းလိုက်သည့် အဝါရောင်အအေးစုပ်ပိုက်အတွင်းမှ WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ခြောက်ပြား အလေးချိန် ၀ ဒသမ ၆ ဂရမ်နှင့် မောင်မောင်စိုး၏ ယာဘက်လက်အတွင်းမှ SEKIZO တံဆိပ်ပါ အရိုးအသွား ၂၇ လက်မခန့်ရှိ ဓားရှည်တစ်ချောင်းတို့ကို တွေ့ရှိရာ မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိသူ မောင်မောင်စိုးအား မြဝတီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။ **(ပြည်နယ် ပြန်/ဆက်)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ ပစ္စည်းများအား သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၂-၄-၂၀၁၄ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၂၅-၄-၂၀၁၄ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအတွက်
ရုံးသုံးစက်ကိရိယာများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအတွက် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

Computer Colour Printer A3, Fax, Copier, Spare Parts for Foklift & Crane

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၃-၄-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက် - ၂၃-၅-၂၀၁၄ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၃၈)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၅၃၉၊ Fax-၀၆၇-၄၁၁၅၄၀

စေ့စပ်ကြောင်းလမ်း ပြီးစီးခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ
ဦးအောင်ထွဋ် (ဒု-လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း)-ဒေါ်ခင်ဆွေဝင်း (အထက်တန်းပြ၊ ငြိမ်း)
တို့၏သားငယ်

မောင်ထွဋ်ဝင်းထွဋ်
B.B.A (Hospitality and Tourism), Assumption University

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ
(ဦးမင်းမင်းလတ်)-ဒေါ်ယမင်းကြိုင် တို့၏သမီးထွေး

မအေမရာ
M.B.A (General Management), Assumption University

တို့သည် ၁၈-၄-၂၀၁၄ ရက် (သောကြာနေ့)၌ နှစ်ဖက်သောမိဘဆွေမျိုးများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများ

'အရွယ်ရောက်သူတိုင်းအတွက်ယာဉ်မောင်းကျွမ်းကျင်မှုသင်တန်း'
Course in driving skills for all adults.
၂၀၁၄-ခု၊ အပတ်စဉ်(၁၉) မေလ (၁) ရက်နေ့ဖွင့်မည်။

ကောင်းဝေ
KAUNG WAI
(ယာဉ်မောင်းစက်ပြင်ထိန်းသိမ်းသင်တန်း)

သင်တန်းခွဲ-အမှတ်-၁၀၈/၂ သံသုမာလမ်းမကြီး ၁၄/၃ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
Ph-01-572831, 09-43192139, 09-43157190, 09-5140103, 09-73213416, 09-43192140
နည်းပြဆရာ၊ ဆရာမများအား အိမ်ကားဖြင့် ခေါ်ယူသင်ကြားလိုပါက သီးခြားစီစဉ်ပေးပါမည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ၁၅၊ မြေကွက် ၂၈၈(ခ)၊ နှစ် ၆၀မြေငှားဂရန်ကို အမည်ပေါက်တစ်ဦးဖြစ်သူ ဦးနေသာဝင်း RGN-၀၁၈၈၈၃ပိုင်ဆိုင်သည့် အကျိုးခံစားခွင့်များကို အပြီးအပိုင်လက်ရောက်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါဂရန်မြေအစိတ်အပိုင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်း၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမော် (အထက်တန်းရှေ့နေ) — **တိုက်-၆/၁/၃ ဆရာများရိပ်သာ**
B.Sc,H.G.P,D.B.L, D.I.L,D.M.L, — **လှိုင်တက္ကသိုလ်နယ်မြေ၊**
DL-IP WIPO in Geneva — **လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
E:mail: myomaw 2007 @ gmail. com

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကင်းလမ်း၊ အမှတ် ၂၇၈၊ ဒုတိယထပ်(ခေါင်းရင်း)တိုက်ခန်းကို ပိုင်ဆိုင်သူ ဒေါ်နိုင်နိုင်ရွှေ ၁၂/ဒဂတ(နိုင်)၀၀၅၈၃၆ထံမှ အပြီးအပိုင် လက်ရောက်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောမှတ်ပုံတင်စာချုပ်စာတမ်းနှင့် တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမော် (အထက်တန်းရှေ့နေ) — **တိုက်- ၆/၁/၃ ဆရာများရိပ်သာ**
B.Sc,H.G.P,D.B.L, D.I.L,D.M.L, — **လှိုင်တက္ကသိုလ်နယ်မြေ၊**
DL-IP WIPO in Geneva — **လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
E:mail: myomaw 2007 @ gmail. com

နှစ်သစ်မင်္ဂလာကြိုဆိုပါ၏

၁၃၇၆ခုနှစ် တန်ခူးလ မင်္ဂလာသင်္ကြန်နှစ်ကူးမှသည် လပေါင်းများစွာ ဖေကြီး သီဟသုဓမ္မဇောတိကဓဇောတရေ ဦးရဲဒင်-မေကြီး သုဓမ္မသီရိဒေါ်မြဒေး (ရဲ+မြ)ဂေဟာမိသားစုနှင့်အတူ စိတ်ကောင်းရှိ၊ သီလမြဲ၊ ဝိပဿနာစွဲ၍ ကျန်းမာ၊ ချမ်းသာစွာဖြင့် တရားထူး၊ တရားမြတ်ရရှိနိုင်ပါစေကြောင်း မေတ္တာပို့ဆုတောင်းလိုက်ပါသည်။

သားကြီး- ကိုမင်းမင်း-မမေသူအောင်
စိုက်ပျိုးရေးနှင့်မွေးမြူရေး
ပြည့်စုံအောင် ငါး + ပုစွန်ထုတ်လုပ်ရေး

သမီးကြီး- ကိုဝင်းနိုင်ထူး-မနွယ်နွယ်ထွန်း
ပွဲရုံနှင့် ရဲ+မြ ရတနာရွှေဆိုင်
သင်္ကန်းပရိက္ခရာဆိုင် (သုံးဆယ်မြို့)

သမီးငယ်- ဗိုလ်မှူး/ဗိုလ်ကြီး သန့်ဇင်ကျော်-မမိုးသီရိအေး
Oxygen Liqueur Mart စတိုးနှင့်
အထွေထွေရောင်းဝယ်ရေး၊ ဖုန်းငွေဖြည့်ကတ်ဖြန့်ချိရေး၊
ပြင်ဦးလွင်မြို့။

ရွှေသံလွင်ဘိုးဘွားရိပ်သာ
နှစ်သစ်ဦးမင်္ဂလာ ဆုတောင်းမေတ္တာ

ရွှေသံလွင်ဘိုးဘွားရိပ်သာ၏ ကောင်းကျိုးချမ်းသာအဖြာဖြာ ရှေးရှု၍ ကိုယ်စိတ်နှလုံး သုံးပါးဖြင့် လမ်းညွှန်ကူညီပေးကြသူများ၊ မှီတင်းနေထိုင်ကြသော ဘိုးဘွားများ စားဝတ်နေရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုရေးကိစ္စအရပ်ရပ်တို့ကို လိုလေသေးမရှိအောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော အလှူရှင်များအားလုံးတို့သည် ၁၃၇၆ ခုနှစ် မြန်မာ့နှစ်သစ်ဦးမှစတင်၍ ကျက်သရေမင်္ဂလာအဖြာဖြာ ပြည့်စုံကြပြီး စိတ်အေးချမ်းသာစွာ လိုအင်ဆန္ဒများ ရရှိပိုင်ဆိုင်ကြစေရန် ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။

ရွှေသံလွင်ဘိုးဘွားရိပ်သာ စီမံခန့်ခွဲရေးအမှုဆောင်ကော်မတီဝင်များ
ဘိုးဘွားများနှင့်ဝန်ထမ်းများ

Animation Contest for ASEAN 2014

ASEAN မှ ဦးဆောင်ကျင်းပသော Animation Contest for ASEAN 2014 ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။ စိတ်ပါဝင်စားသော Animation ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ကျောင်းသား ကျောင်းသူများနှင့် အပျော်တမ်းပညာရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။

ပြည်တွင်းအဆင့် ရွေးချယ်ခံရသည့် ပြိုင်ပွဲဝင်ငါးဦးသည် ၂၀၁၄ ခုနှစ် ဇူလိုင် ၁၈-၁၉ ရက်တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ကျင်းပမည့်အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရမည့် အခွင့်အရေးရရှိမည်ဖြစ်ပါသည်။

(၁) **ပြိုင်ပွဲဝင်ခေါင်းစဉ်** - ASEAN Copyright Awareness
(၂) **ပြိုင်ပွဲအမျိုးအမည်** - Animation
(၃) **ပြိုင်ပွဲဝင်မည့် Entry Works (soft copy) ပေးပို့ရမည့် ရက်စွဲနှင့်နေရာ**
- ၂၅-၅-၂၀၁၄ ရက်မှ ၁၀-၆-၂၀၁၄ ရက်အထိ
www.aseananimationcontest.com /MM@ aseananimationcontest.com
(၄) **ပြိုင်ပွဲဝင်မည့် Entry Works (hard copy) ပေးပို့ရမည့် ရက်စွဲနှင့်နေရာ**
- ၂၅-၅-၂၀၁၄ ရက်မှ ၁၀-၆-၂၀၁၄ ရက်အထိ
- ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (လှော်ကား)
(၅) **ရွေးချယ်ခံရသူစာရင်းထုတ်ပြန်ကြေညာမည့်ရက်-** ၂၀-၆-၂၀၁၄ ရက်

အသေးစိတ်အချက်အလက်များအား
www.aseananimationcontest.com တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။
https://www.facebook.com/ip.myanmar တွင်လည်းကောင်း၊
ဖုန်း-၀၆၇-၄၀၄၅၀၇ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တန့်ကြည့်တောင်ဝိပဿနာရိပ်သာ (ရန်ကုန်)
(၄၂) ကြိမ်မြောက် အဓိဋ္ဌာန်ပွဲဖွင့်မည်

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင်ဆရာတော်ကြီးသည် ရန်ကုန်မြို့သို့ကြွရောက်၍ (၄၂) ကြိမ်မြောက် သတိပဋ္ဌာန်ဝိပဿနာ (၇) ရက် အဓိဋ္ဌာန်ပွဲကို ပထမပတ် ၂၀၁၄ ခုနှစ်၊ မေလ (၁) ရက်နေ့ ညနေမှ (၈) ရက်နေ့ နံနက်ထိ၊ ဒုတိယပတ် မေလ (၈) ရက်နေ့ ညနေမှ (၁၅) ရက်နေ့ နံနက်ထိ၊ တတိယပတ် မေလ (၁၅) ရက်နေ့ ညနေမှ (၂၂) ရက်နေ့ နံနက်ထိ ဟောကြားပြသပါမည်။ တရားအားထုတ်လိုသော ပုဂ္ဂိုလ်များသည် ရိပ်သာဖုန်း (၆၃၈၀၈၈၊ ၀၉၄၀၁၆၀၃၅၄၆) နှင့် ကပ္ပိယကာရက အဖွဲ့ဝင်များထံ ကြိုတင် စာရင်းပေးနိုင် ကြပါသည်။

ကပ္ပိယကာရကအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ထူပါရုံ၊ မြေကွက်အမှတ် ၈၅၂၊ မြေကွက်တည်နေရာအမှတ် ၈၅၂၊ ထူပါရုံ ၁၄လမ်းအနောက်၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ် ဦးတင်ထွန်း အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်ထွန်း (ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်တင်မြင့် ၁၂/သကတ(နိုင်)၀၉၈၅၄၂ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၇၄/၁၄ (၁၄-၁-၁၄)ရသူ ဦးသာချား(ခ)ဦးစိုးမြင့် ၁၂/ပဇတ(နိုင်) ၀၂၅၇၃၃မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သွေးသည် အသက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား၊ တိုင်းအမှတ်(၇) ရန်ကုန်
ရန်ကုန်ဘူတာကြီး(Car Parking)ယာဉ်ဝင်/ထွက်ခ ကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

မြန်မာ့မီးရထား၊ တိုင်းအမှတ်(၇)၊ ရန်ကုန်ဘူတာကြီး(Car Parking)ယာဉ်ဝင်/ထွက်ခ ကောက်ခံခြင်းလုပ်ငန်း၏ (၁-၆-၂၀၁၄ မှ ၃၁-၅-၂၀၁၅အထိ) (၁)နှစ်သက်တမ်း လုပ်ကိုင်ခွင့်လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါ (Open Tender)စနစ်ဖြင့် ငှားရမ်းသွားမည်ဖြစ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်လုပ်ငန်း**
ရန်ကုန်ဘူတာကြီး(Car Parking) ယာဉ်ဝင်/ထွက်ခ ကောက်ခံခြင်းလုပ်ငန်း
(ခ) **လေလံယှဉ်ပြိုင်ခွင့်ပုံစံနှင့်စည်းကမ်းချက်များဝယ်ယူနိုင်သောနေရာ**
မန်နေဂျာ (စီးပွားရေး/တိုင်း) တိုင်းအမှတ်(၇)၊ ရန်ကုန်ဘူတာကြီး(ပထမ)ထပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်
(ဂ) **အိတ်ဖွင့်တင်ဒါတင်သွင်း/ဖွင့်လှစ်မည့်ရက်နှင့်အချိန်**
၃၀-၄-၂၀၁၄ (၁၃:၀၀)နာရီတိတိ
(ဃ) **အိတ်ဖွင့်တင်ဒါတင်သွင်း/ဖွင့်လှစ်မည့်နေရာ**
မန်နေဂျာ (စီးပွားရေး/တိုင်း) တိုင်းအမှတ်(၇)၊ ရန်ကုန်ဘူတာကြီး(ပထမ)ထပ်၊

မှတ်ချက်။ (၁) အထက်အပိုဒ်(ခ)ပါနေရာများတွင် အိတ်ဖွင့်တင်ဒါ၊ လေလံယှဉ်ပြိုင်ခွင့်ပုံစံနှင့်စည်းကမ်းချက်များကို (၁)စုံလျှင် (၁၀၀၀၀/-)ကျပ်နှုန်းဖြင့် (၂၂-၄-၂၀၁၄)ရက်မှစ၍ နေ့စဉ် (၀၉:၀၀) နာရီမှစ၍ (၁၆:၀၀) နာရီထိ (ရုံးပိတ်ရက်မပါ) (၃၀-၄-၂၀၁၄)ရက် (၁၁:၀၀) နာရီထိ ဝယ်ယူနိုင်ပါသည်။
(၂) အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မန်နေဂျာ (စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၇)၊ ရန်ကုန်ဘူတာကြီး(ပထမ)ထပ်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၁-၃၉၃၄၂၈၊ ၀၁-၇၀၄၇၉၁၊ ၀၉-၄၉၂၁၃၁၃၀ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါကြီးကြပ်မှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး
စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာ သတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက်
အဆိုပြုလွှာများတင်သွင်းရန်ကြေညာချက် (၂/၂၀၁၄)
နေပြည်တော်၊ ၁၃၇၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၂ ရက်
(၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်)

၁။ မိုးကုတ်ရတနာနယ်မြေတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ပယ်ဖျက်ခဲ့သည့်လုပ်ကွက်များကို ဝန်ခံကတိဖြင့် ပြန်လည်တူးဖော်လုပ်ကိုင်ခွင့်ပြုရန်အတွက် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ (ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃) (ပုဒ်မ-၁၅)တို့နှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များ ထုတ်ပေးရေးဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ **လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ် (သို့မဟုတ်)နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ(Bank Statement)ကို ပူးတွဲတင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။**

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ အောက်ပါအတိုင်းဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာထုတ်ယူခြင်း။** ၂၀၁၄ ခုနှစ် ဧပြီ ၇ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်(နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ (မကလ-၂)နှင့် ပုံစံ (သမ-၁) တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက် အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ (ဖထ-၁)တို့တွင်လည်းကောင်း၊ လိုအပ်သည်များကို ပြည့်ပြည့်စုံစုံရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင် ချိပ်ထိုးပြီး ၂၀၁၄ ခုနှစ် ဧပြီ ၇ ရက်မှ မေ ၁၆ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (Deposit) ကျပ်တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းရပါမည်။

၅။ အမည်မည်း (Black List)စာရင်းတင်သွင်းခံရသည့်လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု(မပြု)ပါ။

၆။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးခွဲ)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာနစခန်းရုံး(မန္တလေး)တွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အောက်ဖော်ပြပါ လုပ်ငန်းများအား ပုတ်ပြတ် (Turn Key)စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်းကို မြန်မာကျပ်ငွေ (Kyat)ဖြင့် အပ်နှံလိုပါသည်-

(က) ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ကျွဲပွဲမြို့တွင် ၃၃/၁၁ ကေဗွီ(၃)အမ်ဗွီအေဓာတ်အားခွဲရုံတည်ဆောက်ခြင်း
(ခ) ကယားပြည်နယ်တွင် ၃၃ ကေဗွီဓာတ်အားလိုင်းများတည်ဆောက်ခြင်းနှင့် ၃၃ ကေဗွီဓာတ်အားခွဲရုံတည်ဆောက်ခြင်း
(ဂ) ကရင်ပြည်နယ် ဘောဂလိမြို့နယ်ခွဲတွင် သံတောင်-ဘောဂလိ ၃၃ ကေဗွီဓာတ်အားလိုင်း ၁၆.၅မိုင်တည်ဆောက်ခြင်းနှင့် ၃၃/၁၁ ကေဗွီ(၃)အမ်ဗွီအေဓာတ်အားခွဲရုံတည်ဆောက်ခြင်း
(ဃ) မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် ၃၃ ကေဗွီဓာတ်အားလိုင်း ၇ မိုင်နှင့် ၃၃/၁၁ ကေဗွီ(၃)အမ်ဗွီအေဓာတ်အားခွဲရုံတည်ဆောက်ခြင်း
(င) ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ဟိုပင်ခွဲရုံမှ ၃၃ကေဗွီဓာတ်အားလိုင်း ၂၃.၇ မိုင်နှင့် ၆၆/၁၁ ကေဗွီ(၅)အမ်ဗွီအေ ဟိုပင်ဓာတ်အားခွဲရုံတည်ဆောက်ခြင်း
(စ) ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ၆၆ကေဗွီနှင့် ၃၃ ကေဗွီဓာတ်အားခွဲရုံများ၊ Switch Bay များနှင့် ၃၃ ကေဗွီဓာတ်အားလိုင်းတည်ဆောက်ခြင်း
(ဆ) ပဲခူးတိုင်းဒေသကြီး(အနောက်)တွင် ၃၃ ကေဗွီဓာတ်အားလိုင်းနှင့် ၃၃/၁၁ကေဗွီဓာတ်အားခွဲရုံတည်ဆောက်ခြင်း

တင်ဒါစတင်ရောင်းချမည့်ရက်	-	၂၃-၄-၂၀၁၄
တင်ဒါပိတ်မည့်ရက်	-	၂၃-၅-၂၀၁၄
တင်ဒါပိတ်မည့်အချိန်	-	၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၅၃၈၊ ၀၆၇-၄၁၁၅၃၉၊ ဖက်စ်-၀၆၇-၄၁၁၅၄၀

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၄၀၉/ခ၊ မြေကွက်တည်နေရာအမှတ် ၄၀၉/ခ၊ သုတ ၃ လမ်း၊ ၄ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးထွန်းရွှေ) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးထွန်းရွှေနှင့်ဇနီး ဒေါ်စိမ်းလှ ကွယ်လွန်သဖြင့် ဦးဝင်းထွန်း ၁၂/ဥကတ(နိုင်)၀၃၉၆၇၃၊ ဦးသိန်းစိုး ၁၂/ဥကတ(နိုင်)၀၃၉၆၆၀၊ ဒေါ်တင်လှမြင့် ၁၂/ဥကတ(နိုင်)၀၃၅၄၃၃၊ ဦးကြည်စိုး ၁၂/ဥကတ(နိုင်)၀၃၉၆၆၄တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၉ အိုးအိမ်၊ မြေကွက်အမှတ် ၉၅၅/ခ၊ မြေကွက်တည်နေရာအမှတ် ၉၅၅၊နဝရတ်လမ်း၊ ၉ရပ်ကွက်၊ သာကေတမြို့နယ် ဦးသိန်းစိုး အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသိန်းစိုး (ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ခင်လှကြည် ၁၂/သကတ(နိုင်)၀၂၅၁၄၅ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၇၁၂၇/၁၄ ရရှိသူ ဦးကျော်စွာထွန်း ၁၄/ဟသတ (နိုင်) ၀၀၃၉၆၅မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ် ၂၈၀/၆၁၇၊ မြေကွက်တည်နေရာအမှတ် ၂၈၀/၆၁၇၊ အောင်ချမ်းသာလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးဝင်း၊ ဦးမျိုးမြင့် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူဦးမျိုးမြင့်(ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏ တစ်ဦးတည်းသောဇနီး ဖြစ်သူ ဒေါ်မာမာစန်း ၁၂/ မရက(နိုင်) ၀၁၄၃၂၈နှင့် ကျန်ပူးတွဲ အမည်ပေါက် ဦးဝင်း ၁၂/ဒပန (နိုင်)၀၂၃၄၁၇တို့ထံမှ GP (၄၂၉၃/၁၁-၂-၁၄) ဖြင့် ရရှိသူ ဦးလှဝင်း (အမ်တီအင်န်တီ/၀၂၉၉၁၅)မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၅၀၂/က၊ မြေကွက်တည်နေရာအမှတ် ၅၀၂/က၊ ဓာနည် ၁၅ လမ်း၊ ၉ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးလှရွှေ) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှရွှေ(တရားပြိုင်)နှင့်တရားလို ဒေါ်မြင့်မြင့်သန်းတို့၏ တောင်ဥက္ကလာပမြို့နယ်၊ တရားရုံး၊ တရားမကြီးမှုအမှတ် ၅/၁၃၊ ဓာရီမှုအမှတ် ၃၃/၁၃ တို့ကို တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ်ဒေါ်နန့်ဆန်းသိန်း ၁၂/မရက(နိုင်)၀၄၇၆၁၆က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာခိုင်လုံသောအထောက်အထားများဖြင့်ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

ထေရဝါဒဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအသင်း(မန္တလေး) (၁၀)ကြိမ်မြောက်

ဗုဒ္ဓနည်းနာမ်+ရုပ်လေ့ကျင့်ရေးတရားအလုပ်စခန်း

ဗုဒ္ဓဒေသနာကို ခေတ်ပညာနှင့်ကောင်းစွာဆက်စပ်တတ်ပြီး မြတ်ဗုဒ္ဓ၏ တရားတော်များကို ပိုမို၍နက်နက်နဲနဲ ထိုးထိုးထွင်းထွင်း သိမြင်နားလည်လာရန်

အချိန် - နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ

နေ့ရက် - ၂၄-၄-၂၀၁၄ ရက်မှ ၂၈-၄-၂၀၁၄ ရက်အထိ

နေရာ - အောင်မင်္ဂလာဓမ္မာရုံ၊ ဆုတောင်းပြည့်မြတ်စွာဘုရား၊ ၇၆လမ်း၊ ၂၆×၂၇ လမ်းကြား၊ ဟေမာဇလရပ်၊ မန္တလေးမြို့။

မှတ်ချက်။ ဆရာကြီး ဦးငွေးအောင်(မဟာသဒ္ဓမ္မဇောတိကဓဇ) ဟောပြောသင်ကြားပြသမှုအတိုင်း ကျင်းပပြုလုပ်ပါမည်။

ဒုရဲအုပ်လောင်းသင်တန်း အပတ်စဉ်(၁၆/၈၄) နှစ်(၃၀)မြောက်၊ ပုလဲရတုတွေ့ဆုံပွဲ ဖိတ်ကြားခြင်း (ရဲတပ်ဖွဲ့၊ စစစ၊ အကျဉ်းဦးစီး)

၂၇-၄-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ မင်းကွန်းတောရကျောင်းတိုက်၊ အင်းလျားမြိုင်လမ်း၊ မင်္ဂလာဂါးဒင်းရှေ့၊ ဗဟန်းမြို့နယ်တွင် သံဃာတော် ၁၆ ပါးအား နေ့ဆွမ်းကပ်လှူ၊ အလှူဒါနပြု၊ တရားနာ၊ အမျှအတမ်းပေးဝေခြင်း၊ သင်တန်းဆရာများအား ဂါရဝပြုခြင်း ပြုလုပ်မည်ဖြစ်၍ မိသားစုနှင့်တကွ တက်ရောက်ကြပါရန် (ရန်ကုန်မြို့ရှိ သင်တန်းဆရာများအား ဆက်သွယ်ပေးကြပါရန်)

၂၇-၄-၂၀၁၄ ရက် (တနင်္ဂနွေနေ့) ညနေ ၆ နာရီမှ ၉ နာရီအထိ ရန်ကုန်မြို့၊ White Rice စားသောက်ဆိုင် (ကန်တော်ကြီးပတ်လမ်း၊ မျက်စိဆေးရုံကြီးရှေ့)တွင် ညစာဖြင့် တည်ခင်းဧည့်ခံခြင်း၊ (လက်ဆောင်ပစ္စည်းများယူလာပါရန်နှင့် ဓာတ်ပုံမပေးရသေးသူများ ပတ်စ်ပို့ပုံ တစ်ပုံစီယူလာပါရန်)

ဦး E ကျော်ဝင်း	ဥက္ကဋ္ဌ	ဖုန်း-၀၉-၇၃၂၀၄၁၂၂
ဦးကျော်ကျော်လင်း	အတွင်းရေးမှူး	ဖုန်း-၀၉-၄၂၁၀၈၃၅၆၅

ဒုရဲအုပ်လောင်းသင်တန်းအပတ်စဉ် (၁၆/၈၄)
သာရေး နာရေးအဖွဲ့ (ရန်ကုန်)

ကျော်ကျော်နိုင်မိသားစု နည်းပညာဝန်ဆောင်မှုကုမ္ပဏီလီမိတက်

KYAW KYAW NAING FAMILY TECHNICAL SERVICES CO., LTD.

အောင်ချမ်းမြေ့

ဂျပန်စာ၊ စကား ကျွမ်းကျင်သင်တန်း

JAPANESE LANGUAGE TRAINING CENTRE

No.(249), 2B, 5B, 6B, 7B၊ ဗားဂရာလမ်းမ၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၃၁၀၆၀၃၁၅၊

Open-7:00Am to 7:00 Pm ပိတ်ရက်မရှိပါ။

aungchanmyae. myanmar@gmail.com

(I) ၇-၅-၂၀၁၄ ရက်မှစတင်မည်။ လူဦးရေ ၃၀ ဦးသာလက်ခံမည်။
(II) ၁၅-၅-၂၀၁၄ ရက်မှစတင်မည်။ လူဦးရေ ၃၀ ဦးသာလက်ခံမည်။
(III) ၂၂-၅-၂၀၁၄ ရက်မှစတင်မည်။ လူဦးရေ ၃၀ ဦးသာလက်ခံမည်။

သင်ကြားနိုင်သည့်အချိန် (I) 09:00 AM to 4:00 PM
Break (1) hour

သင်တန်းကာလ ၅ လ၊ တစ်ပတ် ၅ ရက်သင်၊ တနင်္လာနေ့မှ သောကြာနေ့အထိ။

ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်မည့်သူများ၊ ကျောင်းတက်မည့်သူများအတွက် ဂျပန်စာ၊ စကား နာရီပေါင်း ၅၀၀အထက် သင်ကြားပေးမည်။ ပြည်တွင်း/ ပြည်ပ အလုပ်အကိုင် ရရှိရန် ဆက်သွယ်ပေးမည်။ ဘော်ဒါဆောင်ရှိသည်။ နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။ ဓာတ်လှေကားဖြင့် အဆင်းအတက်ပြုလုပ်နိုင်ပြီး 2Bအထပ်တွင် စုံစမ်းစာရင်းသွင်းနိုင်သည်။

* ပြည်တွင်း/ပြည်ပ ဝါရင့်ကျွမ်းကျင်သူများမှ ဦးစီးသင်ကြားမည်။
* အသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးမည်။
* အောင်ပြီး ချမ်းမြေ့မှုတွေရရှိဖို့ အောင်ချမ်းမြေ့ကို လာခဲ့ပါ။
* ဂျပန်နိုင်ငံသို့ သွားရောက် ကျောင်းတက်လိုသူများအတွက် ဂျပန်နိုင်ငံရှိ ကျောင်းများတွင် ကျောင်းအပ်လက်ခံဆောင်ရွက်ပေးသည်။

ပီနံအိတ် မိုးကာထုတ်လုပ်သောစက် (The Hole Line) စက်တစ်ခုလုံး ရောင်းရန်ရှိသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၁၉၈၄၅၂

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
အုတ်တွင်းမြို့နယ်တရားရုံး၌
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၈၄

ဦးသက်ထွန်း (၄င်း၏ကိုယ်စားလှယ်စာရသူ ဦးမျိုးဝင်းရှိန်) — **နှင့်** — ဦးဇော်လွင်ဦး

တရားလို — **တရားပြိုင်**

ဦးဇော်လွင်ဦး(ဘ)ဦးအောင်မင်း၊ မီးရထားထိန်း(ခ)အမှတ် (၃)တိုင်းရုံး၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် ၁၀၀၀၀၀၀၀/- ကျပ် တိတိရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့် ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် မေ ၁၂ရက် (၁၃၇၆ခုနှစ် ကဆုန်လဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သောနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပေးပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဧပြီ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နေထွန်းအောင်)
ဒုတိယမြို့နယ်တရားသူကြီး
အုတ်တွင်းမြို့နယ်တရားရုံး

ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်
အကြောင်းကြားစာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်း-၂၂)
မန္တလေးခရိုင်တရားရုံးတော်၌
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၂၀နှင့် ဆက်သွယ်သည့်
၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ် - ၂၇

ဒေါ်သူဇာမြင့် — **နှင့်** — ၁။ ဒေါ်မြသိန်း ၂။ မောင်စစ်သူ

တရားလို — **တရားပြိုင်များ**

(၁) ဒေါ်မြသိန်း၊ (၂) မောင်စစ်သူ(အတူနေ) အမှတ်၆၂၊ ၃၉ လမ်း၊ ၈၀×၈၁လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တ လေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၂၀တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်သူဇာမြင့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ အကြောင်းပြနိုင်သည့် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၄ခုနှစ် ဧပြီ ၂၉ရက်(၁၃၇၆ခုနှစ် ကဆုန်လဆန်း၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၄ခုနှစ် ဧပြီ ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထားထား)
တွဲဖက်ခရိုင်တရားသူကြီး(၃)၊
မန္တ လေးခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ကြီးခရိုင်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၃၉

ဒေါ်စန်းစန်းမြင့် — **နှင့်** — ဒေါ်ကြူကြူ

တရားလို — **တရားပြိုင်**

တောင်ကြီးမြို့၊ ကန်အောက်ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၁၇/ကနေ ဒေါ်ကြူကြူ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စန်းစန်းမြင့်က စုကြေးငွေများနှင့် ချေးငွေ ၄၀၄၀၀၀၀၀ကျပ် ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဧပြီ ၂၃ရက် (၁၃၇၆ခုနှစ် တန်ခူးလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေထံတွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဧပြီ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းကြွေ)
ခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

တစ်နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
အကယ်ဒမီ (၅)ဆုရှင်
ဦးကိုကိုငွေး
၁၉-၄-၁၃မှ ၁၉-၄-၁၄

မိသားစုကိုခွဲခွာသွားတာ တစ်နှစ်ပြည့်ခဲ့ပေမယ့် မေကြီးရယ်၊ သားသမီး၊ မြေး၊ မောင်နှမတွေရယ် တစ်နေ့မှမမေ့မရပါ။

ဒီနေ့ (၁)နှစ်ပြည့်မှာ သိက္ခာထပ် သားရဟန်းခံ၊ မြေးရှင်ပြုလုပ်ပြီး သင်္ကန်းဝတ္ထုငွေ ဆက်ကပ်ပြီး ကုသိုလ်လုပ်ခဲ့ပါတယ်၊ မောင့်အတွက်ရည်စူး၍ လှူဆဲ ကုသိုလ်ဒါန အဝဝကို အမျှပေးဝေပါတယ်၊ မြင့်မြတ်သောဘုံဘဝမှ မြင်နိုင်၊ ကြားနိုင်၊ သိရှိနိုင်ပြီး သာဓုခေါ်ပါ။

ဖေကြီးရေ-အမျှ-အမျှ-အမျှ

ဇနီးသက်နှင့် သား၊ သမီး၊ မြေး

မိုးသောက်ပန်းအဆင့်မြင့်မှုကြို
(၁၉၉၄-ခုနှစ်တွင် တည်ထောင်သည်)
"ဘယ်နေ့ဘဲတက်တက်၊ ဘယ်အချိန်ဘဲ တက်တက်
နေရာတိုင်းမှာ သင့်ရင်သွေးငယ်အတွက်
မိုးသောက်ပန်း ရှိနေမယ်"
နံနက်(၉:၀၀)နာရီမှ(၃:၀၀)နာရီအထိ
ကျောင်းကားရှိသည်။ အခန်းတိုင်းလေအေးပေးစက် တပ်ဆင်ထားပါသည်။
(1) Juntion ဝေနအိမ် Ph:571545, 09-5126882
(2) ယုနေပလာဇာလုံးချင်းအိမ်ယာ Ph:200917,09-43122884
(3) ရန်ကင်း၊ကျောက်ကုန်း Ph:566592,09-421008133

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၅CG၊ မြေကွက်အမှတ် ၃၈၃၊ မြေကွက်တည်နေရာအမှတ် ၅၇၊ အနောက်ဈေးဟောင်းလမ်း၊ ဗဟန်းမြို့နယ် (ဦးမောင်မောင်အေး)အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် (ဖခင်)ဦးမောင်မောင်အေး ၊ (မိခင်)ဒေါ်ခင်လေး(ခ)ဒေါ်ခင်စိုးတို့ ကွယ်လွန်သဖြင့် ဒေါ်လှလှမြင့် ၁၂/ဗဟန(နိုင်)၀၅၁၂၁၆၊ ဒေါ်သန်းသန်းငွေး ၁၂/ဗဟန(နိုင်)၀၅၁၂၀၅၊ ဦးအောင်ကျော်ဦး ၁၂/ဗဟန(နိုင်)၀၅၂၈၂၉တို့က သားသမီးအရင်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈/က၊ မြေကွက်အမှတ် ၂၈၊ မြေကွက်တည်နေရာအမှတ် ၂၈၊ မြင့်မိုရ်လမ်း၊ (၁၈/က)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ဦးစောမင်းAA-၀၂၄၈၂၉ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးစောမင်း ကွယ်လွန်သဖြင့် ဒေါ်ခင်စန်း ၁၂/ဒဂန(နိုင်)၀၀၈၉၉၁က တစ်ဦးတည်းသော တရားဝင်ဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဒေါ်ခင်စန်း၏ GP၄၃၅၇/၁၃-၂-၂၀၁၄ရသူ ဒေါ်မိုးမြင့်မွန် ၁၁/ဂမန(နိုင်)၀၀၀၇၂၉က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၃/က၊ မြေကွက်အမှတ် ၃၃၊ မြေကွက်တည်နေရာအမှတ် ၃၃၊ (၁၁)လမ်း၊ (၁၃/က)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးကျော်ခိုင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးကျော်ခိုင် ကွယ်လွန်သဖြင့် ဒေါ်ခင်မြင့် ၁၂/ဥကတ(နိုင်)၁၀၀၇၉၉က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာ အမှတ် ၅၁၃၆(၂၀-၂-၁၄)ဖြင့် GP အိအိထွေး(၇/ တငန(နိုင်)၀၀၂၅၇၃မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၃၉၆၇(၁၄-၃-၁၄)ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ လမ်းကျယ်၊ ၁၃၈လမ်း၊ ၁၁(ရှစ်လွှာ)နေ အီဘူး(ခ) ဦးလှတင် ၁၂/ဒဂတ(နိုင်) ၀၁၇၈၃၀၊ ဒေါ်ဘေးဘီ(ခ)ဒေါ်သန်းမြင့် ၁၂/ဒဂတ(နိုင်)၀၂၁၀၉၄တို့၏သားဖြစ်သူ အာမက်(ခ)မောင်မျိုးမင်းဦးသည် မိဘတို့၏ ဆိုဆုံးမစကားကို နားမထောင်ဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

အီဘူး(ခ)ဦးလှတင်
ဒေါ်ဘေးဘီ(ခ)ဒေါ်သန်းမြင့်

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ကျော်ငြာ

သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်
ကြို့ပင်ကောက်
သဘာပတိအဖွဲ့ဝင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အသက်(၈၅)နှစ်

ကြို့ပင်ကောက်မြို့နေ (ဦးပု-ဒေါ်အမာ)တို့၏သား၊ ဥက္ကံမြို့နေ ဒေါ်တင်တင်မြင့်၏အစ်ကို၊ ရန်ကုန်မြို့၊ အမှတ် ၁၀၊ တပင်ရွှေထီးလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်နေ(ဒေါ်ခင်သူဇာထွန်း)၊ ဒေါ်ခေ့ဆွေထွန်း၊ ဒေါ်ခင်ယဉ်ယဉ်ထွန်း(မဟာ)တို့၏ဖခင်ကြီးသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အထူးကြပ်မတ်ကုသဆောင်၌ ၂၁-၄-၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၆း၁၀နာရီတွင် လူကြီးလောကမြင့်ကို ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း၊ ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ် ၁၀၊ တပင်ရွှေထီးလမ်း၊ အနောက်ရန်ကင်းမှကားများ အသုဘသို့ ၁၂နာရီတွင်ထွက်ခွာပါမည်။ ပြည်လမ်း၊ ယုဒသာခန်းမနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုရုံး(ရွှေဂုံတိုင်)တို့မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

သတင်းစာဆရာကြီး၊ စာရေးဆရာကြီး
ဟံသာဝတီ ဦးဝင်းတင် အသက်(၈၅)နှစ်
အယ်ဒီတာချုပ်ဟောင်း၊ ဟံသာဝတီသတင်းစာတိုက်၊ မန္တလေးမြို့
သဘာပတိအဖွဲ့ဝင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နေ (ဦးပု-ဒေါ်အမာ)တို့၏သားကြီး၊ ရန်ကုန်မြို့နေ ဗိုလ်ကြီးမျိုးကျော်(ငြိမ်း) နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်) မော်ကွန်းဝင်(ပထမဆင့်)-(ဒေါ်လှတင့်)၊ (ဦးအုန်းကျော်)-ဒေါ်ခင်ခန်း၊ ဦးတင့်ဝေ-ဒေါ်မေနု၊ [ဦးအုန်းကျော်၊ ဒုဥ္စန်ကြားရေးမှူး၊ စစစ(ငြိမ်း)]-ဒေါ်တင်တင်၊ [ဦးကြည်ညွန့်၊ (ချစ်ကြည်ရေးကြည်ညွှန့်) (အယ်ဒီတာချုပ်၊ မြန်မာ့အလင်းသတင်းစာ၊ ငြိမ်း)]-ဒေါ်ခင်ခင်တို့၏ဘကြီး၊ (ဦးမြင့်သိန်း) စခန်းမှူး(ငြိမ်း)-ဒေါ်တင်တင်မြင့်(အမက-၂၊ လမ်းမတော်၊ ငြိမ်း)၊ ဦးမျိုးဦး-ဒေါ်ကတ္တဝေလေ့ယ်၊ ဦးကျော်မြင့်-ဒေါ်ခင်မျိုးကြည်၊ ဒေါ်ခင်မျိုးအေး၊ ဦးမျိုးအောင်-ဒေါ်သီတာစမ်း၊ ဦးတင်မောင်အေး-ဒေါ်ခင်မျိုးအေး (အမက-၆၊ ရန်ကင်း)၊ ဒေါ်သီတာဦး (အထက-၂၊ ရန်ကင်း)၊ ဦးကျော်စော-ဒေါ်ကေသီ၊ ဦးကျော်တင့်ဦး-ဒေါ်စန္ဒာအေး၊ ဦးဝင်းကျော်-ဒေါ်နှင်းသီတာကျော်၊ ဦးအောင်ကျော်လင်း-ဒေါ်ကြည်ကြည်မြင့်၊ ဦးကျော်မင်းဦး-ဒေါ်နီလာဦးတို့၏အစ်ကိုကြီး၊ ဦးကိုကိုဦး-ဒေါ်အေးအေးသက်၊ မထွန်းပပအောင်၊ မသူသူထက်၊ မအေးသူအောင်တို့၏ဘဘကြီးသည် ၂၁-၄-၂၀၁၄ရက် နံနက် ၆း၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၄ရက် ညနေ ၅နာရီတွင် ရေဝေးအေးဝေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သဘာပတိအဖွဲ့ဝင် ဦးဝင်းတင်(အသက် ၈၅နှစ်)သည် ၂၁-၄-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၆း၁၀နာရီတွင် ကွယ်လွန်သွားခဲ့ပါသည်။ သဘာပတိ ဦးဝင်းတင်သည် မြန်မာ့သတင်းစာနှင့် စာနယ်ဇင်းလောကအတွင်း ဘဝကို နှစ်ပေါင်းများစွာနှစ်မြှုပ်ခဲ့သူဖြစ်ပြီး ညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအရေးများတွင်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်အတူ ရှေ့တန်းမှ ရဲရင့်ပြောင်မြောက်စွာ ပါဝင်ခဲ့သူဖြစ်ပါသည်။

သဘာပတိ ပြည်သူ့သတင်းစာ ဆရာကြီး ဦးဝင်းတင် ကွယ်လွန်ခြင်းသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွက်လည်းကောင်း၊ ဒီမိုကရေစီအင်အားစုအားလုံးအတွက်လည်းကောင်း၊ သတင်းစာနှင့် စာနယ်ဇင်းလောကအတွက်လည်းကောင်း တန်ဖိုးမဖြတ်နိုင်သော ဆုံးရှုံးမှုကြီးဖြစ်ပါသည်။ နိုင်ငံရေးစာပေခေါင်းဆောင် သဘာပတိ ဦးဝင်းတင်ကွယ်လွန်ခြင်းအတွက် အတိုင်းမသိဝမ်းနည်းရပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

အထူးဝမ်းနည်းကြေကွဲခြင်း
သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင်

ပြည်သူ့သက်တော်သား၊
ယုံကြည်ချက်ပြတ်သားသူ၊
တရားမျှတမှုအတွက် ထာဝရရဲရင့်ခဲ့သူ၊
သတင်းစာဆရာကြီး (ဟံသာဝတီ ဦးဝင်းတင်)
အနိစ္စရောက်ခြင်းအတွက်
အစားထိုးရသည့် ဆုံးရှုံးမှုအဖြစ်
ခံစားသိမှတ်ကြရပါကြောင်း။

၈၈ မျိုးဆက် ငြိမ်း/မွင့်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ရီရီ(ခ)ဒေါ်စောရီ(အမေရီ) ရန်ကင်း-အောင်လံ
အသက်(၁၀၅)နှစ်

(ဦးဖေ-ဒေါ်ရွှေထယ်)တို့၏သမီး၊ ရန်ကုန်မြို့၊ တိုက်အမှတ် ၁၀၇၊ အခန်း ၂၊ ရန်ကင်းနေ (ဦးလှဖေ)၏ဇနီး၊ ရန်ကုန်မြို့၊ အမှတ် ၃၅-A၊ ရွှေတောင်ကုန်းရိပ်သာ၊ ဗဟန်းနေ (ဒေါက်တာဦးချစ်ချစ်)-ဒေါ်မြင့်မြင့်အေး၊ အောင်လံမြို့၊ အမှတ် ၁၅၊ ဧလမ်း၊ ကန့်ကြီးရပ်နေ ဒေါ်သန်းသန်း-ဒေါ်တင်အေးတို့၏အဒေါ်၊ မြေးသုံးယောက်၊ မြစ်ရှစ်ယောက်၊ တီတစ်ယောက်တို့၏အဘွားသည် ၂၁-၄-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၀၀း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၄ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် အထက်ပါ အောင်လံမြို့နေအိမ်မှ မြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး အရိုးပြာကို ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်တင်ရွှေ (ဝါးခယ်မ)
အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ၅လမ်း၊ အမှတ် ၃၁/၈နေ (ဦးစံမြ)၏ဇနီး၊ ဦးမြင့်ဆွေ-ဒေါ်မြင့်မြင့်စိုး၊ ဦးသက်မိုး-ဒေါ်လှမြင့်၊ (ဦးမောင်မောင်ဦး-ဒေါ်ခင်ရွှဲ)၊ ဦးဝင်းတင့်-ဒေါ်စန်းမူ၊ ဦးဆန်နီ-ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်တင်စန်း (ဦးစန်းလွင်ဦး)-ဒေါ်ဒေဝ၊ ဦးအောင်ဇော်မိုး-ဒေါ်စိုးစိုးသိန်း၊ ဦးအောင်မော်စိုး-ဒေါ်သန်းသန်းနိုင်တို့၏မိခင်၊ မြေး ၂၂ယောက်၊ မြစ် ၂၃ယောက်တို့၏အဘွားကြီးသည် ၂၁-၄-၂၀၁၄ရက် မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်အေးသန့်(ကျိုက္ကမီ-မော်လမြိုင်) အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၅)ရပ်ကွက်၊ Tosta အိမ်ရာ၊ တိုက် A2၊ အခန်း ၂၀၁နေ(ဦးအုန်းကျင်-ဒေါ်ငွေအောင်)တို့၏သမီး၊ (ဦးလှရွှေ-ဒေါ်ဖွားမေ)တို့၏ချွေးမ၊ (ဦးကြည်လိမ်)၏ဇနီး၊ မဂင်စုံ၊ (ဦးအောင်နိုင်)-ဒေါ်စိန်စိန်၊ ဦးသန့်ဟန်း-ဒေါ်ကြည်ကြည်၊ ဦးသန်ဇင်-ဒေါ်တင်ဆိုင်၊ ဦးသန့်နိုင်၊ ဦးသက်နိုင်-ဒေါ်ချိုချိုလွင်တို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ် ၁၃ယောက်တို့၏ အဘွားသည် ၂၁-၄-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ကျိုက္ကသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သိန်းရီ(ညောင်တုန်း) (အမက-၆၊ လမ်းမတော်၊ ငြိမ်း)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ မြခွာညို(ယုဇန)အိမ်ရာ၊ တိုက်အမှတ် ၆၊ အခန်း ၄၊ ရေတာ ၁လမ်းနေ (ဦးကြင်ယုံ)၏ဇနီး၊ (ကိုမြင့်သိန်း)-မမာမာချို၊ ကိုဝဏ္ဏ(ရွှေဗုဒ္ဓ) - မအေးအေးချို၊ မစိုးစိုးချို၊ ကိုထွန်းထွန်း-ဒေသနွယ်ချို(မန်းစည်ပင်)၊ ကိုသိန်းထူး(ဓာတ္တ-S'pore)-မကြည်ကြည်ထွေးတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၁၉-၄-၂၀၁၄ရက် (စနေနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအေးဝေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယကာကြီး
ဗိုလ်မှူးစိန်ဝင်း (ငြိမ်း)
O.T.S - 34 ကြည်း-၁၀၅၅၆
အသက်(၇၄)နှစ်

